မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၇၉ ခုနှစ်၊ တော်သလင်းလကွယ်နေ့ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၅၂)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ပြန်လည်ရောက်ရှိ

စာ-၃

လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေမယ့်ဆောင်ရွက်ချက်တွေအားလုံးကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာဖြစ်

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာကြိုးပမ်းအားထုတ်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်- (အလွတ်သဘောဘာသာပြန်ဆိုချက် ဖြစ်ပါသည်။)

ယမန်နှစ်က ရွေးကောက်တင်မြှောက်ပြီးခါစ မြန်မာနိုင်ငံအစိုးရသစ်ရဲ့ကိုယ်စားလှယ်အနေနဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ မိန့်ခွန်းပြောကြားခဲ့တုန်းက ကျွန်မတို့အစိုးရအနေနဲ့ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါ ရည်ရွယ်ချက်တွေနဲ့ အခြေခံမူတွေအပေါ်မှာထားရှိတဲ့ ယုံကြည်မှုတွေကို ထပ်လောင်းအတည်ပြုပြောကြားခဲ့ပါတယ်။

နိုင်ငံများအနေနဲ့ ပိုမိုငြိမ်းချမ်းပြီး ကြွယ်ဝတဲ့ ကမ္ဘာ၊ လူသားများအားလုံးအတွက် ပိုမိုကြင်နာ မေတ္တာထားသောနေရာ တစ်နေရာအဖြစ် ဝိုင်းဝန်းတည်ထောင်နေတဲ့ ယုံကြည်ချက်နဲ့ ကျွန်မတို့ နိုင်ငံမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေနဲ့၊ ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်အောင် ကြိုးပမ်းချက်များကို နိုင်ငံတကာ အသိုင်းအဝိုင်းကို မျှဝေလိုပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ❀

KBZ BANK
STRENGTH OF MYANMAR
BEST DOMESTIC BANK FOR MYANMAR
Awarded by ASIAN MONEY 2017

မြန်မာ့အလင်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဒဿနအမြင်မိန့်ခွန်း

သဘောထားအမြင်တို့ကွဲလွဲမှု ပြင်းထန်နေသောအချိန်၌ သဘောထားမတူသည့်အင်အားစုတို့အပေါ် အပြစ်တင်ခြင်းကို ရှောင်ရှားလျက် မိမိ၏သဘောထားအမြင်ကို အပြစ်ကင်းစွာတင်ပြပြောဆိုရေးသည် လွယ်ကူသော ကိစ္စရပ်မဟုတ်ပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတကာသံတမန်တို့အား ပြောကြားသောမိန့်ခွန်းသည် ဤမလွယ်ကူသောကိစ္စရပ်ကို အောင်မြင်စွာ ပုံဖော်တင်ပြနိုင်ခဲ့သော မိန့်ခွန်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "စွပ်စွဲချက်တို့ရှိနေသကဲ့သို့ တုံ့ပြန်စွပ်စွဲချက်တို့လည်း ရှိနေသည်ဖြစ်၍ စွပ်စွဲချက်အားလုံးကို ကျွန်မတို့ နားထောင်ရန်လိုအပ်ပါသည်။ ကျွန်မတို့က တစ်စုံတစ်ရာဆုံးဖြတ်ဆောင်ရွက်ခြင်းမပြုမီ ဤစွပ်စွဲချက်တို့သည် ခိုင်မာသော အထောက်အထားရှိကြောင်း သေချာစေရမည်ဖြစ်သည်"ဟု ပြောကြားခဲ့ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ တစ်ဖက်သတ်ဆန်သော အပြုအမူတို့ကို ပညာရှိပီသစွာ ထောက်ပြခဲ့ခြင်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ မူဆလင်တို့၏ ၅၀ ရာခိုင်နှုန်းကျော်က မိမိတို့နေထိုင်ရာဒေသ၌ ဆက်လက်နေထိုင်ကြသည်ကို ထောက်ပြလျက် ဒေါ်အောင်ဆန်းစုကြည်က တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်သွားသော မူဆလင်တို့၏ သဘောထားကို သိနားလည်ရန်အရေးကြီးသကဲ့သို့ မိမိတို့နေထိုင်ရာဒေသ၌ ဆက်လက်နေထိုင်ကြသော မူဆလင်တို့၏ သဘောထားလည်း အရေးကြီးသည်ကို မီးမောင်းထိုးတင်ပြခဲ့ပါသည်။ ရခိုင်ပြည်နယ်ရှိ မူဆလင်တို့အနက် ဥပဒေနှင့်ညီညွတ်သော ပုဂ္ဂိုလ်တို့ကို နိုင်ငံသားပြုခွင့်ပေးရေးသည် လူ့အဖွဲ့အစည်းအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်သော ကိစ္စရပ်ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဤအချက်ကို ထောက်ပြလျက် မူဆလင်ကျေးရွာတချို့ရှိ ခေါင်းဆောင်တို့က နိုင်ငံသားပြုရေး လုပ်ငန်းစဉ်၌ ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်နေခြင်းအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းဖျောင်းဖျပေးရန် မေတ္တာရပ်ခံတိုက်တွန်းခဲ့ပါသည်။ အဆိုပါပုဂ္ဂိုလ်တို့က နိုင်ငံသားအခွင့်အရေးပေးအပ်ထားခြင်းအပေါ် အဘယ်ကြောင့် ငြင်းဆန်နေသည်ကို ၎င်းတို့ကိုယ်တိုင် ပြန်လည်သုံးသပ်ရန် နိုင်ငံတကာအသိုင်းအဝိုင်းအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သတိပေးနှိုးဆော်ခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်သွားသော ဒုက္ခသည်တို့ကို အတည်ပြုပြီး သဘောတူညီချက်တို့နှင့်အညီ နှောင့်နှေးခြင်းမရှိ စိစစ်လက်ခံသွားမည်ကို ရှင်းလင်းပြတ်သားစွာ ကတိပြုပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ မျှော်မှန်းချက်တို့နှင့် ပြဿနာတို့အပေါ် စာနာနားလည်မှုရှိသော နိုင်ငံတကာအသိုင်းအဝိုင်းရှိ မိတ်ဆွေနိုင်ငံတို့အနေဖြင့် မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖိတ်ခေါ်ခဲ့ပါသည်။ အဆိုပါ မိတ်ဆွေနိုင်ငံတို့က ဤကဲ့သို့ လက်တွဲဆောင်ရွက်ရာ၌လည်း နည်းလမ်းသစ်၊ ဖြေရှင်းမှုအသစ်တို့ကို ပိုမိုအပြုသဘောဆောင်၊ ပိုမိုတီထွင်ကြံဆမှုရှိရှိ၊ ဖြစ်နိုင်မည်ဆိုပါကလည်း ပိုမိုသတ္တိရှိရှိဆောင်ရွက်ပေးကြပါရန်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မေတ္တာရပ်ခံချက်သည် လေးနက်ကျယ်ပြန့်မှုကို ထင်ဟပ်နေပါသည်။ မတူညီသော သဘောထား အယူအဆတို့ကို ပွင့်လင်းမြင်သာ၍ မျှတသောစိတ်ထားဖြင့် သတ္တိရှိရှိ အပြန်အလှန်ညှိနှိုင်းဆွေးနွေးအဖြေရှာမှသာ မိမိဆန့်ကျင်ဘက်အင်အားစုတို့၏ ကွဲလွဲသော အမြင်ရှုထောင့်တို့ကို နားလည်နိုင်စွမ်းရှိမည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တင်ပြချက်သည် အလေးအနက် နှလုံးသွင်းဆင်ခြင်ရမည့် ကိစ္စရပ်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၉

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်ရှိ မုံရွာမြို့နယ်အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

ထိုင်းရွှေ့လျားသွားဆရာဝန်များအဖွဲ့ တောင်ကြီးမြို့ဝန်းကျင်ရှိ ပြည်သူများအား သွားရောဂါအခမဲ့ကုသပေး

တောင်ကြီး စက်တင်ဘာ ၁၉

ထိုင်းဘုရင့်တော်ဝင်မိသားစု၏ ထောက်ပံ့အားပေးမှုဖြင့် ရန်ကုန်မြို့ ထိုင်းသံရုံးရှိ ထိုင်းနိုင်ငံ နာရဲစွန်တက္ကသိုလ်မှ သွားဆရာဝန်ကျောင်းသားဟောင်းများအသင်းတို့၏ ကူညီထောက်ပံ့မှုအဖြစ် ထိုင်းရွှေ့လျားသွား ဆရာဝန်များအဖွဲ့သည် ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် တောင်ကြီးမြို့အနီးဝန်းကျင်ရှိ မြို့နယ်များမှ ဒေသတွင်းပြည်သူများအား သွားရောဂါအခမဲ့စစ်ဆေးမှုများ၊ ကုသမှုများဖွင့်ပွဲကို စက်တင်ဘာ ၁၉ ရက်က တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ထိုင်းဘုရင်မင်းမြတ်ဘူမိဘော အဒူယာဒက်၏ ထောက်ပံ့အားပေးမှုဖြင့် ၁၉၆၉ ခုနှစ်နောက်ပိုင်းမှ စတင်ကာ ထိုင်းတော်ဝင်သွားဆရာဝန်များအဖွဲ့ကို ဖွဲ့စည်း၍ ယနေ့တိုင် ပြည်သူများ၏ သွားကျန်းမာရေးအတွက် ဆောင်ရွက်ပေးမှုများကိုလည်း ကြားသိရ၍ များစွာဝမ်းမြောက်ကြောင်း၊ ယခုလို ပထမဆုံးအကြိမ် လာရောက်၍ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ သွားရောဂါဆိုင်ရာ လူနာများအား အခမဲ့ကုသပေးခြင်းကို မြန်မာနိုင်ငံပြည်သူများနှင့် လူနာများကိုယ်စား ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံး ဒုတိယသံအမတ်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူတို့က သွားရောဂါကုသသည့် လူနာများအား စမ်းသပ်ကုသမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထိုင်းရွှေ့လျားသွား ဆရာဝန်များအဖွဲ့၏ သွားရောဂါဆိုင်ရာ လူနာများအခမဲ့ကုသပေးခြင်းအစီအစဉ်ကို တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ သွားရောဂါဆိုင်ရာ လူနာများအား နေ့စဉ်လူနာ ၄၀၀ ခန့်ဖြင့် လူနာ ၁၂၀၀ခန့်အား အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ်(နည်းပြ)သင်တန်းဖွင့်

ထားဝယ် စက်တင်ဘာ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ်(နည်းပြ) သင်တန်း(၁/၂၀၁၇) ကို ထားဝယ်မြို့ ကွန်ပျူတာတက္ကသိုလ်ခန်းမ၌ စက်တင်ဘာ ၁၈ ရက်က ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးလူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းအရင်းကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးက သင်တန်းတွင်လိုအပ်သော သင်ထောက်ကူပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖိုးရွှေသွန်း-ထားဝယ်

နေပြည်တော် ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်ဆွေ၊ ကျန်းမာရေးမှူး ဦးကျော်မင်းနှင့်အဖွဲ့က ပြည်စံအောင်ဈေးအတွင်းရှိ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါး၊ စပ်ဆေး၊ စံမညီဆေးဝါး၊ ဆေးဝါးတုများ ရောင်းချခြင်းရှိ၊ မရှိကို စက်တင်ဘာလဒုတိယပတ်က စစ်ဆေးခဲ့စဉ်

ဟိန်းထက်ဇော်(မြန်မာ့အလင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၉-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၈၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၂၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၇၅၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၉၀/၇၁၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၇၀၀/၇၂၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၄၅/၇၆၀ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၇၁၀/၇၃၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၄ . ၀
ဥရောပ	တစ်ယူရို	၁၆၁၇ . ၆
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၅ . ၈
ထိုင်းဘတ်	တစ်ဘတ်	၄၀ . ၉
အိန္ဒိယ	တစ်ရူပီး	၂၁ . ၁
တရုတ်	တစ်ယွမ်	၂၀၆ . ၆၄
မလေးရှား	တစ်ရင်းဂစ်	၃၂၃ . ၂

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်းမှူး	-	မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဆွေ၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် စက်တင်ဘာ ၈ ရက်တွင် လိုအပ်သည့် ကျန်းမာရေးဆေးစစ်မှုများ ခံယူရန်အတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်ခဲ့သည်။

ပြန်လည်ရောက်ရှိ

ယင်းသို့ ဆေးစစ်ခံယူမှုများ ပြုလုပ်ခဲ့ရာ၌ အူလမ်းကြောင်းတွင် (Colonic Polyp) တွေ့ရှိ၍ စက်တင်ဘာ ၁၀ ရက်တွင် လိုအပ်သည့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ခဲ့ရာ ခွဲစိတ်ကုသမှု အောင်မြင်ခဲ့ပြီး ဆေးကုသမှုခံယူပြီးနောက် ယနေ့ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

(သတင်းစဉ်)

ပြန်လည်ရောက်ရှိ

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗန်ကောက်မြို့၌ ဆေးကုသမှုခံယူပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိစဉ် (သတင်းစဉ်)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

နယူးယောက် စက်တင်ဘာ ၁၉

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး မြန်မာအမြဲတမ်းကိုယ်စားလှယ်၏နေအိမ်၌ ကိုယ်စားလှယ်အဖွဲ့ရုံးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်ပြီး အမှာစကားပြောကြားကာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းနှင့် ကိုယ်စားလှယ်အဖွဲ့ရုံးဝန်ထမ်းများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့အား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းက ၎င်း၏နေအိမ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် (သတင်းစဉ်)

လွှတ်တော်နှင့် ICRC ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၉

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် International Committee of the Red Cross (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Farbrizzio Carboni နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ICRC ၏ ဆောင်ရွက်မှုလုပ်ငန်းများ၊ လွှတ်တော်နှင့် ICRC ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Farbrizzio Carboni တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

မြစ်သာမြစ်နှင့် ဝန်မြစ် ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၉

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ မြစ်သာမြစ်ရေသည် ပြင်သာ(ကလေးမြို့နယ်)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မြစ်သာမြစ်ရှိ ပြင်သာ(ကလေးမြို့နယ်)နှင့် ဝန်မြစ်ရှိ ငါးသိုင်းချောင်းမြို့အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

ဆိုလာမီးလင်းရေးဖွင့်ပွဲကျင်းပ

သံတွဲ စက်တင်ဘာ ၁၉

တောင်ကုတ်မြို့နယ်၌ NEP စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျေးလက်မီးလင်းရေးဖွင့်ပွဲကို ယမန်နေ့ နံနက်က တောင်ကုတ်မြို့နယ် ကြိုးကြာကွင်းကျေးရွာအုပ်စု စလူကျေးရွာတွင်ဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးလှကြည်နှင့် Earth Co., Ltd. မှတာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ NEP ဆိုလာမီးလင်းရေးစီမံကိန်းကို တောင်ကုတ်မြို့နယ်တစ်ခုလုံးရှိ ၁၆ ရွာအတွက် ၈၅၉ ယူနစ်ကို ပြည်သူနှင့် ပူးပေါင်းတပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကြိုးပမ်းမှုများနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြား

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားသည့် အခမ်းအနား (Speech by the State Counsellor on Government's efforts with regard to National Reconciliation and Peace) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပသည်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် မိန့်ခွန်းကို စာမျက်နှာ-ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Patrick Murphy ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါမိန့်ခွန်းပြောကြားမှုကို MRTV,MITV မြန်မာ့အသံနှင့် FM ရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Patrick Murphy အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး **Mr. Patrick Murphy** အား လက်ခံတွေ့ဆုံစဉ်

ICRC အနေဖြင့် မြန်မာနိုင်ငံအတွင်းဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းစဉ်များဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ICRC (International Committee of the Red Cross) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Fabrizzio Carboni အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ICRCအနေဖြင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းစဉ်များ၊ ပညာပေးအစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်ပသင်တန်းများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Fabrizzio Carboni တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

မုန်းတီးမှုနဲ့ ကြောက်ရွံ့မှုတွေကို ဖယ်ရှားနိုင်မှသာ စစ်ပွဲတွေ၊ ပဋိပက္ခတွေကို အဆုံးသတ်နိုင်မှာဖြစ်

နိုင်ငံတော်အစိုးရ၏အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

❀ *ရွှေဖုံးမှ*

ဒီနှစ်မှာတော့ ကျွန်မအနေနဲ့ အထွေထွေညီလာခံတက်ရောက်ဖို့ နယူးယောက်မြို့ကို သွားရောက်နိုင်ခြင်းမရှိတဲ့အတွက် ယခုလိုသံတမန်တွေကို ရှင်းလင်းပြောကြားမှု တစ်ရပ် ပြုလုပ်ဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

ကျွန်မတို့ပြည်သူတွေဟာ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးချယ်တင်မြှောက်ခဲ့ချိန်မှာ ကျွန်မတို့ကို တာဝန်သုံးရပ်ယုံယုံကြည်ကြည်နဲ့ အပ်နှင်းခဲ့ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး၊ ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးတို့ပဲ ဖြစ်ပါတယ်။ အဲဒီစိန်ခေါ်မှု သုံးရပ်စလုံးဟာ လွယ်ကူတဲ့ တာဝန်တွေမဟုတ်သလို ရိုးရှင်းတဲ့ စိန်ခေါ်မှုတွေလည်းမဟုတ်ပါဘူး။

ရင့်ကျက်ဖို့လိုသေး

ကျွန်မတို့အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုတာဟာ ရာစုနှစ် တစ်ဝက်လောက် အာဏာရှင်စနစ်အောက်မှာ ရှိနေတဲ့အခြေအနေကနေ ဒီမိုကရေစီကို ကူးပြောင်းရတာဖြစ်ပါတယ်။ အခုအချိန်မှာ ကျွန်မတို့ ပြုစုပျိုးထောင်နေတဲ့ ဒီမိုကရေစီစနစ်ဟာ ဖွံ့ဖြိုးခါစ ရင့်ကျက်ဖို့လိုသေးတဲ့ မပြည့်စုံသေးတဲ့အနေအထားပဲ ဖြစ်ပါ တယ်။

ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးဆိုတာ ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးတဲ့အချိန် ၁၉၄၈ ခုနှစ်ကစပြီး ပေါ်ပေါက်လာခဲ့တဲ့၊ နှစ်ပေါင်း ၇၀ ပြည်တွင်းပဋိပက္ခတွေ ချုပ်ငြိမ်းအောင် ကြိုးစားနေရတဲ့ကိစ္စပဲ ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုဆိုတာဟာ အခုပြောကြားခဲ့တဲ့အချက်နှစ်ချက်အပေါ်မူတည်ပြီးမှ ရရှိအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီ တန်ဖိုးတွေကို ပြုစုပျိုးထောင်နိုင်မယ်၊ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းထားနိုင်မယ်ဆိုမှသာ ကျွန်မတို့ပြည်သူအားလုံး တန်းတူညီမျှ ရရှိခံစားနိုင်မယ့်၊ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိနိုင်မှာဖြစ်ပါတယ်။

အားလုံးသိရှိထားပြီး ဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံဟာ ရှုပ်ထွေးနက်နဲလှတဲ့ နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီရှုပ်ထွေးနက်နဲမှုတွေနဲ့အတူ ဒီစိန်ခေါ်မှုတွေကို ကျွန်မတို့အစိုးရအနေနဲ့ အချိန်တိုတိုအတွင်းမှာ ချက်ချင်းဖြေရှင်းနိုင်မယ်လို့ ထင်မြင်ယူဆထားတဲ့ ပြည်သူတွေရဲ့ မျှော်လင့်ထားမှုတွေကလည်း ရှိနေပြန်ပါတယ်။

စိန်ခေါ်မှုတွေကို ကျော်လွှား

ကျွန်မအနေနဲ့ သတိပြုစေချင်တာက ဒီကနေ့ ကျွန်မတို့အစိုးရရဲ့သက်တမ်းဟာ ဆယ့်ရှစ်လတောင် မပြည့်တတ်သေးဘူး ဆိုတာကိုပါပဲ။ ဆယ့်ရှစ်လကာလဟာလည်း ဒီလကုန်တော့မှ ပြည့်မြောက်မှာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ အများမျှော်လင့်ထားတဲ့အရာတွေအားလုံးကို ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ဖို့၊ အခက်အခဲတွေအားလုံးကို ကျော်လွှားသွားနိုင်ဖို့ ဆယ့်ရှစ်လဆိုတဲ့ အချိန်ကာလဟာ အလွန်တိုတောင်းတဲ့ကာလ ဖြစ်ပါတယ်။ ဒီလိုပြောတာဟာ ကျွန်မတို့အနေနဲ့ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ အပ်နှင်းထားတဲ့ တာဝန်တွေကို ထမ်းဆောင်ဖို့ အဆင်သင့်မဖြစ်သေးဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာအသိုက်အဝန်းကို ကျွန်မအနေနဲ့ ယုံကြည်ထားလို့ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့မိတ်ဆွေနိုင်ငံတွေ၊ ကျွန်မတို့ရဲ့ကောင်းကျိုးကိုလိုလားတဲ့ နိုင်ငံတွေ၊ ကျွန်မတို့ရဲ့အခက်အခဲတွေကိုနားလည်နိုင်တဲ့နိုင်ငံတွေ၊ ကျွန်မတို့အပေါ်မှာ ကရုဏာတရားထားရှိကြတဲ့ နိုင်ငံတွေကို ဒီကနေ့ ကျွန်မတို့အနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတွေ ကြိုးပမ်းဆောင်ရွက်ထားတယ်ဆိုတာကို မျှဝေအသိပေး ပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ်အခြေအနေနဲ့ပတ်သက်ပြီး ကမ္ဘာကြီးတစ်ခုလုံးက အလေးထားအာရုံစိုက်နေကြတယ်ဆိုတာကို ကျွန်မအနေနဲ့ ကောင်းစွာသိရှိ နားလည်ပါတယ်။ ပြီးခဲ့တဲ့နှစ် အထွေထွေညီလာခံမှာ ကျွန်မ ပြောကြားခဲ့သလိုပါပဲ၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံတွေကြားမှာ တာဝန်သိတဲ့နိုင်ငံတစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံဟာ နိုင်ငံတကာရဲ့ ဝေဖန်ထောက်ပြမှုတွေကို တုန်လှုပ်နေမှာ မဟုတ်ပါဘူး။ ဒါ့အပြင် ကျွန်မတို့ဟာ ကျွန်မတို့နိုင်ငံအတွင်းမှာရှိတဲ့ လူ့အသိုက်အဝန်းအားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးနိုင်မယ့် ရေရှည်တည်တံ့တဲ့ ဖြေရှင်းချက်တစ်ရပ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင် ဆောင်ရွက်သွားမယ့် ကျွန်မတို့အစီအစဉ်တွေကို ရှင်းလင်းတင်ပြဖို့ ယမန်နှစ်က ကုလသမဂ္ဂ အထွေထွေညီလာခံကို သွားရောက်ခဲ့တာ ဖြစ်ပါတယ်။

ထွက်ပြေးစွန့်ခွာကြ

စိတ်မချမ်းမြေ့စရာကတော့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ ကျွန်မ မိန့်ခွန်းပြောကြားပြီး ဆယ့်ရှစ်ရက်အကြာ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ ရဲတပ်ဖွဲ့ကင်းစခန်းသုံးခုကို မွတ်စလင် လက်နက်ကိုင်တွေက တိုက်ခိုက်ခဲ့ကြပါတယ်။ အောက်တိုဘာ ၁၁ ရက်နေ့နဲ့ နိုဝင်ဘာလ ၁၂ ရက်နေ့တွေမှာလည်း နောက်ထပ်တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့ရပါတယ်။ ဒီတိုက်ခိုက်မှုတွေကြောင့် အသက်တွေ ဆုံးရှုံးခဲ့ရတယ်။ လူတွေ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြရတယ်။ ကျေးရွာတွေ မီးလောင်ခဲ့ရတယ်။ အဲဒီဒေသမှာရှိနေတဲ့လူတွေ ထွက်ပြေးစွန့်ခွာကြရပါတယ်။ မွတ်စလင်အတော်များများဟာ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်ကို ထွက်ပြေးသွားခဲ့ကြရပါတယ်။

မတားဆီးနိုင်ခဲ့

အဲဒီအချိန်ကစပြီး နိုင်ငံတော်အစိုးရအနေနဲ့ အဲ့ဒီဒေသမှာ ငြိမ်းချမ်းတည်ငြိမ်မှုတွေ ပြန်လည်တည်ဆောက်နိုင်အောင်၊ မွတ်စလင်နဲ့ ရခိုင် အသိုက်အဝန်းနှစ်ခုအကြား သဟဇာတဖြစ်မှု မြှင့်တင်နိုင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ရပါတယ်။ ဒီလိုတိုက်ခိုက်မှုတွေ မဖြစ်ပွားခင်အချိန်ကတည်းက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတစ်ရပ်ကို ကျွန်မတို့ ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်ရဲ့နှစ်ပရိစ္ဆေဒများစွာ ရှည်ကြာခဲ့ပြီဖြစ်တဲ့ ပြဿနာတွေကို ဖြေရှင်းရာမှာ အထောက်အကူပြုနိုင်မယ့် ကော်မရှင်တစ်ရပ်ကို ဦးဆောင်ပေးဖို့ ဒေါက်တာကိုဖီအာနန်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီလိုမျိုး ကြိုးပမ်းဆောင်ရွက်နေတဲ့ကြားမှာပဲ ပဋိပက္ခတွေ ထပ်ကျော့ ဖြစ်ပေါ်လာတာကို ကျွန်မတို့ မတားဆီးနိုင်ခဲ့ပါဘူး။ ပြီးခဲ့တဲ့ တစ်နှစ်လုံးပါပဲ၊ ကျွန်မတို့ဟာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေး စီမံကိန်းတွေ၊ ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်ရေး မြှင့်တင်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

လပေါင်းများစွာ အခြေအနေတွေတည်ငြိမ်ပြီး ငြိမ်းချမ်းနေတယ်လို့ ထင်ရပြီးတဲ့နောက် ဩဂုတ်လ ၂၅ ရက်နေ့မှာ ရဲစခန်းပေါင်း ၃၀နဲ့ တောင်ဘဇာကျေးရွာမှာ ရှိတဲ့ တပ်ရင်းဌာနချုပ်ကို လက်နက်ကိုင်တွေက ဝင်ရောက်တိုက်ခိုက်ခဲ့ကြပါတယ်။ ဒီတိုက်ခိုက်မှုကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ARSA နဲ့ အပေါင်းအပါတွေကို အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (၁) အရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့ပါတယ်။

အကြမ်းဖက်တွေအားလုံး ရှုတ်ချ

ရခိုင်ပြည်နယ်အခြေအနေနဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းမှာ စိုးရိမ်ပူပန်မှုတွေ အများကြီးရှိနေပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ပြစ်တင်ဝေဖန်မှုတွေကို လျော့ပါးစေဖို့၊ တာဝန်ဝတ္တရားတွေကို ရှောင်လွှဲဖို့ ကြိုးစားတာ မဟုတ်ပါဘူး။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ ဥပဒေနဲ့ ဆန့်ကျင်တဲ့ အကြမ်းဖက်တွေအားလုံးကို ကျွန်မတို့အနေနဲ့ ရှုတ်ချပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံး ပြန်လည်ငြိမ်းချမ်းဖို့၊ ပြန်လည်တည်ငြိမ်ဖို့၊ တရားဥပဒေပြန်လည်စိုးမိုးဖို့ သန္နိဋ္ဌာန်ချမှတ်ထားတဲ့အတိုင်း ကျွန်မတို့ ဆောင်ရွက်နေပါတယ်။

ရခိုင်ပြည်နယ်အခြေအနေနဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းမှာ စိုးရိမ်ပူပန်မှုတွေ အများကြီး ရှိနေပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ပြစ်တင်ဝေဖန်မှုတွေကို လျော့ပါးစေဖို့၊ တာဝန်ဝတ္တရားတွေကို ရှောင်လွှဲဖို့ ကြိုးစားတာ မဟုတ်ပါဘူး။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ ဥပဒေနဲ့ ဆန့်ကျင်တဲ့ အကြမ်းဖက်တွေအားလုံးကို ကျွန်မတို့အနေနဲ့ ရှုတ်ချပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံး ပြန်လည်ငြိမ်းချမ်းဖို့၊ ပြန်လည်တည်ငြိမ်ဖို့၊ တရားဥပဒေပြန်လည် စိုးမိုးဖို့ သန္နိဋ္ဌာန်ချမှတ်ထားတဲ့အတိုင်း ကျွန်မတို့ ဆောင်ရွက်နေပါတယ်။

လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ဖို့၊ ဘေးထွက်ဆိုးကျိုးတွေ မဖြစ်စေဖို့၊ အပြစ်မဲ့ပြည်သူတွေ ထိခိုက်မှုမရှိစေဖို့၊ စစ်ဆင်ရေးတွေ ဆောင်ရွက်ရာမှာ ကျင့်ဝတ်တွေကို တိတိကျကျ လိုက်နာဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေမယ့်ဆောင်ရွက်ချက်တွေအားလုံးကို တရားဥပဒေအရ တိတိကျကျအရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီပဋိပက္ခကြားထဲမှာ ရောက်ရှိနေပြီး ထိခိုက်ခံစားနေရသူ အားလုံးအတွက် ကျွန်မတို့ အထူးပဲစိတ်မကောင်းဖြစ်ရပါတယ်။ နေအိမ်တွေကို စွန့်ခွာတိမ်းရှောင်နေရသူတွေ အများကြီးရှိပါတယ်။ မွတ်စလင်နဲ့ ရခိုင်တိုင်းရင်းသားတွေတင်မက သူတို့တွေရှိနေတယ်ဆိုတာ ကမ္ဘာကြီးက လုံးဝမသိရှိကြသေးတဲ့ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီးတွေလို လူမျိုးစုငယ်လေးတွေ၊ ဟိန္ဒူဘာသာဝင်တွေဟာလည်း နေအိမ်တွေကို စွန့်ခွာတိမ်းရှောင်နေကြရတာ ဖြစ်ပါတယ်။

ထုတ်ပြန်အသိပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့ဟာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ကစပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေဖြန့်ဝေပေးခဲ့ပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်မှု အသေးစိတ်ကို ကျွန်မတို့ သံတမန်တွေ သိရှိအောင် ထုတ်ပြန်အသိပေးသွားမှာ ဖြစ်ပါတယ်။

အမြန်ဆုံး အကောင်အထည်ဖော်

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့အပြီးသတ် အစီရင်ခံစာကို ဩဂုတ်လ ၂၄ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒီအစီရင်ခံစာ ထုတ်ပြန်ခဲ့ပြီး နောက်တစ်နေ့မှာပဲ တိုက်ခိုက်မှုတွေ စတင်ပြီး ပေါ်ပေါက်လာခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ ကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်သွားဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်၊ အချိန်တိုတိုအတွင်း တိုးတက်ကောင်းမွန်အောင် အမြန်ဆုံး ဆောင်ရွက်နိုင်မယ့် အကြံပြုချက်တွေကို ဦးစားပေးအကောင်အထည်ဖော်သွားမှာဖြစ်ပြီး ကျန်တဲ့အချိန်ယူဖို့လိုတဲ့ အကြံပြုချက်တွေကို နောက်ပိုင်းမှာ ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ရခိုင်ပြည်နယ်ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အကျိုးဖြစ်ထွန်းစေမယ့် အကြံပြုချက်မှန်သမျှကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လူတွေသိပ်မသိကြ

အစိုးရအနေနဲ့ အခြေအနေတွေကို ပုံမှန်အနေအထားပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ စက်တင်ဘာလ ၅ ရက်နေ့ကစပြီး ထိတွေ့တိုက်ခိုက်မှုတွေနဲ့ နယ်မြေရှင်းလင်းမှုတွေမရှိတော့ပါဘူး။ ဒါပေမယ့်လည်း မွတ်စလင်အများအပြားဟာ နယ်စပ်ကိုဖြတ်ကျော်ပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်ကို ထွက်ပြေးတိမ်းရှောင်နေကြတယ်လို့သိရှိရပါတယ်။ဘာကြောင့် ဒီလိုအစုလိုက်အပြုံလိုက် ထွက်ပြေးနေကြတယ်ဆိုတာကို ကျွန်မတို့ရှာဖွေရမှာ ဖြစ်ပါတယ်။ ထွက်ပြေးသွားသူတွေကို သူတို့ ဘာကြောင့် ထွက်ပြေးကြသလဲဆိုတာ မေးကြည့်ချင်သလို နေရပ်ကို မစွန့်ခွာဘဲ ကျန်ရစ်နေတဲ့သူတွေကိုလည်း ဘာဖြစ်လို့ ဆက်နေကြတာလဲဆိုတာကို မေးမြန်းချင်ပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ မွတ်စလင်အများစုဟာ တစ်ဖက်ကိုထွက်မပြေးဘဲ ကျန်ရှိနေတယ်ဆိုတာကို လူတွေသိပ်မသိကြပါဘူး။ မွတ်စလင်ကျေးရွာတွေရဲ့ငါးဆယ်ရာခိုင်နှုန်းကျော်ဟာ ဘယ်မှ မပြေးဘဲ ရှိနေကြပါသေးတယ်။ ဘာဖြစ်လို့ ဒီလိုမျိုး နေရစ်ခဲ့ကြတယ်ဆိုတာကို ကျွန်မတို့ သိချင်ပါတယ်။

ပြဿနာမဖြစ်အောင် ရှောင်ရှား

ဒီအချက်ဟာ ကျွန်မတို့ ဆက်ပြီး ထည့်သွင်းစဉ်းစားရမယ့်အချက်ပဲ ဖြစ်ပါတယ်။ ပြဿနာဖြစ်နေတဲ့ တစ်နေရာတည်းကို မကြည့်ဘဲ ဘာပြဿနာမှ မဖြစ်ဘဲ ရှိနေကြတဲ့ နေရာတွေကိုလည်း ကြည့်မြင်တတ်ဖို့ လိုပါတယ်။ ကျန်တဲ့နေရာတွေမှာတော့ ဘာဖြစ်လို့ ပြဿနာတွေမဖြစ်အောင် ရှောင်ရှားနိုင်ကြရတာလဲ။ ဒါ့ကြောင့် သံတမန်အသိုင်းအဝိုင်းအနေနဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ အသိုက်အဝန်းတွေနဲ့ သင့်မြတ်စွာ ပေါင်းစည်းနေထိုင်နိုင်ကြတဲ့ မွတ်စလင်တွေကို ကျွန်မတို့နဲ့အတူ လေ့လာကြည့်ဖို့ ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။

မေးမြန်းကြည့်ကြစေလို

ကျွန်မတို့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို စိတ်ဝင်စားတယ်ဆိုရင် ကျွန်မတို့ကို အသိပေးပါ။ ကျွန်မတို့အနေနဲ့ အဲဒီဒေသတွေကို သွားရောက်နိုင်ဖို့ စီစဉ်ပေးမှာ ဖြစ်ပြီး အဲဒီလူတွေကို ကိုယ်တိုင်မျက်မြင် တွေ့ဆုံပြီး အနီးအနားပတ်ဝန်းကျင်မှာ ဖရိုဖရဲ ကစဉ့်ကလျား ထွက်ပြေးနေကြချိန်မှာ သူတို့တွေက ဘာကြောင့်တည်တည်ငြိမ်ငြိမ်နေထိုင်နိုင်သလဲဆိုတာကို မေးမြန်းကြည့်ကြစေလိုပါတယ်။

ကျွန်မတို့ဟာ ပြည်သူတွေရဲ့ စိုးရိမ်ကြောက်ရွံ့မှုတွေ လျော့ပါးသက်သာအောင် ကြိုးပမ်းဆောင်ရွက်နေချိန်မှာ ရခိုင်ပြည်နယ်ရဲ့လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကြိုးပမ်းမှုတွေထဲကမှ အနည်းငယ်ကို ထုတ်နုတ်ပြီး ပြောရမယ်ဆိုရင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး(၂၀၁၇-၂၀၂၁) စီမံကိန်းကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ ပုဂ္ဂလိက-အစိုးရ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကတစ်ဆင့် ဒေသခံပြည်သူအတွက် ရာနဲ့ချီတဲ့ အလုပ်အကိုင်တွေ၊ အခွင့်အလမ်းတွေ ဖန်တီးပေးခဲ့ပြီး ဖြစ်ပါတယ်။ အလုပ်အကိုင်အသစ်တွေ၊ စီးပွားရေးလုပ်ငန်းသစ်တွေ ဖန်တီးပေးနိုင်မယ့် အထူးစီးပွားရေးဇုန်တစ်ခု ဖန်တီးဖော်ဆောင်ဖို့ ဖြစ်နိုင်ခြေဆန်းစစ်မှုတွေ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဘက်မှာ ဆိုရင်လည်း လျှပ်စစ်မီးရရှိစေဖို့ တိုးချဲ့ဆောင်ရွက်ပြီးဖြစ်ပြီး ဖြစ်ပါတယ်။ ယခင်ကလှေနဲ့ပဲ သွားရောက်နိုင်တဲ့ ဝေးလံခေါင်ဖျား ဒေသတွေဆီ ကူးလူးဆက်သွယ်သွားရောက်နိုင်မယ့် အမြန်လမ်းမကြီးအပါအဝင် လမ်းအသစ်တွေ၊ တံတားအသစ်တွေ တည်ဆောက်ထားပြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ နေထိုင်ကြတဲ့ ပြည်သူတွေ အားလုံးအတွက်

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

ဘယ်လိုဖိနှိပ်ခွဲခြားမှုမှမရှိစေဘဲ ပညာသင်ယူခွင့်နဲ့ ကျန်းမာရေးစောင့်ရှောက် ကုသခွင့်တွေ ရရှိနေပြီဖြစ်ပါတယ်။ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် သွားလာရခက်ခဲတဲ့နေရာတွေကိုလည်း ရွေ့လျားဆေးခန်း (mobile clinic) တွေ တည်ထောင်ပေးထားပြီး ဖြစ်ပါတယ်။ အစိုးရအနေနဲ့ ရခိုင်ပြည်နယ်ရှိ စာသင်ကျောင်း ပေါင်း ၃၀၀ ကို အဆင့်မြှင့်တင်ပေးခဲ့ပြီး အသက်မွေးဝမ်းကျောင်း သင်တန်း၊ နည်းပညာသင်တန်းတို့ကိုလည်း စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ မွတ်စလင်ကျောင်းသားတွေကို မည်သည့်ခွဲခြားဖိနှိပ်မှုမျှမရှိဘဲ အဆင့်မြင့်ပညာသင်ကြားခွင့် ရရှိနေပြီဖြစ်ပါတယ်။

လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်

မကြာသေးမီက တိုက်ခိုက်မှုဖြစ်ပွားမှုမတိုင်ခင် ဩဂုတ်လ ၂၅ ရက်က အဆိုပါဒေသရှိ အဖွဲ့အစည်းအားလုံးထံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများလည်း ပဋိပက္ခဖြစ်ပွားရာနေရာ ၉၅ ရာခိုင်နှုန်းအထိ ရောက်ရှိပြီးဖြစ်ပါတယ်။ ဒေသမှာ နေထိုင်နေသူအားလုံးကို စောင့်ရှောက်နိုင်ဖို့ရည်ရွယ်လျက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေး ကြိုးပမ်းအားထုတ်မှုတွေကို ယနေ့ဆောင်ရွက်လျက်ရှိပါတယ်။

ဒီဒေသမှာရှိတဲ့ ပြည်သူများအားလုံးကို စောင့်ရှောက်ရန်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများကို ထပ်မံဆောင်ရွက်လျက်ရှိပါတယ်။ နေရပ်ဒေသစွန့်ခွာသူများနှင့် စပ်လျဉ်းပြီး အိမ်များဆောက်လုပ်ခြင်း အပါအဝင် အခြားလိုအပ်တဲ့ အကူအညီများပေးအပ်ခဲ့ပြီးနောက် စခန်းသုံးခုကို ပိတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲ့ဒီဒေသတွေမှာ ဆောင်ရွက်စရာတွေ အများကြီးရှိနေတယ်ဆိုတာကို သိပါတယ်၊ အဲ့ဒါတွေကိုလည်း ရင်ဆိုင်ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။

နိုင်ငံသားစိစစ်မှုလုပ်ငန်းအတွက် လုပ်ငန်းစီမံချက်ချမှတ်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလုပ်ငန်းစဉ်ဟာ အသိုက်အဝန်းအားလုံးက ပူးပေါင်းဆောင်ရွက်မှုလိုအပ်တဲ့ ကိစ္စဖြစ်ပါတယ်။ အချို့ မွတ်စလင်အသိုက်အဝန်းရဲ့ အကြီးအကဲတွေက ဒီလုပ်ငန်းစဉ်မှာမပါဝင်ဖို့ တိုက်တွန်းပြောကြားတာတွေ ရှိပါတယ်။ ဒါ့ကြောင့် မိတ်ဆွေများအနေနဲ့ သူတို့ကို ဒီလုပ်ငန်းစဉ်မှာ ပါဝင်လာအောင် တိုက်တွန်းပြောကြားစေလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလုပ်ငန်းစဉ်မှာ ပါဝင်လာခြင်းဖြင့် သူတို့မှာဆုံးရှုံးစရာ ဘာမှမရှိလို့ပါပဲ။ ဘာသာပေါင်းစုံအဖွဲ့တွေမှတစ်ဆင့် လူ့အသိုက်အဝန်းတွေအကြား သဟဇာတရှိရှိ နေထိုင်နိုင်ဖို့အတွက် ဆောင်ရွက်မှုများလည်း ပြုလုပ်နေပါ

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားသည့် အခမ်းအနားသို့ သံအမတ်ကြီးများ၊ သံတမန်များ တက်ရောက်စဉ် (သတင်းစဉ်)

တယ်။ ကျောင်းတွေမှာ စိတ်ပိုင်းဆိုင်ရာ၊ ပြည်သူ့ရေးရာနဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ သဟဇာတဖြစ်မှုတို့ကို ပိုမိုနားလည်စေမယ့် သင်ရိုးညွှန်းတမ်းတွေကိုလည်း စတင်သင်ကြားပေးနေပြီ ဖြစ်ပါတယ်။

အလားတူပဲ FM Radio လိုင်းတစ်ခုထားပြီး ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံသားစိစစ်ရေးဆိုင်ရာ အချက်အလက်တွေ ထုတ်လွှင့်ပေးနေပါတယ်။ မြန်မာ၊ ရခိုင်နဲ့ ဘင်္ဂါလီဘာသာစကားတွေနဲ့ ထုတ်လွှင့်နေတာ ဖြစ်ပါတယ်။

ရဲတပ်ဖွဲ့ဝင်များရဲ့အရည်အချင်းနဲ့ အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းတွေကို EU, UN တို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကတည်းက ပြည်တွင်း/ပြည်ပ မီဒီယာများဟာ အဲ့ဒီဒေသတွေမှာ သွားရောက်သတင်းယူမှုများ ပြုလုပ်နေကြပါတယ်။ အရင်က သွားခွင့်မရှိတဲ့နေရာတွေကိုပါ သွားခိုင်းနေပါတယ်။ ဩဂုတ်လ ၂၅ ရက်နေ့ နောက်ပိုင်းမှာလည်း မီဒီယာအဖွဲ့တွေကို အဲဒီဒေသတွေကို သွားလာခွင့်ပြုထားပါတယ်။

တစ်ဖက်မှာလည်း အစိုးရအနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ထိတွေ့မှုများ ဆက်လက်ပြုလုပ်နေပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဒီနှစ် ဇန်နဝါရီလနဲ့ ဇူလိုင်လတို့မှာ စေလွှတ်ခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးအနေနဲ့ မိမိတို့ဆီကို လာရောက်လည်ပတ်ဖို့ရှိသော်လည်း သူ့ဘက်မှာ အခြားကိစ္စတွေ ပေါ်ပေါက်လာတဲ့အတွက် ခရီးစဉ်ကို ခေတ္တရွှေ့ဆိုင်းထားပါတယ်။ သူ့အနေနဲ့ အချိန်မရွေးလာရောက်နိုင်အောင် မိမိတို့က စီစဉ်ထားပါတယ်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အနေနဲ့ နယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ရှိပါတယ်။

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တစ်ခု ထူထောင်ထား

မြန်မာဘက်ကနေ ဘင်္ဂလားဒေ့ရှ်ဘက် ထွက်ပြေးသွားတဲ့ ဒုက္ခသည်တွေကို ပြန်လည်လက်ခံဖို့ တိုက်တွန်းပြောကြားထားတာ ရှိပါတယ်။ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံမှာ အမှန်တကယ်နေထိုင်ခဲ့ကြောင်း စိစစ်မှုလုပ်ငန်းစဉ် (Verification Process) ကို အချိန်မရွေးစတင်နိုင်ဖို့အတွက် ကျွန်မတို့ ပြင်ဆင်ထားပါတယ်။ နှစ်နိုင်ငံအကြားမှာရရှိခဲ့တဲ့ သဘောတူညီချက်တွေကိုမူတည်ပြီး ၁၉၉၃ ခုနှစ်ကတည်းက နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တစ်ခု ထူထောင်ထားပြီး ဖြစ်ပါတယ်။ အဲဒီအပေါ်မူတည်ပြီး မြန်မာနိုင်ငံကို ပြန်လာချင်တဲ့ ဒုက္ခသည်တွေကို လက်ခံဖို့ ကျွန်မတို့ အဆင်သင့်ရှိပါတယ်။ အဲဒီအချိန်က သဘောတူညီထားတဲ့ သတ်မှတ်ချက်များကို တိကျစွာလိုက်နာမှာ ဖြစ်ပါတယ်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြောကြားထားတဲ့အတိုင်း ကျွန်မတို့အနေနဲ့ အဆိုပါအချက်အလက်တွေနဲ့ ကိုက်ညီတဲ့ မြန်မာနိုင်ငံမှ ဒုက္ခသည်လို့ ဆန်းစစ်အတည်ပြုနိုင်တဲ့သူတွေအားလုံးကို ပြန်လည်လက်ခံဖို့ အသင့်ရှိပါတယ်။ လုံခြုံရေးနဲ့ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တွေ လက်ခံရရှိနိုင်ရေးအတွက်လည်း အာမခံပါတယ်။

လူ့အခွင့်အရေးချိုးဖောက်သူများကို အရေးယူ

မိတ်ဆွေတွေအနေနဲ့ ကျေးရွာတွေမှာရှိတဲ့အိမ်တွေ မီးရှို့ဖျက်ဆီးခံရမှုနဲ့ ဒုက္ခသည်များ အလုံးအရင်းနဲ့ ထွက်ပြေးတိမ်းရှောင်နေရတဲ့ သတင်းတွေကြောင့် စိုးရိမ်မှုတွေဖြစ်နေတယ်ဆိုတာကို ကျွန်မ နားလည်ပါတယ်။ ဒါပေမယ့် ကျွန်မပြောခဲ့သလို စက်တင်ဘာ ၅ ရက်နေ့ကတည်းက တိုက်ခိုက်မှုတွေနဲ့ နယ်မြေရှင်းလင်းမှုတွေ မရှိတော့ပါဘူး၊ ကျွန်မတို့အနေနဲ့လည်း တကယ်တမ်း ပြဿနာအရင်းအမြစ်ကို သိချင်ပါတယ်။ အဲဒါတွေနဲ့ပတ်သက်လို့ စွပ်စွဲမှုတွေနဲ့ တန်ပြန်စွပ်စွဲမှုတွေ ရှိနေပါတယ်။ ဒါတွေအားလုံးကို နားထောင်ဖို့လိုပါတယ်။ အရေးယူမှုတွေ မပြုလုပ်ခင် အဲဒီစွပ်စွဲမှုတွေမှာ ခိုင်မာတဲ့အကြောင်းအရာတွေရှိဖို့လိုပါတယ်။ အရေးယူမှုတွေပြုလုပ်တဲ့အခါ ဘာသာ၊ လူမျိုး၊ ရာထူးစတာတွေကို ငဲ့ညှာမှာမဟုတ်ဘဲ ဒီမြေရဲ့ဥပဒေကို ဆန့်ကျင်သူများ၊ လူ့အခွင့်အရေးချိုးဖောက်သူများကို အရေးယူသွားမှာ ဖြစ်ပါတယ်။

လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် ဘယ်တုန်းကမှ သက်ညှာမှုမရှိခဲ့ပါဘူး၊ ကျွန်မတို့အစိုးရဟာ လူ့အခွင့်အရေးကို ကာကွယ်ရေးအတွက် ပေါ်ပေါက်လာတဲ့ အစိုးရအဖွဲ့ဖြစ်ပါတယ်။ အသိုက်အဝန်း တစ်ခုတည်းအတွက်မဟုတ်ဘဲ နိုင်ငံနယ်နိမိတ်အတွင်းမှာ နေထိုင်တဲ့ လူများအားလုံးရဲ့ လူ့အခွင့်အရေးကို ကာကွယ်ပေးဖို့ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာရှိတဲ့ ပြဿနာတွေကို အာရုံစိုက်ဖြေရှင်းနေသလို ကျွန်မတို့အတွက် နိုင်ငံရဲ့အနောက်ပိုင်းမှာရှိတဲ့ ပြဿနာလိုပဲ အရေးကြီးတဲ့ပြဿနာတွေ ရှိနေပါသေးတယ်။

ကျွန်မတို့အနေနဲ့ ပြည်တွင်းပဋိပက္ခတွေ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အဲဒီငြိမ်းချမ်းရေးဟာ ရေရှည်တည်တံ့ပြီး သာတူညီမျှ တစ်ပြေးညီ အကျိုးဖြစ်ထွန်းစေမယ့် ဖွံ့ဖြိုးရေးကို အကျိုးပြုရမှာဖြစ်ပါတယ်။ အဲဒီငြိမ်းချမ်းရေးဆောင်ရွက်မှုမှာ ပါဝင်ဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်လိုပါတယ်။ ကျွန်မတို့နိုင်ငံအနေနဲ့ နှစ်ပေါင်းများစွာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေရှာဖွေဖို့အတွက် ကျွန်မတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်ပါတယ်။

ပြီးခဲ့တဲ့နှစ်က စတင်ဆောင်ရွက်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ဆက်လက်ဆောင်ရွက်နေပါတယ်၊ ဒါပေမယ့် အခက်အခဲတချို့လည်း ရှိနေပါတယ်။ ကျွန်မအနေနဲ့ မအံ့ဩပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာပေါ်မှာရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တွေ့နေကျအချက်တွေပဲ ဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ ရပ်တန့်နေတာ၊ ရှေ့တိုးမရ နောက်ဆုတ်မရဖြစ်နေတာ ၊ တစ်ခါတစ်ရံမှာ အားလုံးတစ်စစီ ပြိုကွဲပျက်စီးသွားတာမျိုးတွေ တွေ့ရမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့တော့ အားလုံးကိုကျော်လွှားနိုင်ပြီး ရှေ့ကို ဆက်လက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အားလုံးဟာ စစ်ကိုမုန်းတီးနေပြီး ငြိမ်းချမ်းမှုကို လိုချင်ကြပါတယ်၊ ကျွန်မတို့ ပဋိပက္ခတွေမလိုလားဘူး။ သဟဇာတရှိရှိနေထိုင်သွားဖို့ကို လိုလားလို့ပဲ ဖြစ်ပါတယ်။ ဒါဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေအားလုံး လိုလားတဲ့ မျှော်မှန်းတဲ့အချက်ပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုရှိရေး၊ သဟဇာတရှိရှိနေထိုင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာဟာ ကြီးကျယ်ခမ်းနားတဲ့အာဂျင်ဒါ မဟုတ်ပေမယ့် လွယ်ကူတဲ့ အရာတော့ မဟုတ်ပါဘူး။

သဟဇာတရှိမှုကိုရရှိနိုင်မယ့်နည်းလမ်းသစ်

ကျွန်မတို့နိုင်ငံရဲ့အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ ရှေ့ဆက်ဆောင်ရွက်ရာမှာ ကျွန်မတို့ရဲ့မိတ်ဆွေများအနေနဲ့ ကျွန်မတို့ကို နားလည်သဘောပေါက်ပြီး ကျွန်မတို့နဲ့ လက်တွဲဆောင်ရွက်ပါလို့ ပြောကြားလိုပါတယ်။ ကျွန်မတို့အတွက် အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုများနဲ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ သဟဇာတရှိမှုကို ရရှိနိုင်မယ့် နည်းလမ်းသစ်တွေကို ရှာဖွေရာမှာပါဝင်ဖို့ တိုက်တွန်းလိုပါတယ်။

တစ်နိုင်ငံလုံးအတွက် စဉ်းစားစေချင်ပါတယ်၊ နေရာဒေသတစ်ခုတည်းကို ကွက်ပြီး စဉ်းစားတာမျိုး မဖြစ်စေချင်ပါဘူး၊ တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်မှသာ တိုးတက်မှုကို ရရှိမှာဖြစ်ပါတယ်။

ကျန်းမာတဲ့လူတစ်ယောက်အနေနဲ့ တင်စားလိုပါတယ်၊ နာမကျန်းဖြစ်တဲ့ နေရာတစ်ခုတည်းကို ကုစားဖို့အတွက် အထွေထွေကျန်းမာရေးအခြေအနေတွေကို လျစ်လျူရှုထားလို့မရပါဘူး။

ကျန်းမာရေးကို တင်စားရတာကတော့ ကျန်းမာရေးကဏ္ဍဟာ ကျွန်မတို့ အစိုးရတာဝန်ယူပြီးတဲ့ အချိန်ကစပြီး ယနေ့အထိ အထူးအောင်မြင်မှုရရှိနေတဲ့ကဏ္ဍ ဖြစ်လို့ပါပဲ၊ လူထုကျန်းမာရေးကို အာရုံစိုက် ဆောင်ရွက်နေရင်းနဲ့ အခြားသော ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်တယ်ဆိုတာကို သိလာရပါတယ်။

ဥပမာအားဖြင့် တစ်နှစ်အတွင်းမှာ အိတ်ချ်အိုင်ဗွီကြောင့် သေဆုံးနှုန်းကို တစ်ဝက်လျှော့ချနိုင်ခဲ့ပါတယ်၊ အဲဒီလိုလျှော့ချနိုင်တာဟာ အိတ်ချ်အိုင်ဗွီရောဂါတစ်ခုတည်းကို အာရုံစိုက်ကုစားလို့မဟုတ်ဘဲ လူထုကျန်းမာရေးတစ်ခုလုံးကို ရှေးရှုဆောင်ရွက်ခဲ့လို့ ဖြစ်ပါတယ်။

အဲဒီဥပမာလိုပါပဲ၊ ကျွန်မတို့နိုင်ငံကို တစ်နိုင်ငံလုံးအနေအထားကို ခြုံငုံစဉ်းစားစေလိုပါတယ်၊ ကျွန်မတို့နိုင်ငံရဲ့ ဒီမိုကရေစီဖြစ်စဉ်ဟာ နုနယ်ပြီး ထိလွယ်ခိုက်လွယ်တဲ့ အနေအထားဖြစ်ပါတယ်။ အဲ့ဒီအပြင် အခက်အခဲများစွာကိုလည်း ရင်ဆိုင်ဖြေရှင်းနေရပါတယ်။ ဒါပေမယ့် ကျွန်မတို့အနေနဲ့ ခန္ဓာကိုယ်တစ်ခုလုံး ကျန်းမာဖို့အတွက် ဂရုစိုက်ဆောင်ရွက်သလိုပဲ ပြဿနာတချို့သာမက အဲဒီအခြေအနေတွေအားလုံးကို ကိုင်တွယ်ဖြေရှင်းရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ပိုပြီးတော့ ဆန်းသစ်တဲ့၊ ပိုမိုရဲရင့်တဲ့ နည်းလမ်းသစ်တွေ၊ အဖြေတွေကိုရှာဖွေရာမှာ လက်တွဲဆောင်ရွက်ဖို့ ဖိတ်ကြားလိုပါတယ်။ ပြဿနာတွေကို မြန်မြန်ဆန်ဆန် မဖြေရှင်းနိုင်သေးရင် အဲဒီပြဿနာတွေကို ဘယ်တော့မှ ဖြေရှင်းနိုင်မှာမဟုတ်ဘူးလို့ ပြောတာမဟုတ်ပါဘူး၊ ကျွန်မတို့ ပြည်သူတွေရဲ့ခံစားနေရတာတွေ ပိုပြီးကြာရှည်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ပြည်သူတွေ ခံစားရတာတွေကို အမြန်ဆုံးကျော်လွှန်သွားဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ နိုင်ငံအတွင်း၊ နိုင်ငံရဲ့နယ်နိမိတ်အတွင်း နေထိုင်သူတွေအားလုံး လုံခြုံအေးချမ်း သာယာဝပြောစွာနေနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်ဟာ ကြီးမားတဲ့မျှော်မှန်းချက်ဖြစ်ပါတယ်၊ ဒါပေမယ့် အောင်မြင်အောင် ဆောင်ရွက်ရမှာမဖြစ်နိုင်တဲ့ မျှော်မှန်းချက်တော့ မဟုတ်ပါဘူး။

လုံခြုံတဲ့အနာဂတ်ဆီကို လျှောက်လှမ်းနိုင်မယ့်နိုင်ငံ

ကျွန်မတို့အားလုံး လက်တွဲဆောင်ရွက်ရမှာဖြစ်ပြီးတော့ အစိုးရအပါအဝင် ဒီနိုင်ငံအတွင်းမှာရှိတဲ့ လူတစ်ဦးချင်းစီမှာ ဒီတာဝန်ရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ မိတ်ဆွေတွေကို ကျွန်မတို့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှာ ပါဝင်ကူညီဖို့ ဖိတ်ကြားလိုပါတယ်။ ပြဿနာတွေရှိတဲ့ကြားထဲက အဲဒီပြဿနာတွေကို ဖြေရှင်းပြီး ကျန်းမာတဲ့၊ သန်မာတဲ့၊ ရှေ့အနာဂတ်ကို မျှော်မှန်းချက်များနဲ့အညီ လုံခြုံတဲ့အနာဂတ်ဆီကို လျှောက်လှမ်းနိုင်မယ့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်သွားတဲ့နေရာမှာ ပါဝင်ဖို့ ဖိတ်ကြားလိုပါတယ်။

ကျွန်မအနေနဲ့ သံတမန်အသိုင်းအဝိုင်းနဲ့ အခုလိုတွေ့ဆုံတဲ့အခါမှာ ကိစ္စတစ်ခုလောက်သာ မီးမောင်းထိုးပြရတာကို အားမရပါဘူး။ ဒါ့ကြောင့် ကျွန်မတိုက်တွန်းလိုတာက ကျွန်မတို့ကို မိတ်ဆွေတို့ရဲ့အမြင်ကိုပြောပါ၊ ဆွေးနွေးပါ၊ ကျွန်မတို့နဲ့အတူ ပြဿနာဖြစ်နေတဲ့ထဲကနေရာကို လုံခြုံစိတ်ချရတဲ့နေရာကို လိုက်ကြည့်ပါ။ ကိုယ်တိုင်ဘာတွေဖြစ်နေတယ်ဆိုတာကို ကိုယ်တိုင်လေ့လာပါ။ ပြီးတော့ ဒီပြဿနာများကို ဘယ်လို ဖြေရှင်းနိုင်မလဲဆိုတာကို စဉ်းစားကြည့်ပါ။

အဲဒီနေရာမှာ တိုက်တွန်းလိုတာက ဒီလိုပြဿနာရှိနေတဲ့ ဒေသမှာတောင် အချို့လူတွေဟာ တစ်ဦးနဲ့ တစ်ဦး ရန်လိုမှုမရှိဘဲ သဟဇာတနေနိုင်ကြတယ်။ ဘာကြောင့် အဲ့ဒီလိုနေနိုင်သလဲဆိုတာကို သုံးသပ်ပါ၊ အဲဒီလိုလေ့လာသုံးသပ်မှုကနေ ကျွန်မတို့ လိုချင်တဲ့အဖြေကို ရရှိလာပါလိမ့်မယ်။

အဲဒီလိုလုပ်တာဟာ မကောင်းတဲ့အခြေအနေကို ဖယ်ရှားလိုက်တာ တစ်ခုတည်း မဟုတ်ဘဲ အပြုသဘောဆောင်တဲ့ အနေအထားတွေကို မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ အပျက်သဘောကို ဖယ်ရှားပြီး အပြုသဘောကို မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီလိုလုပ်ဖို့အတွက် ကျွန်မတို့အနေနဲ့ မိတ်ဆွေတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်သွားလိုပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးအနေနဲ့ လူသားချင်းစာနာမှု အထောက်အပံ့ပေးမှု အစီအစဉ်ကို ခေါင်းဆောင်ပြီး ဆောင်ရွက်နေပါတယ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့အနေနဲ့ ပူးပေါင်းပါဝင်နေတဲ့အတွက် ဝမ်းသာပါတယ်။ အခြားပါဝင်လိုသူတွေကိုလည်း ကြိုဆိုပါတယ်။

စာမျက်နှာ ၇ သို့

လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် ဘယ်တုန်းကမှ သက်ညှာမှုမရှိခဲ့ပါဘူး၊ ကျွန်မတို့အစိုးရဟာ လူ့အခွင့်အရေးကို ကာကွယ်ရေးအတွက် ပေါ်ပေါက်လာတဲ့ အစိုးရအဖွဲ့ဖြစ်ပါတယ်။ အသိုက်အဝန်း တစ်ခုတည်းအတွက်မဟုတ်ဘဲ နိုင်ငံနယ်နိမိတ် အတွင်းမှာနေထိုင်တဲ့ လူများအားလုံးရဲ့ လူ့အခွင့်အရေးကို ကာကွယ်ပေးဖို့ ဖြစ်ပါတယ်။

စာမျက်နှာ ၆ မှ

ငွေအား၊ လူအား၊ ပစ္စည်းအားနဲ့ ပါဝင်လှူဒါန်းမှုတွေ အများကြီးရရှိနေပါတယ်။ ကျွန်မတို့အနေနဲ့ အဲဒီလှူဒါန်းမှုကူညီမှုများအားလုံးကို ရခိုင်ပြည်နယ်မှာရှိတဲ့ အသိုက်အဝန်းအားလုံးအတွက် အကောင်းဆုံးနဲ့ အကျိုးအရှိဆုံး အသုံးချသွားနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံကို ဘာသာရေး၊ လူမျိုးရေးနဲ့ နိုင်ငံရေးယုံကြည်မှုတွေကြောင့် အကွဲကွဲအပြားပြားဖြစ်နေတဲ့ နိုင်ငံတစ်နိုင်ငံ မဖြစ်စေလိုပါဘူး၊ ကျွန်မတို့အနေနဲ့ မတူကွဲပြားမှုများကို အခြေပြုတဲ့ အခွင့်အရေးများကို ခံစားခွင့် ၊ ဘဝကို မိမိယုံကြည်မှုနဲ့ လျှောက်လှမ်းခွင့် ရှိပါတယ်၊ ဒါပေမယ့် ကျွန်မတို့ဟာ အတူတကွ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ နိုင်ငံတစ်နိုင်ငံထဲမှာ နေထိုင်ကြလို့ဖြစ်ပါတယ်။

ကျွန်မတို့ဟာ နိုင်ငံတစ်နိုင်ငံနဲ့ သက်ဆိုင်ရင် ဒီကမ္ဘာနဲ့လည်း သက်ဆိုင်ပါတယ်။ အဲဒီအချက်ကြောင့်ပဲ ကျွန်မတို့ဟာ ကုလသမဂ္ဂရဲ့အခန်းကဏ္ဍကို နိုင်ငံများစုဝေးရာအဖြစ် ယုံကြည်လက်ခံပြီး ငြိမ်းချမ်းမှုနဲ့ သဟဇာတရှိမှုကို မြှင့်တင်နိုင်အောင် တည်ထောင်ခဲ့ကြတာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ခံစားခဲ့ရမှုမျိုးတွေ ထပ်မံမဖြစ်ပေါ်လာအောင်အတွက် ဖွဲ့စည်းခဲ့ကြတာဖြစ်ပါတယ်။ ဒ့ါကြောင့် ကုလသမဂ္ဂကို တည်ထောင်မှုဟာ စစ်ပွဲတွေနဲ့ ပဋိပက္ခတွေကို ချုပ်ငြိမ်းဖို့အတွက် တည်ထောင်ခဲ့တာဖြစ်ပါတယ်။

ဒ့ါကြောင့် ကျွန်မတို့ ဒီနေ့တွေ့ဆုံမှုဟာ ထိရောက်တဲ့ ခိုင်မာတဲ့လှုပ်ရှားမှုတစ်ရပ်ရဲ့ အစလို့ ကျွန်မ ယူဆပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပဋိပက္ခတွေအားလုံး အဆုံးသတ်နိုင်ဖို့အတွက်လို့ မြင်ပါတယ်။

ကျွန်မတို့ နိုင်ငံရဲ့အသိုက်အဝန်းများအကြား၊ ပြည်သူများအကြား၊ ရှေ့ကိုဘယ်လိုဆက်လျှောက်မလဲ ဆိုတဲ့အပေါ် အမြင်အယူအဆ မတူညီမှုများအကြား ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကို အဆုံးသတ်ဖို့လို့ မျှော်လင့်ပါတယ်။

အမြင်အယူအဆ မတူညီမှုများအကြား ဖြစ်ပေါ်နေတဲ့ ပဋိပက္ခကတော့ အမြင်ကျယ်ကျယ်နဲ့ အချင်းချင်း ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားနိုင်ပါတယ်။ မေတ္တာထားရှိခြင်းနဲ့ ရဲရင့်မှုဟာ အခြားသူတို့ရဲ့စိတ်ထားကို မြင်တွေ့နိုင်သလို ယင်းကို အခြေခံ၍ အခြားသူများကလည်း မိမိတို့ရဲ့စိတ်ထားကို သိရှိနိုင်ပါတယ်။

စကားလုံးတွေ၊ ခံစားချက်တွေ၊ လက်နက်တွေနဲ့ အချင်းချင်းတိုက်ခိုက်နေခြင်းအားဖြင့် ပြဿနာများကို ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး၊ အကူအညီလည်း ပြုမှာမဟုတ်ပါဘူး။ မုန်းတီးမှုနဲ့ ကြောက်ရွံ့မှုဟာ ကမ္ဘာပေါ်မှာ ပြဿနာများရဲ့အကြောင်းအရင်းဖြစ်ပါတယ်။ စစ်ပွဲတွေ၊ ပဋိပက္ခတွေဟာ မုန်းတီးမှုနဲ့ ကြောက်ရွံ့မှုများကနေ ပေါက်ဖွားလာတာ ဖြစ်ပါတယ်။ မုန်းတီးမှုနဲ့ ကြောက်ရွံ့မှုတွေကို ဖယ်ရှားနိုင်မှသာ စစ်ပွဲတွေ၊ ပဋိပက္ခတွေကို အဆုံးသတ်နိုင်မှာ ဖြစ်ပါတယ်၊ ကျွန်မတို့ နိုင်ငံကရော ကမ္ဘာပေါ်ကရော ဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း လတ်တလောအခြေအနေမှာ စွပ်စွဲမှုတွေနဲ့ တန်ပြန်စွပ်စွဲမှုတွေ ဖြစ်နေပါတယ်၊ ကျွန်မအနေနဲ့ ဘယ်ဘက်ကိုမှ လိုက်မှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မယုံကြည်တာက တစ်ဦးနဲ့တစ်ဦး နားလည်မှုနဲ့ သဟဇာတရှိမှုကို မြှင့်တင်ပေးဖို့အတွက် ဖြစ်လို့ပါပဲ။

မိတ်ဆွေတို့အနေနဲ့ နားလည်နိုင်မယ်၊ ကျွန်မတို့နဲ့ လက်တွဲဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မပြောခဲ့သလို ယခုအခမ်းအနားဟာ သံတမန်အသိုင်းအဝိုင်းကို ကျွန်မတို့ ဘာတွေကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကို သိရှိအောင်ပြောကြားဖို့အတွက် ဖြစ်ပါတယ်၊ ဒါပေမယ့် တကယ်တမ်းကျတော့ သံတမန်တွေကို ရှင်းလင်းပြောကြားမှုထက် ပိုပါတယ်။

မြန်မာနိုင်ငံအပေါ် စေတနာထားတဲ့သူတွေကို ရင်းရင်းနှီးနှီး ဖိတ်ခေါ်တာ ဖြစ်ပါတယ်။ ကျွန်မတို့ ရည်ရွယ်ချက်တွေအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြဖို့ ဖိတ်ခေါ်ခြင်း ဖြစ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ခြင်းဟာ ကျွန်မတို့နိုင်ငံတစ်နိုင်ငံတည်းအတွက်သာမဟုတ်ဘဲ ကမ္ဘာပေါ်မှာ အလားတူ ရင်ဆိုင်နေရတဲ့ နိုင်ငံတွေအတွက်လည်း ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်မယ်ဆိုတာကို အားလုံးက သဘောတူလက်ခံလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

အဓိကပြဿနာတစ်ခုက လူ့အဖွဲ့အစည်းနှစ်ရပ်အကြား ယုံကြည်မှုမရှိကြတဲ့အချက်၊ ဒီကိစ္စကို ဖြေရှင်းဖို့လိုအပ်

ရုရှားသံအမတ်ကြီး Mr. Nikolay A. Listopadov

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဆိုင်ရာကြိုးပမ်းမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပြောကြားသည့် အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်များ၏ အမြင်သဘောထားများကို မေးမြန်းခဲ့ပါသည်။

တရုတ်သံအမတ်ကြီး
မစ္စတာဟုန်လျန်

အိန္ဒိယသံအမတ်ကြီး
Mr. Vikram Misri

ရုရှားသံအမတ်ကြီး
Mr. Nikolay A. Listopadov

Paul Edwards
Deputy Representative (UNICEF)

ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း
ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန

တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်

ရခိုင်ပြည်နယ်ရဲ့အရေးကိစ္စဟာ ရှုပ်ထွေးပြီး နက်နဲတဲ့အတွက် စနစ်တကျဖြေရှင်းဖို့ လိုအပ်ပါတယ်။ အဲဒီလိုဖြေရှင်းရာမှာ နိုင်ငံတကာအသိုက်အဝန်းတွေအနေနဲ့ အပြုသဘောဆောင်တဲ့ ကူညီပံ့ပိုးမှုတွေ ပေးဖို့လိုအပ်ပါတယ်။ တရုတ်အစိုးရရဲ့ ရပ်တည်ချက်ကတော့ ရှင်းပါတယ်။ ရခိုင်ပြည်နယ်မှာဖြစ်ပေါ်တဲ့ အကြမ်းဖက်မှုကနေ ဒေသတွင်းပြန်လည်တည်ငြိမ်အေးချမ်းဖို့အတွက် ပံ့ပိုးကူညီမှာဖြစ်သလို လူသားချင်း စာနာထောက်ထားတဲ့ အကူအညီတွေ အရေးတကြီးလိုအပ်နေတာတွေကိုလည်း ပေးအပ်သွားမှာဖြစ်ပါတယ်။

အိန္ဒိယသံအမတ်ကြီး Mr. Vikram Misri

ဒီနေ့ အခမ်းအနားဟာ နိုင်ငံတော်၏အတိုင်ပင်ခံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး လုပ်ဆောင်ရာမှာ နိုင်ငံတော်အစိုးရရဲ့ဦးဆောင်ကြိုးပမ်းမှုကို အလေးထားပြောကြားတာ တွေ့ရပါတယ်။ အတိုင်ပင်ခံပေးတဲ့ သတင်းစကားတွေကတော့ အလွန်ပဲကောင်းပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ တစ်ဖက်က တိုက်ခိုက်လာတာကို ပြန်လည်ခုခံတာ ဥပဒေအရလုပ်ဆောင်တာပဲလို့ မြင်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ကူညီပံ့ပိုးပေးဖို့ အသင့်ဖြစ်နေပြီလို့ မြင်ပါတယ်။ ဒီအခြေအနေတွေကို တရားဥပဒေနဲ့အညီ ဖြေရှင်းဖို့ လိုအပ်သလို မြန်မာအစိုးရအနေနဲ့လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်သွားတဲ့ ဒုက္ခသည်တွေကို စိစစ်ပြီး ပြန်လည်လက်ခံမယ်လို့လည်း ယုံကြည်ပါတယ်။

ပြန်လည်လက်ခံတဲ့နေရာမှာ National Verification အစီအစဉ်နဲ့ လုပ်ဆောင်မယ်လို့ မြင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စနစ်တကျနဲ့ အချိန်ယူဖို့ လိုအပ်ပါတယ်၊ ရခိုင်ပြည်နယ်အတွင်းက အခြေအနေနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေအပြင် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူသားချင်း စာနာထောက်ထားမှု အကူအညီတွေ ယခုအကျပ်အတည်းဖြစ်နေတဲ့ လူ့အဖွဲ့အစည်းနှစ်ရပ်လုံးဆီရောက်ရှိဖို့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှု အကူအညီအပြင် ဒေသခံတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုပါ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းရာမှာ ရေရှည်စီမံချက်နဲ့အတူ အချိန်ယူလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ ထိရောက်စွာရောက်ရှိရေးအတွက် ကျွန်တော်တို့အနေနဲ့ ကူညီပံ့ပိုးဖို့ အစိုးရထံ ကမ်းလှမ်းမှုတွေ ပြုလုပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရနဲ့ မကြာခင်မှာ တွေ့ဆုံဆွေးနွေးဖို့ ရှိပါတယ်။

ရုရှားသံအမတ်ကြီး Mr. Nikolay A. Listopadov

အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုမျိုးသာ ရှုပ်ထွေးနက်နဲတဲ့ ရခိုင်ပြည်နယ်က ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မယ်လို့ ထင်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့လည်း ဘယ်လိုထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင် မလဲဆိုတာ ပြသဖို့လိုအပ်ပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း နိုင်ငံသားဖြစ်မှု ပြဿနာအတွက် National Verification Process နဲ့စိစစ်ပြီး ဖြေရှင်းဖို့ လိုအပ်ပါတယ်။ နိုင်ငံသားဖြစ်မှုပြဿနာဟာ မွတ်ဆလင်လူ့အဖွဲ့အစည်းအတွက် အရေးပါတဲ့အတွက် ဥပဒေနဲ့အညီလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ တိုက်ခိုက်မှု ဖြစ်ပွားခဲ့တဲ့နောက်ပိုင်းမှာ ဒေသခံအများစုဟာ သူတို့နေရပ်ကနေ ထွက်ပြေးရမှာလား၊ ဒါမှမဟုတ် သူတို့ကျေးရွာမှာပဲ ကျန်ရစ်နေခဲ့ရမှာလားဆိုတာ ကွဲကွဲပြားပြား မသိတဲ့အတွက် မှားယွင်းဆုံးဖြတ်မှုတွေ ရှိကြပါတယ်။

အဲဒီပြဿနာအားလုံးအတွက် ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို ထိရောက်စွာအကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ထို့အတူပဲ လူ့အခွင့်အရေးချိုးဖောက်မှုအတွက်လည်း တရားဥပဒေနဲ့အညီ ဖြေရှင်းရမှာဖြစ်ပါတယ်၊ နောက်အဓိကပြဿနာတစ်ခုကတော့ လူ့အဖွဲ့အစည်းနှစ်ရပ်အကြား ယုံကြည်မှု မရှိကြတဲ့အချက် ဖြစ်ပါတယ်။ ဒီကိစ္စကိုလည်း ဖြေရှင်းဖို့လို အပ်ပါတယ်။

Paul Edwards

Deputy Representative (UNICEF)

နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်တဲ့ ပြဿနာတွေနဲ့ပတ်သက်ပြီး အခြားသူတွေထက် ပိုပြီးသိနေတဲ့ လူတစ်ဦးဖြစ်ပါတယ်။ အခြေအနေ ပြန်လည်တည်ငြိမ်ဖို့အတွက် အားလုံးက ပါဝင်ကူညီလုပ်ဆောင်ပေးဖို့ လိုအပ်သလို အချိန်အတိုင်းအတာတစ်ခုအထိယူဖို့ လိုအပ်ပါတယ်။ အဲဒါတွေအားလုံးအတွက် မှန်ကန်တဲ့နည်းလမ်းကို ရှာဖွေဖို့ လိုအပ်ပါတယ်။

မတူညီတဲ့ လူ့အသိုင်းအဝိုင်းနှစ်ခုအကြား သဟဇာတဖြစ်မှုကို ဖော်ဆောင်ဖို့အတွက်ကတော့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သလိုပဲ မြန်မာအစိုးရအနေနဲ့ ရခိုင်ပြည်နယ် ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတာ တွေ့ရပါတယ်။ အကြမ်းဖက်

ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း

ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန

ကျွန်တော်တို့ အင်အားသုံးပြီး မလုပ်ပါဘူး။ ကျွန်တော်တို့ဟာ အင်အားကို လိုသလောက်လေးပဲ ထိန်းထိန်းသိမ်းသိမ်း သုံးစွဲပါတယ်။ တရားဥပဒေနဲ့မညီတဲ့ အကျင့်ရှိတဲ့သူတွေကိုလည်း ဥပဒေနဲ့အညီ အရေးယူရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲ့ဒီမှာ မွတ်ဆလင်ရွာတွေလည်း အများကြီးကျန်ပါတယ်။ သူတို့ကိုလည်း ကျွန်တော်တို့ သွားပြီးတော့ စောင့်ရှောက်ပေးနေပါတယ်။ မီဒီယာတွေမှာ ကျွန်တော်တို့နိုင်ငံရဲ့မီဒီယာထိုးဖောက်နိုင်မှုက အားနည်းပါတယ်။ မွတ်ဆလင်အသိုင်းအဝိုင်းပေါ့၊ သူတို့ဘက်ကကျတော့ ကမ္ဘာမှာ မီဒီယာအားကောင်းပါတယ်။ အားကောင်းတဲ့အခါကျတော့ သူတို့ပြောတာက ပိုပြီးတော့ ပျံ့နှံ့နေပါတယ်။ အမှန်ပြောရရင်တော့ ARSA က ဇာတ်လမ်းဆင်ပါတယ်။ ဇာတ်လမ်းဆင်ပြီးတော့ သူတို့ကနေလည်း စပြီးလုပ်တယ်။ ပြီးတဲ့အခါ ရောက်တော့လည်း ထွက်လည်း ပြေးတယ်။ သူတို့က ပြောတဲ့အခါကျတော့ သူတို့စကားပေါက်တဲ့ အခါကျတော့ ကမ္ဘာကဘယ်လိုထင်သလဲဆိုတော့ သူတို့အပေါ်မှာ သနားတယ်။ မြို၊ ဒိုင်းနက်၊ ရခိုင်လူမျိုးတွေကျတော့၊ တကယ်အသတ်ခံရတဲ့သူတွေကျတော့ မသိဘူးပေ့ါ။ တကယ်က မြို၊ ဒိုင်းနက်၊ ရခိုင်တွေကသာ လူနည်းစုတိုင်းရင်းသားတွေ ဖြစ်ပါတယ်။ အဲ့ဒါကို သူတို့က ပြောင်းပြန်ပြောတဲ့အခါကျတော့ ကမ္ဘာက ပြောင်းပြန် မြင်ပါတယ်။

ဦးသာစိန်၊ ဇင်ဦး၊ ဇူလိုင်မိုး၊ ဓာတ်ပုံ- ဇင်ဦး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့်မိန့်ခွန်း မြန်မာနိုင်ငံစာရေးဆရာအသင်းက ထောက်ခံ

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိတ်ရင်းစေတနာအမှန်ဖြင့် ၁၉-၉-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သော မိန့်ခွန်းကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ခြွင်းချက်မရှိ လှိုက်လှဲစွာထောက်ခံကြောင်း သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

◆ *ကျောဖုံးမှ*

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် LED Board ဖြင့် တိုက်ရိုက်ပြသမည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းပြောကြားမှုကို နားထောင်ရန် ရောက်ရှိလာကြသည့် ပြည်သူများကို စေတနာရှင်များက ရေသန့်နှင့် မုန့်များ လှူဒါန်းကြသည်။

ထို့အတူ လာရောက်နားထောင်ကြသည့် ပြည်သူများအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားမှုကို ကြိုဆိုထောက်ခံသော စာသားများရေးသားထားသည့် ဗီနိုင်းများကို ကိုင်ဆောင်၍ ကြည့်ရှုနားထောင်ကြသည်။

"အမေစုရဲ့မိန့်ခွန်းကို လာရောက်နားထောင်တဲ့သူတွေအတွက် အလှူရှင်တွေ စုပေါင်းပြီး ရေသန့်ဘူးနဲ့ မုန့်တွေလှူတယ်။ နိုင်ငံ့ခေါင်းဆောင် မိန့်ခွန်းပြောနေချိန်မှာ ပြည်သူတွေ စိတ်အေးချမ်းသာစွာနဲ့ နားထောင်လို့ရအောင် ရည်ရွယ်ပြီး လှူတာပါ။ အခုလိုလုပ်ခြင်းအားဖြင့် အမေစုနဲ့အတူ ပြည်သူတွေရှိနေတယ်ဆိုတာကို ပြသရာလည်း ရောက်ပါတယ်" ဟု မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်မှ ဦးမြင့်ခိုင်က ပြောသည်။

မိန့်ခွန်းပြောကြားမှုနှင့်ပတ်သက်၍ လသာမြို့နယ်မှ ကိုအောင်ဝင်းက "ပြည်သူတစ်ယောက်အနေနဲ့ လူထုခေါင်းဆောင်ပြောကြားတဲ့မိန့်ခွန်းတွေကို တန်ဖိုးထား၊ လေးစားတယ်။ အဲဒီလိုပဲ ကမ္ဘာ့နိုင်ငံအသီးသီးက ပုဂ္ဂိုလ်တွေကလည်း တန်ဖိုးထား၊ လေးစားလိမ့်မယ်လို့ ယုံကြည်တယ်။ ဒီကနေ့ ပြောကြားတဲ့ မိန့်ခွန်းက ကျွန်တော်တို့နိုင်ငံအတွက် အများကြီးအရေးပါမယ်။ နိုင်ငံတကာနဲ့ ဆက်ဆံရေးအတွက်လည်း အထောက်အကူပြုလိမ့်မယ်" ဟု သူ၏အမြင်ကို ပြောသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ယနေ့ ပြောကြားသည့် မိန့်ခွန်းသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အရေးကိစ္စနှင့် ပတ်သက်၍ ပြည်ပနိုင်ငံတချို့မှ ဖိအားပေးနေမှုများကို လျော့ကျစေနိုင်မည့်အပြင် ပြည်တွင်း၌လည်း ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာနိုင်ကြောင်း လာရောက်ကြည့်ရှု နားထောင်ကြသည့် ပြည်သူများက ဆိုသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားမှုကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် LED Board ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသရာ ပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှုနားထောင်ကြစဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေမှုကို မုံရွာမြို့ နာရီစင်တွင် LED Board ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသရာ မုံရွာမြို့နှင့် အနီးဝန်းကျင်မှ ပြည်သူ ၁၀၀၀ ကျော် လာရောက်ကြည့်ရှုနားထောင်ကြစဉ်
မျိုးဝင်းထွန်း(မုံရွာ)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားမှုကို မန္တလေးမြို့ ၆၂ လမ်း မနော်ရမ္မံလူထုဟစ်တိုင်ကွင်းတွင် LED Board ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသရာ လာရောက်ကြည့်ရှုနားထောင်ကြသည့် ပြည်သူများကို တွေ့ရစဉ်
တင်မောင်(မန်းကိုယ်ပွား)

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ပိတောက်ရွှေဝါရပ်ကွက် အဝိုင်းပတ်လမ်းဆုံ အများပြည်သူနားနေဆောင်တွင် စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်း တိုက်ရိုက်ထုတ်လွှင့်မှုကို ကြည့်ရှုနားထောင်နေကြစဉ်
ကျော်စိုး(ကော့သောင်း)

လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၁၉

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ သြရိဿကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ **(မိုး/ဇလ)**

နိုင်ငံ့ခေါင်းဆောင်၏ မိန့်ခွန်းပြောကြားအခမ်းအနားတွင် ပြည်သူများကလည်း အတူရှိကြောင်းပြသ

မော်လမြိုင် စက်တင်ဘာ ၁၉

စက်တင်ဘာလ တတိယပတ်ရောက်သော်လည်း မိုးမကုန်သေးသော စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီကျော်တွင် မော်လမြိုင် ကမ်းနားလမ်း၌ LED Board ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသမည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် မိန့်ခွန်းကို မိုးတဖွဲဖွဲအောက်တွင် ထီးကိုယ်စီဆောင်း၍ လာရောက်ကြည့်ရှု နားထောင်သူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ကိုတင်စိုး၊
တက္ကစီယာဉ်မောင်း
ဇေယျာသီရိရပ်ကွက်

တစ်ကမ္ဘာလုံးက စိတ်ဝင်စားတဲ့ မိန့်ခွန်းဖြစ်တာကြောင့် ပြည်သူတွေဟာ ဒေါ်စုနဲ့အတူရှိတယ်ဆိုတာကို ပြချင်လို့ လာခဲ့တာပါ။ ဘာပဲပြောပြော သူ့ရဲ့ပုံရိပ် မြင်လိုက်ရတာနဲ့တင် အားရှိတယ်။ တစ်ကမ္ဘာလုံးကို ရည်ရွယ်တာဖြစ်လို့ အင်္ဂလိပ်လိုပြောတာလို့ နားလည်ပေးနိုင်တယ်။ တတ်တဲ့သူတွေလည်း တတ်ပြီး နားလည်ကြမှာပါ။ နောက်မှ သတင်းစာ ပြန်ဖတ်လို့လည်းရတယ်။ ဘာပဲပြောပြော သင့်လျော်တဲ့လုပ်ရပ်လို့ မှတ်ချက်ပေးချင်ပါတယ်။ သူ့ရဲ့လုပ်ရပ်တွေကြည့်ရင် သိနိုင်ပါတယ်။ သူလုပ်နေတာ မြန်မာပြည်သူတွေ ကောင်းစားရေးအတွက်ဆိုတာကို အကြွင်းမဲ့ယုံကြည်ပါတယ်။ ကိုယ်ကျိုးမဖက်တဲ့ စေတနာအပြည့်နဲ့ ခေါင်းဆောင်နောက်မှာ ပြည်သူတွေလိုက်ပါကြပါ၊ လူထုအနေနဲ့ အချိန်ကိုစောင့်ပေးကြပါလို့ ပြောချင်ပါတယ်။

ဒေါ်အိအိခင်
အရောင်းအဝယ်

ကျွန်မတို့ သူနဲ့အတူရှိတယ်ဆိုတာကို ပြချင်လို့ လာတာဖြစ်ပါတယ်။ ကမ္ဘာကို သိအောင်ပြောတာလို့ နားလည်ထားတယ်။ တချို့တစ်ဝက်ကို နားလည်တယ်။ အားလုံးလုံးစေ့ပတ်စေ့တော့ နားမလည်ဘူး။ ဘာသာပြန်တာကို မြန်မြန်ဖတ်ရရင် ကောင်းမယ်။ ကျွန်မတို့က သူ့ကို ဟိုးအရင်ကတည်းက ယုံကြည်မှုရှိခဲ့တာဖြစ်လို့ အထွေအထူးပြောစရာမရှိဘူး။ သူက ကိုယ့်တိုင်းပြည်အတွက် တကယ်စေတနာ စစ်စစ်မှန်မှန်နဲ့ လုပ်နေတာကို ယုံကြည်စိတ်ချပေးကြပါ။ အဖျက်အမှောင့်တွေ လိုက်လုပ်နေရင်တော့ ဒီတိုင်းပြည်အတွက် တိုးတက်လာဖို့ဆိုတာ ကြာနေဦးမှာပါလို့ ပြောချင်ပါတယ်။

ကိုစိုးမိုး၊ ဘုရားဖူးပို့ဆောင်ရေး
ဝန်ဆောင်မှုလုပ်ငန်း

အမေ့ကို အားပေးချင်တယ်။ သူ့ကို ဝန်းရံပေးချင်လို့ လာခဲ့တယ်။ အင်္ဂလိပ်လိုပြောတာ အဓိပ္ပာယ် ကိုတော့ နားမလည်ဘူး။ အမေ့ကို သနားတယ်ဗျာ။ အမေက အများကြီး လုပ်ပေးနေတယ်။ ပြောချင်တာတွေ အများကြီး ရှိပေမယ့် သူ့ကို မပင်ပန်းစေချင်တော့ဘူး။ ပြည်သူတွေကလည်း တတ်နိုင်တဲ့ ဘက်ကနေ ဝန်းရံပေးကြပါ။ တာဝန်ကိုယ်စီကျေပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

မြတ်မွန်ထွေး
(မြန်မာ့အလင်း)

လုံခြုံရေးဆောင်ရွက်ရာတွင် လုံလောက်သောအင်အားဖြင့်ဆောင်ရွက်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာလုပ်ဆောင်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(စစ်တွေ) အစည်းအဝေးခန်းမ၌ တပ်မတော်အရာရှိကြီးများအား မှာကြားစဉ်

နေပြည်တော် စက်တင်ဘာ ၁၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကြရာ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(စစ်တွေ) အစည်းအဝေးခန်းမ၌ တိုင်းမှူးက ၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ် မြောက်ခြမ်းတွင် လုံခြုံရေးအင်အားများ တိုးမြှင့်ချထားလုပ်ဆောင်ခဲ့မှု၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ နယ်မြေတည်ငြိမ်အေးချမ်းမှုအရ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များလျှော့ချခဲ့မှုအပေါ်အခွင့်ကောင်းယူပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်မှုများလုပ်ဆောင်ရန် အင်အားစုဆောင်းခြင်း၊ သင်တန်းပေးလေ့ကျင့်ခြင်းများ ပြုလုပ်လာမှု၊ ၂၀၁၇ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း ဒေသခံတိုင်းရင်းသားများအား အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ လုပ်ဆောင်လာခြင်းနှင့် နယ်မြေဒေသ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အဆင့်ဆင့်လုပ်ဆောင်လာမှု၊ ယင်းသတင်းများအရ လုံခြုံရေးတပ်အင်အားများ ဖြည့်တင်းခဲ့မှုနှင့် မေယုတောင်ကြောအား ဖြန့်ခွဲရှင်းလင်းခဲ့မှု၊ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၅ ရက်အထိ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိတွေ့မှုဖြစ်စဉ်များ၊ မိမိလုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဆုံးရှုံးမှုနှင့် အကြမ်းဖက်သမားများအားဖမ်းဆီးရရှိမှု၊ ဒေသခံတိုင်းရင်းသားပြည်သူများ သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးမှုဖြစ်စဉ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ နေအိမ်များ မီးလောင်ကျွမ်းမှု၊ ဒေသခံတိုင်းရင်းသားများ နေရပ်စွန့်ခွာ ထွက်ပြေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်မှုနှင့် မိမိနေရပ်ဒေသသို့ ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်နေထိုင်မှု၊ ဒေသအတွင်းရှိကျေးရွာများသို့ လူမျိုး၊ ဘာသာမခွဲခြားဘဲ ထောက်ပံ့ပစ္စည်းများ ပေးပို့မှု၊ ဆေးဝါးကုသပေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးက နယ်စပ်ဒေသခြံစည်းရိုးကာရံခြင်း အခြေအနေ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက ဒေသခံတိုင်းရင်းသားများ၊ နိုင်ငံသားများ၊ ဒေသအတွင်းနေထိုင်ကြသူများအား တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့ခြောက်ဖွဲ့ဖြင့် ကျေးရွာများသို့ သွားရောက်၍ စက်တင်ဘာ ၂ ရက်မှ ၁၈ ရက်အတွင်း လူနာစုစုပေါင်း ၄၅၀၃ ဦးအားဆေးဝါးကုသမှု လုပ်ဆောင်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတင်းလက်ဦးမှုရရှိရေးနှင့် လုံခြုံရေးကိစ္စရပ်များ ထပ်မံအမှားအယွင်းမခံနိုင်သောကြောင့် တာဝန်ရှိသူအဆင့်ဆင့်က အနီးကပ်ကြပ်မတ်ဆောင်ရွက်ရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသခြံစည်းရိုးများ ခိုင်ခံ့လုံခြုံမှုရှိရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊ လုံခြုံရေးများဖြင့် စောင့်ကြပ်ခြင်းများ စနစ်တကျလုပ်ဆောင်ရေး၊ ဘူးသီးတောင်၊ မောင်တောဒေသရှိ ဒေသခံတိုင်းရင်းသားများ၊ နိုင်ငံသားများနှင့် ဒေသအတွင်းနေထိုင်ကြသူများအားလုံးကို လူသားချင်းစာနာထောက်ထားမှုအရ စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် တိုင်းရင်းသားများ၏ လုံခြုံရေးကိုအပြည့်အဝ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆောင်ရွက်ရာတွင် လုံလောက်သောအင်အားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်အညီလည်း လိုက်နာလုပ်ဆောင်ရန်လိုကြောင်း၊ ဒေသအတွင်း နေထိုင်သူများကိုလည်း NVC ကတ်များ ထုတ်ပေး၍ နိုင်ငံသားစိစစ်မှု လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်သွားရမည် စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် စက်တင်ဘာ ၁၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့် ဇနီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ(ကြည်း၊ ရေ၊ လေ)စစ်သံမှူးများနှင့် တာဝန်ရှိသူတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၁၀)ကြိမ်မြောက် ပစိဖိတ်ကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၉

ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Grand Hyatt Hotel တွင် ကျင်းပသည့် အစည်းအဝေး အစီအစဉ် ဒုတိယပိုင်းဆွေးနွေးမှုဖြစ်သော " Integration of Soft Power in Civil - Military Partnerships During Crisis " ခေါင်းစဉ်အား ဆွေးနွေးတင်ပြမှုသို့ ပါဝင်တက်ရောက်ခဲ့သည်။

ယင်းနောက် ကိုရီးယား နှစ်နိုင်ငံနယ်စပ် Punmonjun ကျေးရွာရှိ Joint Security Area - JSA သို့ လုံခြုံရေးဆိုင်ရာ လေ့လာရေးခရီးစဉ်အား သွားရောက်လေ့လာခဲ့သည်။

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဩစတြေးလျတပ်မတော်ကြည်းတပ်ဦးစီးချုပ် Lieutenant General Angus Campbell နှင့် နံနက်ပိုင်းတွင် ဆိုးလ်မြို့ Grand Hyatt Hotel၊ Bilateral Meeting Room တွင် တွေ့ဆုံဆွေးနွေးသည်။

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Kim Yong-woo နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။**(ယာပုံ)**

တွေ့ဆုံပွဲများတွင် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ပြင်လယ်ပြင်တွင် လှိုင်းကြီးမည်

နေပြည်တော် စက်တင်ဘာ ၁၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

(မိုး/ဇလ)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား (UNRC)မှ Ms.Renata Dessallien ဦးဆောင်သောအဖွဲ့နှင့် အမေရိကန် ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့တို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား United Nations Resident Coordinator (UNRC) မှ Ms.Renata Dessallien ဦးဆောင်သောအဖွဲ့နှင့် အမေရိကန်ပြည်ထောင်စု ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Patrick Murphy နှင့်အဖွဲ့တို့က အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ ယနေ့မွန်းလွဲပိုင်းက သီးခြားစီလာရောက်တွေ့ဆုံသည်။

ပူးပေါင်းကူညီဆောင်ရွက်

ယင်းသို့ တွေ့ဆုံရာတွင် Ms. Renata Dessallien က နိုင်ငံတော်အစိုးရ၏ ရခိုင်ပြည်နယ်အတွက် ဆောင်ရွက်မှုများအား အသိအမှတ်ပြုဝမ်းမြောက်ပါကြောင်း၊ လတ်တလော စားဝတ်နေရေး ထောက်ပံ့မှုများအပြင် ရေရှည်အတွက် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်လိုပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်းအလိုက် သတ်မှတ်တာဝန်များရှိသဖြင့် ယင်းသို့ သတ်မှတ်တာဝန်အရ ဆောင်ရွက်ရသည့်လုပ်ငန်းများအား ဒေသခံပြည်သူများ နားလည်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ အကူအညီများ ပေးရာတွင် ဘေးဒုက္ခအမျိုးအစားအလိုက် လိုအပ်ချက်ကွဲပြားနိုင်သဖြင့် ယင်းအချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဆွေးနွေးသည်။

အခက်အခဲများကို နားလည်

ဗြိတိန်နိုင်ငံ သံအမတ်ကြီးက ဆွေးနွေးရာတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ လုံလုံလောက်လောက်ပေးအပ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေရန် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုသည် လုပ်ငန်းပမာဏကြီးမားသဖြင့် မြန်မာနိုင်ငံအနေဖြင့် ရရှိနိုင်သမျှအရင်းအမြစ်အားလုံးကို အသုံးပြုနိုင်ရန် ဝိုင်းဝန်းနည်းလမ်းရှာဖွေပေးလိုကြောင်း၊ ယခုဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများနှင့်တစ်ဆက်တည်း ရေရှည်အတွက် ဆောင်ရွက်ရမည့် အစီအစဉ်များစွာ ရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာက ပေးအပ်လာမည့် အကူအညီများအား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးစေလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်နေရသည့် အခက်အခဲများကို နားလည်သိမြင်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

နိုင်ငံတော်အစိုးရက ညှိနှိုင်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စများနှင့်စပ်လျဉ်း၍ ထိရောက်အောင်မြင်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်ဆိုင်ဖြေရှင်းနေရသော အခြေအနေများသည် ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပြုချက်များ ဆောင်ရွက်ခဲ့သည့်ကာလနှင့် ခြားနားမှုရှိကြောင်း၊ လိုက်လျောညီထွေစွာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် နိုင်ငံတော်အစိုးရနှင့် နီးကပ်စွာ ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဖွံ့ဖြိုးမှုအထောက်အကူပြု မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ဆွေးနွေးနိုင်ရန် ယုံကြည်ပါကြောင်း၊ မိမိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီတာဝန်နှင့် အကြံပြုချက်များစွာအား အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ဦးစားပေးဆောင်ရွက်ရမည့်ကဏ္ဍများ ရွေးချယ်ကာ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် မဟာဗျူဟာများချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိရခိုင်ပြည်နယ်အတွက် ထောက်ပံ့ဆောင်ရွက်မှုများတွင် Red Cross Movement ဖြင့် နိုင်ငံတော်အစိုးရက ဦးဆောင်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အထိရောက်ဆုံး အောင်မြင်နိုင်ရေးအတွက် ပါဝင်ပတ်သက်သူအားလုံး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒိန်းမတ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့် Red Cross Movement နှင့် ပတ်သက်၍ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အကူအညီလိုအပ်နိုင်

အမေရိကန်ပြည်ထောင်စု ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Patrick Murphy နှင့် အဖွဲ့အား တွေ့ဆုံရာတွင် (**အပေါ်ပုံ**) Mr. Patrick Murphy က အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးသော မိတ်ဖက်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျယ်ပြန့်သည့် စိန်ခေါ်မှုများ ရင်ဆိုင်ဖြေရှင်းနေရသည်ကို နားလည်သိရှိပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများ ပေးနိုင်ရေးအတွက် နေရပ်စွန့်ခွာရသူအားလုံးအကူအညီရရှိရေး ဆောင်ရွက်မည့်အစီအစဉ်တွင် နိုင်ငံတကာအဖွဲ့အစည်းများက ပံ့ပိုးကူညီလိုသူအားလုံး ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေများအား သိရှိလိုပါကြောင်း၊ အရေးပေါ် ထောက်ပံ့ကူညီမှုများအား ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement)ဖြင့် ဆောင်ရွက်မှုသည် အလွန်ကောင်းမွန်ပါကြောင်း၊ သို့ရာတွင် ရေရှည်အတွက် ပိုမိုကျယ်ပြန့်ကြီးမားသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီ လိုအပ်နိုင်သည်ဟု တွေ့ရှိသုံးသပ်မိပါကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ ကူညီနိုင်ရေးအတွက် ရေရှည်လိုအပ်ချက်များအား စနစ်တကျ ဆန်းစစ်သွားရန် လိုအပ်နိုင်ပါကြောင်း၊ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် မလိုလားအပ်သည့် ဝေဖန်ချက်အနေနှင့် ထိခိုက်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် လျင်မြန်မှုကို ဦးစားပေးရန် လိုအပ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်သူများနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေသူများအနေဖြင့် လိုအပ်ချက်များစွာ ရှိနိုင်ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များအပြင် အခြားမည်သည့် လုပ်ငန်းများအား ဦးစားပေးဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း၊ ပြန်လည်ဝင်ရောက်သူများအား ၎င်းတို့ မူလနေရပ်တွင် ပြန်လည်နေထိုင်ခွင့်ရရှိရေး ပံ့ပိုးပေးစေလိုပါကြောင်း ဆွေးနွေးသည်။

လူမျိုး၊ ဘာသာမခွဲခြားဘဲ ထောက်ပံ့ကူညီ

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ (၄) ခုကို ဖွဲ့စည်းထားမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေး ကော်မတီတွင် ဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်နေမှုနှင့် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် အမြဲတမ်းအတွင်းဝန်များ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေ၊ ရခိုင်ပြည်နယ်ကိစ္စတွင် လူမျိုး၊ ဘာသာမခွဲခြားဘဲ နေရပ်စွန့်ခွာရသူ အားလုံးအား ထောက်ပံ့ကူညီပေးနေမှုအခြေအနေ၊ ယင်းသို့ကူညီရာတွင် ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) အနေဖြင့် နိုင်ငံတော်မှ ဦးဆောင်နေမှု အခြေအနေတို့အား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခုနှင့်ယခင် အခြေအနေများအပေါ်မူတည်၍ လိုအပ်သလို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကနဦး လိုအပ်ချက်ဆန်းစစ်ခြင်းအဖြစ် သီးခြားဆောင်ရွက်သော်လည်း မူရင်းကျေးရွာများတွင် နေထိုင်သူဦးရေ စာရင်းအား ပြည်နယ်အစိုးရမှကောက်ခံထားသည့် စာရင်းဇယားများအား အခြေခံပြီး ထောက်ပံ့လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာတိမ်းရှောင်လာသူများအား ထောက်ပံ့ရာတွင် မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး လိုအပ်ချက်အရ ပံ့ပိုးဆောင်ရွက်ပေးနေပါကြောင်း၊ လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ RCM တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးအတွက် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်ရောက်ရှိနေသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် ဆန္ဒအလျောက် မြန်မာနိုင်ငံသို့ ပြန်လာလိုသူ များအား စနစ်တကျ စိစစ်လက်ခံသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်သော ဆက်ဆံရေးထားရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း အလားတူကောင်းမွန်သော ဆက်ဆံရေး ဆက်လက်ထားရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

လှူဒါန်းငွေ

မွန်းလွဲပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်ဒေသအတွင်း ဘေးဒုက္ခခံစားနေရသူအားလုံးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက လှူဒါန်းငွေကျပ်သန်း ၂၀၀ အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးကလည်းကောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း(ဗဟို)က လှူဒါန်းငွေကျပ် သိန်း ၂၀ အား ပါမောက္ခ ဒေါ်ရင်မြနှင့် တာဝန်ရှိသူများကလည်းကောင်း လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူကြိုကလေးငယ်များအတွက် အလှူငွေနှင့်အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

စစ်တွေ စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်နှင့်အဖွဲ့၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့ ဈေးဟောင်းပိုင်းရပ်ကွက် မိခင်နှင့် ကလေးအသင်းပိုင် မူကြိုကျောင်းရှိ ကလေးငယ် ၃၀ အတွက် ထီးနှင့် ငွေကျပ်တစ်သိန်းတို့ကို မင်းပြားမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းထွန်းထံ ယနေ့မွန်းလွဲ ၂ နာရီက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

✻ *ကျောဖုံးမှ*

အမျိုးသားရေကူးပြိုင်ပွဲများသို့ မြန်မာအားကစားသမားများဖြစ်ကြသည့် အောင်မြင့်မြတ်၊ မြတ်ထူးမွန်၊ သော်ဇင်အောင်၊ ရဲထွန်း၊ နိုင်စစ်အောင်၊ အောင်ငြိမ်းဦး၊ နန္ဒစိုးမင်းနှင့် မျိုးမြတ်ကျော်တို့ ပြိုင်ပွဲအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားမီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်က ရွှေတစ်ခု၊ မီတာ ၅၀ ပက်လက်ကူးတွင် နိုင်စစ်အောင်က ရွှေတစ်ခု၊ မီတာ ၅၀ ပက်လက်ကူးတွင် အောင်ငြိမ်းဦးက ငွေတစ်ခု၊ မီတာ ၅၀ ပက်လက်ကူးတွင် ရဲထွန်းနှင့် နန္ဒစိုးမင်းတို့က ကြေးတစ်ခုစီ အသီးသီးဆွတ်ခူးရရှိခဲ့ကြပြီး သံလုံးပစ်ပြိုင်ပွဲတွင် တင်ညိုက ကြေးတံဆိပ်ရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲတွင် အမျိုးသားမီတာ ၂၀၀ အလွတ်ကူးတွင် အောင်မြင့်မြတ်က ရွှေ၊ မီတာ ၅၀ လိပ်ပြာကူးတွင် နိုင်စစ်အောင်က ရွှေ၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးတွင် အောင်ဖုန်းက ရွှေ၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးတွင် စိုးဝင်း၊ မီတာ ၅၀ လိပ်ပြာကူးတွင် မောင်မောင်စိုး၊ မီတာ ၅၀ လိပ်ပြာကူးတွင် ကျော်ထူးတို့က ငွေတစ်ခုစီနှင့် မီတာ ၁၀၀ ရင်ပေါင်တန်းကူးတွင် ရဲထွန်းနှင့် မီတာ ၅၀ ရင်ပေါင် တန်းကူးတွင် နန္ဒစိုးမင်းတို့က ကြေးတစ်ခုစီဖြင့်လည်းကောင်း၊ လှံတံပစ်တွင် တင်ညိုက ရွှေ၊ သံလုံးပစ်တွင် အောင်ဖုန်းမြတ်၊ မီတာ ၄၀၀ အပြေးတွင် ကျော်ကျော်ဝင်းတို့က ငွေတစ်ခုစီနှင့် မီတာ ၂၀၀ အပြေးတွင် မနန္ဒလင်းတို့က ကြေးတံဆိပ်ဆုရရှိခဲ့ကြသည်။

အဆိုပါ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အားကစားနည်း ၁၇ နည်း ထည့်သွင်းကျင်းပလျက်ရှိရာ မြန်မာမသန်စွမ်းအားကစားသမားများအနေဖြင့် ရေကူး၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘော၊ မြားပစ်၊ အလေးမ၊ ဂိုးလ်ဘော၊ စစ်တုရင်၊ ဘိုစီယာနှင့် ဘိုးလင်းစသည့် အားကစားနည်း ၁၂ နည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါခရိုင် ထီးလင်း- ပေါက် မော်တော်ကားလမ်း ပုံတောင်ထိပ်တွင် လမ်းနိမ့်သွား

ထီးလင်း စက်တင်ဘာ ၁၉

ဂန့်ဂေါခရိုင် ထီးလင်း - ကျင်း - ရေဖြူ - ပေါက်သွား မော်တော်ကားလမ်း မိုင်တိုင်အမှတ် (၇၀/၅) နှင့် (၇၀/၆) ကြား ပုံတောင်နတ်ထိပ်တွင် စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီ ၄၀ မိနစ်ခန့်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အကျယ် ၁၂ ပေ၊ အလျားပေ ၁၅၀ ၊ အမြင့် ၆ ပေခန့် လမ်းပိုင်းနိမ့်ကျသွားသည်။

အဆိုပါလမ်းပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး လမ်းယာဘက်ခြမ်း အကျယ် ၁၀ ပေခန့်ကို သက်ဆိုင်ရာက ကျောက်များခင်း၍ လမ်းလွှဲဆောင်ရွက်ထားကြောင်း သိရသည်။ (၁၀၁)

မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

အဝေးသင်တက္ကသိုလ် အနီးကပ်ပို့ချသင်တန်းနှင့် စာမေးပွဲကျင်းပမည့်ရက် အသေးစိတ်အစီအစဉ်ကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်

နေပြည်တော် စက်တင်ဘာ ၁၉

၂၀၁၇ ပညာသင်နှစ် ပထမအသုတ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ် သိပ္ပံအထူးပြုကျောင်းသား ကျောင်းသူများ၏ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ဒုတိယအသုတ် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာအထူးပြု ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ဥပဒေပညာကျောင်းသား ကျောင်းသူများ၏ အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၅ ရက်မှ ၂၄ ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ တတိယအသုတ် မြန်မာစာ၊ သမိုင်း၊ စီးပွားရေး၊ စီးပွားစီမံ အထူးပြု ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသား ကျောင်းသူများ၊ မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေအရေးအသား၊ သမိုင်း၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ၊ အထူးပြု တတိယနှစ်နှင့် စတုတ္ထနှစ်ကျောင်းသား ကျောင်းသူများ၏ အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၉ ရက်မှ ၁၉ ရက် အထိလည်းကောင်း၊ အတန်းတင် စာမေးပွဲများကို နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

စာမေးပွဲများကို ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ အသေးစိတ်အစီအစဉ်ကြေညာချက်ကို အဆိုပါ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ စာပေးစာယူ အနီးကပ်သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရေးဘွဲ့စာပေးစာယူသင်တန်းသား ဆရာ ဆရာမများ ကိုယ်တိုင်တက်ရောက်ရမည့် အောက်တိုဘာ သင်တန်းကာလနှင့် ဧပြီ၊ မေ သင်တန်းကာလတို့တွင် ဖြေဆိုရမည့်စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်သည်။

အမှတ်စဉ်(၃၆)၏ ပထမနှစ်သင်တန်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ လည်းကောင်း၊ အမှတ်စဉ် (၃၅) ၏ဒုတိယနှစ် သင်တန်းအတွက် ၂၀၁၈ ဧပြီ၊ မေ သင်တန်းကာလကို ဧပြီ ၁၉ ရက်မှ မေ ၄ ရက်အထိ လည်းကောင်း နှစ်ကြိမ်ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

အဆိုပါသင်တန်းများအတွက် စာမေးပွဲကို မေ ၇ ရက်မှ မေ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလ နှစ်ကြိမ် တက်ရောက်ရန်အတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်နှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက်တို့တွင် ရန်ကုန်ပညာရေး တက္ကသိုလ် စာပေးစာယူသင်တန်းဌာန၌ သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ပခုက္ကူမြို့နယ်အတွက် ရေသယ်ယာဉ်အသစ်တစ်စီး လှူဒါန်း

ပခုက္ကူ စက်တင်ဘာ ၁၉

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိသော ဒေသများသို့ ရေသယ်ယာဉ်အသစ်များ ပေးအပ်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်က ပခုက္ကူမြို့နယ်အတွက် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်တစ်စီးကို ပခုက္ကူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ စီမံခန့်ခွဲရေးကော်မတီသို့ လှူဒါန်းခဲ့သည်။

အဆိုပါ ရေသယ်ယာဉ်အသစ်ကို ပခုက္ကူမြို့ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းကိုယ်စား ကမ္ဘောဇဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲ(၁) တာဝန်ခံ ဒေါ်နီလာကိုနှင့် ပခုက္ကူဘဏ်ခွဲ(၂) တာဝန်ခံ ဦးမိုးဇော်ထွန်းတို့က ပေးအပ်လှူဒါန်းခဲ့ပြီး ပခုက္ကူမြို့နယ်ကိုယ်စား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက လက်ခံရယူခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းခဲ့သော ရေပေးဝေရေးအလှူတော်ရေကားဖြင့် ပရဟိတအသင်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းကာ ရေရှားပါးသော အညာဒေသဖြစ်သည့် ပခုက္ကူမြို့နယ်တစ်ဝိုက်နှင့် အနီးအနားရှိ မြိုင်မြို့နယ်တစ်ဝိုက်တို့တွင် ရေအလှူတော်များ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်းက အခမ်းအနားတွင် ပြောကြားခဲ့သည်။

သဲနိုင်ဦး (မြန်မာစာ)

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ စစ်တွေမြို့ ပွဲစဉ်အတွက် Level-I Live ယှဉ်ပြိုင်ခြင်း စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့၌ ပြောင်းလဲကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၁၉

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ စစ်တွေမြို့ပွဲစဉ်အတွက် Level-I Live ယှဉ်ပြိုင်ခြင်းကို စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့၌ ပြောင်းလဲကျင်းပမည် ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သိရသည်။

စစ်တွေမြို့ပွဲစဉ် Level -I ပဏာမ အသံစစ်ဆေးခြင်းကို ဩဂုတ် ၂၄ ရက်က အဆိုပါမြို့၌ ကျင်းပခဲ့သော်လည်း မောင်တောဒေသဖြစ်စဉ်များကြောင့် Level-I Live ယှဉ်ပြိုင်ခြင်းကို ယခုအခါ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ပြောင်းလဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးများ၌ ပြုလုပ်လျက်ရှိသည်။

(သတင်းစဉ်)

မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း ဖျက်ဆီးခံခဲ့ရသည့် လမ်းတံတားများ ပြန်လည်ပြုပြင်

မောင်တော စက်တင်ဘာ ၁၉

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် တံတားခုနစ်စင်းနှင့် လမ်းပိုင်းများကို ယခုအခါ ပြန်လည်ပြုပြင်ပြီးစီးသွားပြီဖြစ်ကြောင်း **(ယာပုံ)** မောင်တောခရိုင် လမ်းဦးစီးဌာနမှ သိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးခဲ့သည့် တံတားများမှာ မောင်တော-ကျီးကန်းပြင် - ကြိမ်ချောင်း - အောင်သပြေ - ဗန္ဓုလလမ်းပေါ်ရှိ တံတားအမှတ်(၃/၂၅) ဝက်ကျိန်းတံတား (၂)၊ တံတားအမှတ်(၁/၂၇) ပဒကာဒေဝါနလီတံတား(၁)၊ တံတားအမှတ်(၄/၂၇) ပဒကာဒေဝါနလီတံတား(၂)၊ တံတားအမှတ် (၁/၂၉) လောင်းဘုတ်တံတား၊ တံတားအမှတ်(၅/၃၂) လကျာချောင်းတံတား၊ တံတားအမှတ်(၄/၃၄) အာဇဘော်တံတားနှင့် တံတားအမှတ် (၂/၂၉) တို့ ဖြစ်သည်။

ယင်းတံတားများကို နယ်မြေဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေးနှင့် ဒေသလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် အမြန်ဆုံးပြန်လည် ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီ မောင်တောနယ်မြေကို နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်တဲ့အချိန်မှာ သွားလာရေးအဆင်ပြေအောင် ကျွန်တော်တို့အနေနဲ့ လမ်းတံတားတွေကို အရင်ဆုံးအမြန် ပြီးအောင် ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း နယ်မြေလုံခြုံရေးအခြေအနေအရ အချိန်အတိုင်းအတာအပေါ်မူတည်ပြီး ဆောင်ရွက်ရခြင်းဖြစ်သလို လုပ်သားအခက်အခဲရှိပေမယ့်လည်း ဌာနကအင်ဂျင်နီယာဝန်ထမ်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းတွေအပါအဝင် ဒေသခံအလုပ်သမားတွေနဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ လမ်းပိုင်းပျက်စီးမှုတွေကိုလည်း ကျွန်တော်တို့ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်"ဟု မောင်တောခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မင်းက ပြောသည်။

ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှု ဖြစ်စဉ်အတွင်း အစွန်းရောက် အကြမ်းဖက်သမားများသည် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်စေရန် တံတားနှင့် လမ်းပိုင်းများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းနှင့် လမ်းနေရာအချို့တို့တွင် သစ်ပင်များအား ခုတ်လှဲကာ လမ်းပိတ်ဆို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ-မောင်မွေး

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို၊ ကလေးဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၉

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော ဆေးရုံဝန်ထမ်းများနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (ရန်ကုန်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး မြင့်ဇော်၊ ဒုရဲမှူး နီနီဝင်း ဦးစီးတပ်ဖွဲ့ဝင်အရာရှိ စုစုပေါင်း ၃၈ ဦးဖြင့် မြက်၊ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်းတို့ကို စုပေါင်းလုပ်အားပေး ဆောင်ရွက်သည်။ **(ဝဲပုံ)**

(မြန်မာ့အလင်း)

နေရပ်စွန့်ခွာထွက်ပြေးလာသည့် တိုင်းရင်းသားများကို သီပေါမှစေတနာရှင်များက အလှူငွေများ လှူဒါန်း

သီပေါ စက်တင်ဘာ ၁၉

အစွန်းရောက် အကြမ်းဖက်သမားများ၏ အန္တရာယ်ကိုကြောက်ရွံ့၍ ပုန်းအောင်းတိမ်းရှောင်ရင်း နေရပ်စွန့်ခွာပြီး ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသည့် ဒေသခံတိုင်းရင်းသားများအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ဒေသမှ စေတနာရှင်များက သီတဂူသာသနာပြုအဖွဲ့မှတစ်ဆင့်လှူဒါန်းပေးနိုင်ရန် စက်တင်ဘာ ၂၉ ရက်တွင် သီတဂူသာသနာပြု(သီပေါ) ဆရာတော် ဘဒ္ဒန္တပညာသီရိအရှင်သူမြတ်ထံ အလှူငွေကျပ် ၁၅ သိန်းကို လာရောက်လှူဒါန်းခဲ့သည်။

စိုင်း (သီပေါ)

ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ခါမ်းပါတ်မြို့၌ ကနန်ချောင်းတံတား တံတားအမှတ် (၃/၅၈)၏ မြောက်ဘက် ကမ်းကပ်ခုံမှာ ရေတိုက်စားပြတ်တောက် သွားသည်ကိုတွေ့ရစဉ်
(အဆိုပါဖြစ်စဉ်ကြောင့် ကလေး-တမူး လမ်းပိုင်းတွင် ယာဉ်များသွားလာမှု ယာယီရပ်ဆိုင်းထားရကြောင်း သိရသည်။)

ဇော်ဝင်းထွန်း (ပြန်/ဆက်)

ညောင်လေးပင်မြို့၌ တရားမဝင် မြင်းဝင်းဆည် -နဘဲ့ပါဓမင်းများဖျက်သိမ်းပေးရန် တောင်သူများ ဆန္ဒထုတ်ဖော်

ညောင်လေးပင် စက်တင်ဘာ ၁၉

ညောင်လေးပင်မြို့နယ်အတွင်း တရားမဝင် ပိတ်ဆို့ထားသော မြင်းဝင်းဆည်များ၊ နဘဲ့ပါဓမင်းများဖျက်သိမ်းပေးရန်အတွက် ကျေးရွာအုပ်စုရှစ်ရွာမှ ဒေသခံတောင်သူ ၈၀ခန့်က သက်ဆိုင်ရာသို့တင်ပြ၍ ဆန္ဒထုတ်ဖော်ခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် လှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်ရာတွင် ဒေသခံတောင်သူများက ဆိုင်းဘုတ်များကိုင်ဆောင်ကာညောင်လေးပင်မြို့ မြို့မ (၁)ရပ်ကွက် ဘုရားကြီးရှေ့မှစတင်၍ ဘုရားကြီးလမ်း၊ ဗိုလ်ချုပ်လမ်းအတိုင်း လှည့်လည်ပြီး ကြွေးကြော်သံများ ကြွေးကြော်ကာ ဘုရားကြီးရှေ့မှ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့အထိ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ဆောမြို့ဆောချောင်းကူး ခွင်းချောင်းတံတား ရေတိုက်စားသဖြင့် မျောပါသွား

ဆော စက်တင်ဘာ ၁၉

ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ဆောချောင်းရေမြင့်တက်လျက်ရှိရာ ဆောမြို့နှင့် ခွင်းချောင်းရွာ ဆောချောင်းကူး သစ်သားတံတားမှာ ရေတိုက်စားသဖြင့် စက်တင်ဘာ ၁၉ ရက် နံနက်က ဆောမြို့ဘက်ခြမ်း အလျား ပေ ၂၀ ခန့် မျောပါသွားသည်။

အဆိုပါတံတားမှာ ၂၀၁၄- ၂၀၁၅ ခုနှစ် အခွန်လိုင်စင်ကြေးငွေကျပ် ငါးသန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ပေ ၇၀၊ အနံ ငါးပေ၊ အမြင့် ၁၅ ပေရှိ လူကူးတံတားဖြစ်ကာ ရေတိုက်စားသဖြင့် ခန့်မှန်း ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၀ သိန်းခန့်ရှိမည်ဟု သိရသည်။တံတားပျက်စီးသွားသည့်အတွက် သွားလာမှုအဆင်ပြေရေး သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရေစီးအားလျော့နည်းလာသည့်အခါတွင် ပျက်စီးသွားသည့်အပိုင်းအား ပြန်လည်ပြုပြင်မည်ဖြစ်ကြောင်း ခွင်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းဝေ၏ ပြောကြားချက်အရ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်း၌ အဖျက်အမှောင့်လုပ်ငန်းများမပြုလုပ်နိုင်စေရန်နှင့် ပြည်သူများစိုးရိမ်မှုကင်းစွာနေနိုင်ရန် ရှောင်တခင်စစ်ဆေး

တောင်ငူ စက်တင်ဘာ ၁၉

တောင်ငူမြို့တွင် မှုခင်းကြီးများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် ပြည်တွင်း၌ အဖျက်အမှောင့်လုပ်ငန်းများမပြုလုပ်နိုင်စေရန်အတွက် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းထွန်း၏ ကြီးကြပ်မှုဖြင့် တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေဦး ဦးစီးပြီး စက်တင်ဘာ ၁၇ ရက် ည ၇ နာရီက ဝပ်ကင်း၊လှည့်ကင်း၊ ရပ်ကင်းများ ဖြင့် ရှောင်တခင်စစ်ဆေးမှုပြုလုပ်ရာ တောင်ငူ ခပေါင်းတံတားအနီးတွင် မြို့မစခန်းမှူး ဒုရဲမှူးအောင်ဝင်းထွေးဦးဆောင်သောအဖွဲ့၊ တောင်ငူမြို့အရှေ့ဘက် စစ်တောင်းတံတားအနီးတွင် အမှတ်(၃) စခန်းမှူး ရဲအုပ်အောင်စိုးဦး ဦးဆောင်သောအဖွဲ့နှင့် တောင်ငူမြို့ ထီးလှိုင်လမ်းတွင် အမှတ်(၂)စခန်းမှူး ရဲအုပ် အောင်ကိုဦးဆောင်သောအဖွဲ့တို့သည် မော်တော်ကား၊မော်တော်ဆိုင်ကယ်များကို ပိတ်ဆို့စစ်ဆေးမှုပြုလုပ်ခဲ့သည်။

အဆိုပါ ရှောင်တခင်ပိတ်ဆို့စစ်ဆေးမှုပြုလုပ်ရာတွင် ဘူးသီးတောင်၊ မောင်တောဒေသတွင် အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားသည့် ARSA အကြမ်းဖက်သမားများနှင့် ပြည်ပအကြမ်းဖက်အဖွဲ့အစည်းများ ပူးပေါင်းလျက် ပြည်တွင်းတွင် အဖျက်အမှောင့်များ မပြုလုပ်နိုင်စေရန်နှင့်ပြည်သူများစိုးရိမ်မှုကင်းစွာနေနိုင်စေရန် ရည်ရွယ်၍ စစ်ဆေးမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

ဖလမ်း၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွား

ဖလမ်း စက်တင်ဘာ ၁၉

ချင်းပြည်နယ် ဖလမ်းမြို့တွင် စက်တင်ဘာ ၁၇ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၉ ရက် နံနက် ၆ နာရီက ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် ဦးဆန်မန်း နေအိမ်အထက်ပိုင်း မြေပြိုမှုဖြစ်ပွားခဲ့ရာ နေအိမ်မီးဖိုချောင်နှင့် ဧည့်ခန်းနံရံများပျက်စီးခဲ့မှုကြောင့် အိမ်တွင်းပစ္စည်းများကို ဖလမ်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဘေးလွတ်ရာနေရာသို့ ဝိုင်းဝန်းရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

အလားတူ အဆိုပါ ရပ်ကွက်နေ ဦးချန်ထန်း၏နေအိမ်သည် ယနေ့ နံနက် ၁၀နာရီက နေအိမ်အောက် မြေသားကျွံကျခဲ့ရာ စိုးရိမ်ရသည့်အခြေအနေကြောင့် အိမ်တွင်း ပစ္စည်းများကို ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကော့ကရိတ် - မြဝတီသွား အာရှလမ်းမကြီးပေါ်တွင် ယာဉ်နှစ်စီးတိုက်ပြီး ချောက်အတွင်းထိုးကျမှုဖြစ် သုံးဦးသေဆုံး

ကော့ကရိတ် စက်တင်ဘာ ၁၉

ကော့ကရိတ်-မြဝတီသွားအာရှလမ်းမကြီးတွင် ယာဉ်နှစ်စီးတိုက်မိကာ ချောက်အတွင်းထိုးကျမှု စက်တင်ဘာ ၁၉ ရက်က ဖြစ်ပွားခဲ့သည်။

မြဝတီဘက်မှ ကော့ကရိတ်မြို့ဘက်သို့ ယာဉ်မောင်း အမည်၊ နေရပ်လိပ်စာ (စုံစမ်းဆဲ)မောင်းနှင်လာသည့် 6E/---- ၁၂ ဘီး ယာဉ်သည် ကုန်ပစ္စည်းမပါဘဲ ယာဉ်နောက်တွင် လူလေးဦးတင်ဆောင်မောင်းနှင်လာပြီး ကီလိုမီတာအမှတ် ၁၅၃ နှင့် ၁၅၄ ကြား ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ မောင်းနှင်နေသော ဆ/---- ယာဉ်၏ဝဲဘက်တံခါးကို ဝင်တိုက်မိပြီး ဆက်လက်၍ ယာဉ်မောင်းစောကြည်လင်း(၄၈နှစ်) ကော့ကရိတ်မြို့နေသူ မောင်းနှင်သည့် 2K/----- တိုယိုတာ ပရိုဘောက်ယာဉ်ကိုတိုက်မိပြီး ၁၂ဘီးယာဉ်နှင့် ပရိုဘောက်ယာဉ်မှာ လမ်းယာဘက်ဘေး ပေ၂၀ အနက်ရှိ ချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့သဖြင့် **(ယာပုံ)** 6E/----- ၁၂ ဘီး ယာဉ်ပေါ်ပါ အမျိုးသားငါးဦးအနက် အမည်၊ နေရပ်လိပ်စာ (စုံစမ်းဆဲ) နှစ်ဦးနှင့် မင်းမင်း(၃၃နှစ်) အဖ အမည် (စုံစမ်းဆဲ) ဘုရားလေးကျေးရွာ ပဲခူးတိုင်းဒေသကြီးနေသူမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ ကျန်နှစ်ဦးဖြစ်သည့် အောင်ကို(၃၂နှစ်)(ဘ) ဦးဝင်းရွှေ ကျိုက်ကော်ကျေးရွာ သထုံမြို့နေသူနှင့် မြင့်ခိုင်(၂၁နှစ်)(ဘ)ဦးလှတင် (၇)ရပ်ကွက် ကော့ကရိတ်မြို့နေသူတို့မှာ ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့သည်။

ဆ/----- ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဦးငွေထွန်း(၅၅)နှစ်(ဘ)ဦးထွန်းရွှေ အမှတ်(၄) ရပ်ကွက် မြဝတီမြို့နေသူမှာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိကာ ကော့ကရိတ်မြို့ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသည်။

ပရိုဘောက်ယာဉ်မှ ယာဉ်မောင်းစောကြည်လင်း၊ ယာဉ်ပေါ်ပါ ယာဉ်မောင်း၏ဇနီး ဒေါ်မိုးစန်းဦးနှင့် မြတ်ကျော်ဟိန်း (၈နှစ်)မှာ အခင်းဖြစ်နေရာတွင် ဒဏ်ရာများရရှိခဲ့သည်။

သို့ဖြစ်၍ ယာဉ်တိမ်းမှောက်ပြီး လူများသေဆုံး၊ ဒဏ်ရာရရှိစေသူ ယာဉ်မောင်း မင်းအောင် (သေဆုံး)အား ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

ရဲအောင်လံခရီးသည်တင် စီးလုံးငှားယာဉ်တိမ်းမှောက်၊ ငါးဦးသေဆုံး၊ ၄၁ ဦးဒဏ်ရာရ

ပန်းတောင်း စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ကျေးရွာအုပ်စု လေးအိမ်စုကျေးရွာအနီး ပြည်-တောင်ကုတ်အဝေးပြေးကားလမ်းမကြီးပေါ်တွင် စက်တင်ဘာ ၁၈ ရက် ည ၉ နာရီခွဲက ရဲအောင်လံခရီးသည်တင် စီးလုံးငှားယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးခဲ့ပြီး ၄၁ ဦးဒဏ်ရာရရှိခဲ့သည်။

တောင်ကုတ်မြို့ နတ်မော်ကျေးရွာမှ ရန်ကုန်မြို့ ဒလဘုန်းကြီးပျံသို့သွားရောက်ရန် ခရီးသည် ၅၁ ဦးပါ ယာဉ်မောင်း နိုင်မောင်လေး(၄၆ နှစ်) မောင်းနှင်သည့် ယာဉ်အမှတ် ၆က/- - - - စီးလုံးငှား ရဲအောင်လံအမြန်ယာဉ်သည် ည ၉ နာရီတွင် ပန်းတောင်းမြို့နယ် လေးအိမ်စုကျေးရွာ ပြည်-တောင်ကုတ်အဝေးပြေးကားလမ်းမကြီး မိုင်တိုင်အမှတ်(၄၂/၃)နှင့်(၄၂/၄)အကြား အတက်ကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် ပေ ၂၀၀ ခန့် အနက်ရှိချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။ ယာဉ်ပေါ်ပါ ခရီးသည်များအနက် နတ်မော်ကျေးရွာနေ ဒေါ်စိန်ရီ(၆၁နှစ်)၊ဒေါ်ငွေရီ(၆၁နှစ်) ၊မနီနီဝင်း (၂၀ နှစ်)၊ဒေါ်ခင်စန်း(၅၀ နှစ်)၊ ဦးစိန်ကျော်တင်(၆၁ နှစ်)တို့ ငါးဦးသေဆုံးပြီး တောင်ကုတ်ဆေးရုံတွင် ငါးဦး၊ဥသျှစ်ပင်ဆေးရုံတွင် ၄၁ ဦးတက်ရောက်ရပြီး စိုးရိမ်ရလူနာများအား ပြည်မြို့ပြည်သူ့ဆေးရုံကြီးသို့ နာရေးကူညီမှုယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ဥသျှစ်ပင်နယ်မြေရဲစခန်းမှ ယာဉ်မောင်းအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တာဝန်ရှိသူများ၊ လူမှုရေးအသင်းများက မော်တော်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး ဥသျှစ်ပင်မြို့သူမြို့သားများက ဆေးရုံတက် လူနာများအတွက် အလှူငွေကျပ် ၃၁၅၁၀၀ လှူဒါန်းကူညီကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

ရွှေဆွဲကြိုးနှင့်ရွှေဆွဲသီးလုယူခဲ့သော တရားခံနှစ်ဦးအား ထောင်ဒဏ် ခုနစ်နှစ်စီချမှတ်

မန္တလေး စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကန်ကြီးကုန်းကျေးရွာနေ ဦးကိုဒွေး၏သား ပြစ်မှုကျူးလွန်သူ ကျော်ကျော်နှင့် ဦးမင်းလွင်၏သား ပြစ်မှုကျူးလွန်သူ ပြည့်စုံဖြိုးတို့သည် ဇန်နဝါရီ ၈ ရက်ညနေ ၃ နာရီ ၁၅ မိနစ်က မန္တလေး မဟာအောင်မြေမြို့နယ် ၆၉ လမ်း သိပ္ပံလမ်းအကွေ့တွင်အမျိုးသမီးနှစ်ဦး စီးနင်းလာသည့် ဆိုင်ကယ်အနီးကပ်၍ နောက်ထိုင်ခုံတွင်လိုက်ပါလာသည့် အမျိုးသမီး၏လည်ပင်း၌ ဆွဲထားသော ရွှေဆွဲကြိုးနှင့် ဆွဲသီးတို့ကိုလုယူခဲ့ကြောင်း ပြစ်မှုထင်ရှားပေါ်ပေါက်ခဲ့သဖြင့် မဟာအောင်မြေမြို့နယ် တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီး(၁) က ပြစ်မှုကျူးလွန်သူများအပေါ် ယမန်နေ့က အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီကျခံစေရန် အမိန့်ချခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ငွေကျပ် ၁၉၆ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

မိုးကောင်း စက်တင်ဘာ ၁၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ညောင်ကုန်းကျေးရွာတွင် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေစစ်ဆေးရာမှ မူးယစ်ဆေးဝါးနှင့် အတူ ရောင်းရငွေများ သိမ်းဆည်းရမိကြောင်း သိရသည်။

မိုးကောင်းမြို့မရဲစခန်းမှူး၏ ညွှန်ကြားမှုဖြင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၃) မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ကုန်းကျေးရွာနေ ဦးယော်ဆောင်း (၄၅နှစ်)၏ နေအိမ်ကိုရှာဖွေရာ ခြံဝင်းအတွင်းဝှက်ထားသည့် ဘိန်းဆီ ၄၉၇ ဂရမ်၊ ဘိန်းဖြူ ၈၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂၅ ပြား စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၁၉၆၅၆၀၀၀ နှင့်အတူ မူးယစ်ဆေးဝါးရောင်းရငွေကျပ် ၂၉သိန်းကို သိမ်းဆည်းရမိပြီး မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ဝင်းနိုင်(ကချင်မြေ)

သာကေတတွင် မီးဖိုအနီး ဓာတ်ဆီပုံးမှောက်၍ မီးလောင်

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၆/အရှေ့ရပ်ကွက် အောင်သုခ ၂၄ လမ်းတွင် စက်တင်ဘာ ၁၉ ရက်နံနက် ၁၁နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ သာကေတ၊ဒေါပုံ၊ ဒဂုံဆိပ်ကမ်း၊ ကျောက်တံတား၊ တာမွေမြို့နယ်တို့မှ မီးငြိမ်းသတ်ရေးယာဉ် ၁၀ စီး၊ ကွပ်ကဲမှုယာဉ်သုံးစီးတို့က သွားရောက်ငြိမ်းသတ်ပေးခဲ့သည်။

မီးလောင်ရခြင်းအကြောင်းမှာ မီးသွေးမီးဖိုအနီးရှိ ဓာတ်ဆီငါးဂါလန်ထည့်ထားသည့်ပုံးမှောက်ကျရာမှစတင်၍ မီးလောင်ရခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

မီးစတင်လောင်ချိန်တွင် ရပ်ကွက်နေပြည်သူများက ရေများဖြင့် ကနဦးငြိမ်းသတ်ပေးထားကြသည်။ မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးကြည်ဝင်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အရန်မီးသတ်တပ်ဖွဲ့ ၁၀၀ ကျော်တို့က ငြိမ်းသတ်ပေးမှုကြောင့် မွန်းတည့် ၁၂ နာရီကျော်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် နှစ်ထပ်အိမ်နှစ်လုံးနှင့် ကပ်လျက်နှစ်ထပ်အိမ်အပေါ် ဘေးအကာနှင့်အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

မီးပေါ့ဆမှုကြောင့် နေအိမ်ပိုင်ရှင် ဦးသန်းလွင် (၂၈နှစ်) အား သာကေတမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုကြီးတင်

စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းစိမ်းများဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၉

စစ်တွေမြို့ကုန်တန်းရပ်ကွက် လှည်းတန်းလမ်းရှိ မီးကင်းရုံတွင် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မသင်္ကာဖွယ်ရာ လူနှစ်ဦးကို ထိန်းသိမ်းထားကြောင်း ဆက်သွယ်အကြောင်းကြားချက်အရ စစ်တွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရာ မတ်အာရှား(ခ) မောင်အောင်နှင့် ရာမန်ဟူဆောင်း(ခ) ခင်မောင်အေးတို့ကိုတွေ့ရှိပြီး မတ်အာရှား(ခ)မောင်အောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၈၄ ပြား၊ ငွေကျပ် ၁၀၇၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်ဖော်ထုတ်ချက်အရ စစ်တွေမြို့ကုန်တန်းရပ်ကွက် လှည်းတန်းလမ်း အမှတ် (၂/၃၉၃)တွင်နေထိုင်သူ ကိုထွေး(ခ)ရဲသူအောင်က ရောင်းချပေးရန် အပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများဖြစ်ကြောင်း သိရသဖြင့် ၎င်းနေအိမ်အား သွားရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ကိုရဲ

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရပ်တန့်ထားသည့်ယာဉ်စစ်ဆေးရာ တရားမဝင်သစ်များဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၁၉

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄၃ စီး၊ သွင်းကုန် ၃၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉စီး ၊ သွင်းကုန် ၁၅၉စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ ဒသမ ၇၁၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၅၈၀ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၁မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၂၉၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် စက်တင်ဘာ ၁၈ ရက်က သတင်းအရ မူဆယ်သို့သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၄ မိုင် ၃ ဖာလုံ မိုင်းလီရွာဟောင်းအနီး၌ Canter ခြောက်ဘီး မော်တော်ယာဉ်နှစ်စီးအား မသင်္ကာဖွယ်ရပ်တန့်ထားသည်ကိုတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ၅၈ ချောင်း (၄ ဒသမ ၅၇၃ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ ဒသမ ၇၁၉ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6997၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ချင်းပြည်နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား သက်ဆိုင်ရာ မြို့နယ်များအရောက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၅၀၀ကေဗွီအေဒီဇယ်ဓာတ်အားပေးစက်တစ်လုံးနှင့် ၃၀၀ကေဗွီအေဒီဇယ်ဓာတ်အားပေးစက်တစ်လုံးဝယ်ယူခြင်း

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၇ရက်(ရုံးချိန်အတွင်း)

တင်ဒါပိတ်မည့်ရက် - ၂၀-၁၀-၂၀၁၇ရက် ညနေ၄နာရီ

လိပ်စာ၊ ဖုန်း - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့၊ ၀၇၀-၂၁၉၄၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြို့ပတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် ဘိလပ်မြေ၊ ၁/၂"×၃/၄" Chipping/ကျောက်စရစ်(မီးချောင်းရဲ)၊ မြစ်သဲအပါအဝင် လုပ်ငန်းသုံးပစ္စည်း(၉)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ရောင်းချလိုသူများအနေဖြင့် တင်ဒါအာမခံကြေးပေးသွင်းပြီး ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လာရောက်တင်ဒါတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၂၀-၉-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန် - ဖုန်း-၀၅၆-၂၁၇၉၃၊ ၀၉-၇၉၆၂၃၃၅၇၇

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/4092 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ပျောက်ဆုံးကြောင်း

ကျွန်မ ခင်စန်းတင့် ၁၂/စခန(နိုင်) ၀၄၉၃၈၀ (Passport No.,MA 990415) ၏နိုင်ငံကူး လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ခင်စန်းတင့်**

ဖုန်း-၀၉-၉၇၅၉၈၁၃၀

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၃) ရပ်ကွက်၊ အကွက်အမှတ်(၃၁)၊ ကန်သုံးဆင့်အကွက်၊ ဦးပိုင်အမှတ်(၆၂-က)၊ဧရိယာ ၀ဒသမ ၀၉၃ ဧကရှိမြေအား ဒေါ်ခင်ခင်နွဲ့က မြေငှားဂရန် (အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးထွန်းနိုင် ၁၄/မမက (နိုင်)၁၆၃၀၅၅၏ သင်္ဘောသားလုပ်သက်စာအုပ် ရန-၁၆၀၃/၀၆သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **မောင်စိုးထွန်းနိုင်**

ဖုန်း-၀၉-၇၈၆၆၇၉၇၉၅

ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ Great Light ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းသီဟ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၁-၂၀၀၂ နှင့် ဖခင်အမည်မှန်မှာ ဦးဝင်းဝင်းထွန်း ၁၂/သကတ(နိုင်)၁၂၄၄၇၀ ဖြစ်ပါကြောင်း။

အမည်မှန်

ဦးတင်ထွန်း၏သား ဗန်းမော်မြို့၊ (အထက) တက္ကသိုလ်ဝင်တန်းမှ မောင်ချစ်ဦး၏ အမည်မှန်မှာ မောင်မျိုးရာဇာထွန်း ၅/ဗမန(နိုင်)၀၈၃၀၈၇ ဖြစ်ပါကြောင်း။ **မောင်မျိုးရာဇာထွန်း**

ဖခင်အမည်မှန်

ထီးချိုင့်မြို့နယ်၊ မြတောင် အထက တက္ကသိုလ်ဝင်တန်းမှ မဝေဝေနိုင်၏ ဖခင် အမည်မှန်မှာဦးစိုးမင်း ၉/စကန (နိုင်)၀၄၂၈၇၀ ဖြစ်ပါကြောင်း။

ဦးစိုးမင်း

တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၁၇ခုနှစ် မတ်လတွင် ကျင်းပသော တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ခုံအမှတ်-မယဇ-၄၉၄ဖြင့်ဖြေဆိုအောင်မြင်သော မောင်ဇင်ဝင်းထွန်း၏ဖခင်မှာ အိမ်ထောင်စုစာရင်းအရ ဦးမြင့်သန်း ၉/မတရ(နိုင်)၀၄၃၆၃၀နှင့် ဦးမြင့်သိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့နယ်၊ တလိုင်း အထက တက္ကသိုလ်ဝင်တန်းမှ မဇာဇာခိုင်၏ ဖခင် ဦးရွှေမိုး ၅/စကန(နိုင်)၁၁၄၉၇၀နှင့် ဦးရွှေမုန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရွှေမိုး(ခ)ဦးရွှေမုန်း

ဖခင် အမည်မှန်

ကျိုက်လတ်မြို့နယ်၊ ရုံးဒေါင့် အထက တက္ကသိုလ်ဝင်တန်းမှ နော်လယ်အယ်ဝါးသော၏ ဖခင်အမည်မှန်မှာ စောလောအယ် ၁၄/မမက (နိုင်)၀၂၃၅၄၆ ဖြစ်ပါကြောင်း။ **စောလောအယ်**

အမည်မှန်

ဦးဇော်နောင်၏သမီး ခန္တီးမြို့၊ (အထက) တက္ကသိုလ်ဝင်တန်း(B)မှ မလွယ်ဂျား၏ အမည်မှန်မှာ မရွှယ်ဂျား ဖြစ်ပါကြောင်း။

မရွှယ်ဂျား

မိခင်အမည်မှန်

ထီးချိုင့်မြို့နယ်၊ မြတောင် အထက တက္ကသိုလ်ဝင်တန်းမှ မဇင်မာအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာကြည် ၉/စကန(နိုင်)၀၄၃၄၈၅ဖြစ်ပါကြောင်း။

ဒေါ်ခင်မာကြည်

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့နယ်၊ တလိုင်း အထက တက္ကသိုလ်ဝင်တန်းမှ မအေးနန္ဒာခိုင်၏ ဖခင် မောင်ခိုင်(ခ)ဦးမောင်ခိုင် ၅/စကန (နိုင်)၁၅၁၆၁၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ခိုင်(ခ)ဦးမောင်ခိုင်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ် Dပျိုးခင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မရွှေရည်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ထွန်း ၅/ရဘန(နိုင်)၂၁၁၀၂၉ ဖြစ်ပါကြောင်း။

ဦးမင်းဇော်ထွန်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/9670, ARR MAHN THIT L/T(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန်း ၉/မနမ(နိုင်)၀၈၃၀၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/8769,Toyota kluger, ACU.20,S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညိုဝင်း ၁၂/သဃက(နိုင်)၀၄၉၄၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

သွေးသည် အသက်

တစ်နှစ်ပြည့် အကြောင်းကြားပိတ်ကြားလွှာ

ဓမ္မသိပ္ပံစာသင်တိုက်ကြီး၏ ဒုတိယမြောက် ပဓာနနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝဏ္ဏ မဟာထေရ်သည်ဘဝနတ်နန်း စံမြန်းတော်မူခဲ့သည်မှာ သီတင်းကျွတ်လဆန်း (၂) ရက်နေ့တွင် တစ်နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါ၍ ဆရာတော်ဘုရားကြီး၏တစ်နှစ်ပြည့်အထိမ်းအမှတ်ပူဇော်ပွဲကို ပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်နီး ရပ်ဝေးနေ တပည့်သံဃာတော်အပေါင်း၊ ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

- နေ့ရက်။ ။၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၂)ရက် (၂၂၊ ၉၊ ၂၀၁၇) သောကြာနေ့
- အချိန်။ ။နံနက် ၆ နာရီမှ ၉ နာရီအထိ
- နေရာ။ ။ဓမ္မသိပ္ပံစာသင်တိုက်၊ အမှတ် ၂-ဝိုင်း၊ ပါရမီလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
- မှတ်ချက်။ ။ပင့်သံဃာဆရာတော်အရှင်သူမြတ်တို့အား နံနက် ၅:၃၀ အချိန်တွင် အရုဏ်ဆွမ်းဆက်ကပ်ပါမည်။

စကြာမုနိရွှေမင်းကံ မိုးကုတ်ဓမ္မရိပ်သာ (၇)ရက်တရားစခန်းပွဲ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဩဇာလမ်းရှိ၊ စကြာမုနိ မိုးကုတ်ဓမ္မရိပ်သာ၊ ရွှေမင်းကံကျောင်းတိုက်တွင် ပဓာနနာယက(သဒ္ဓမ္မဇောတိကဓဇ၊ အစိုးရကမ္မ ဋ္ဌာနာစရိယ) မိုးကုတ်ဓမ္မကထိက၊ ဘဒ္ဒန္တကေသရ(ရွှေမင်းကံဆရာတော်)မှ ပဋိစ္စသမုပ္ပာဒ်၊ ဒိဋ္ဌိဖြုတ်၊ အလုပ်စဉ်၊ သစ္စာလေးပါးတရားတော်များကို ၂၇-၉-၂၀၁၇ရက်မှ ၃-၁၀-၂၀၁၇ရက်အထိ ဟောကြားပြသမည်ဖြစ်ပါ၍ ယောဂီများသည် ၂၆-၉-၂၀၁၇ရက် ညနေ၅ နာရီထက် နောက်မကျစေဘဲ အရောက်လာကြရန်ဖြစ်ပါသည်။

ဖုန်း-၀၉-၄၂၀၀၅၃၆၈၈

ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့စာပေးစာယူသင်တန်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရေးဘွဲ့စာပေးစာယူသင်တန်းသား ဆရာ/ဆရာမများ ကိုယ်တိုင်တက်ရောက်သင်ယူရမည့် အောက်တိုဘာ သင်တန်းကာလနှင့် ဧပြီ၊ မေသင်တန်းကာလတို့အတွက်ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေး တက္ကသိုလ်တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

စဉ်	သင်တန်း	သင်တန်းကာလ	စာမေးပွဲကျင်းပမည့်ကာလ
၁။	အမှတ်စဉ်(၃၆) ပထမနှစ်	အောက်တိုဘာ သင်တန်းကာလ (၁-၁၀-၂၀၁၇)မှ (၁၅-၁၀-၂၀၁၇)ထိ	(၇-၅-၂၀၁၈)မှ (၁၁-၅-၂၀၁၈)ထိ
၂။	အမှတ်စဉ်(၃၅) ဒုတိယနှစ်	ဧပြီ၊မေသင်တန်းကာလ (၁၉-၄-၂၀၁၈)မှ (၄-၅-၂၀၁၈)ထိ	

အောက်တိုဘာသင်တန်းကာလသတင်းပို့ရမည့်ရက် - (၃၀-၉-၂၀၁၇)ရက် (စနေနေ့)
ဧပြီ၊ မေသင်တန်းကာလသတင်းပို့ရမည့်ရက် - (၁၈-၄-၂၀၁၈)ရက်(ဗုဒ္ဓဟူးနေ့)

(သင်းသင်းဦး)
ဌာနခွဲမှူး
ပညာရေးဘွဲ့စာပေးစာယူသင်တန်း
ရန်ကုန်ပညာရေးတက္ကသိုလ်

သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ပုံစံ(၈)ဝင် တောင်သရက်ခွဲသား (၄၀)ချောင်း ၅ဒသမ၄၃၅၆တန်အား ရောင်းချရန် လေလံကြေညာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်မှ ပုံစံ(၈)ဝင် တောင်သရက်ခွဲသား (၄၀)ချောင်း ၅ဒသမ၄၃၅၆တန်အား မြို့နယ်ဦးစီးဌာနမှူးရုံး၊ သစ်တောဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့၌ ၃-၁၀-၂၀၁၇ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အထက်ပါ တောင်သရက်ခွဲသား (၄၀)ချောင်း ၅ဒသမ၄၃၅၆တန်အား တိုင်းကျော်သယ်ယူခွင့်မပြုပါ။

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မြို့နယ်ဦးစီးဌာနမှူးရုံး၌ကြော်ငြာပါသည့်ရက်မှစ၍ ၂-၁၀-၂၀၁၇ရက်အထိ နောက်ဆုံးထား၍ ရုံးချိန်အတွင်းဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၂-၅၀၃၄၈၊ ၀၉-၈၅၉၈၈၃၇၊ ၀၉-၇၇၈၈၇၀၀၀၇၊ ၀၉-၄၂၂၄၇၅၄၄၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီအဖွဲ့

ဖခင်အမည်မှန်

သထုံမြို့၊ အလက(သာယာကုန်း) အ၅မတန်းမှ မမြင့်မြင့်သူ၏ ဖခင် အမည်မှန်မှာ စောအနီ ၃/ကကရ (နိုင်)၂၁၆၀၁၃ ဖြစ်ပါကြောင်း။

စောအနီ

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် မြို့နယ်၊ တမာပင်ခွကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်တင့် ဇော်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝေ ၅/ယမပ(နိုင်)၀၃၂၉၈၆ဖြစ်ပါကြောင်း။

ဦးတင်ဝေ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဧရာဝတီတိုင်းဒေသကြီး
ပုသိမ်ခရိုင်တရားမရုံးတော်၌
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၇၆

ဒေါ်သူဇာဝင်း နှင့် ၁။ ဒေါ်သန်းစိန်
၂။ ဒေါ်အေးအေးမူ

တရားလို **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရကအ(၈)၊ မငြိမ်းလှကုန်းရပ်နေ(၂)တရားပြိုင်ဖြစ်သော ဒေါ်အေးအေးမူ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သူဇာဝင်းက မြေကွက်ဖိုးပေးထားငွေ ကျပ်-(၁၈၅၀၀၀၀၀/-) တစ်ရာရှစ်ဆယ့်ငါးသိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၈ ရက် (၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှိုင်လှိုင်ဝေ)
ဒုတိယခရိုင်တရားသူကြီး(၃)
ပုသိမ်ခရိုင်တရားရုံး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က)	ဒု-ကြီးကြပ်ရေးမှူး (စီမံရေးရာနှင့်လူ့စွမ်းအားအရင်းအမြစ်ဌာန) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	(၆)နေရာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (သို့မဟုတ်) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့ရရှိသူ
(ခ)	ဒု-ကြီးကြပ်ရေးမှူး (ဥပဒေရေးရာဌာန) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	(၃)နေရာ	LL.B(သို့မဟုတ်) မဟာဥပဒေဘွဲ့
(ဂ)	ဒု-ကြီးကြပ်ရေးမှူး (ဘဏ္ဍာရေးဌာန) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	(၈)နေရာ	B.Com(CPA)(သို့မဟုတ်) M.Com ဘွဲ့ရရှိသူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ DA(သို့မဟုတ်)LCCI Level(III)(သို့မဟုတ်) ACCAအောင်မြင်ပြီးသူ
(ဃ)	ဒု-ကြီးကြပ်ရေးမှူး (စီးပွားရေးဌာန) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	(၉)နေရာ	စီးပွားရေးပညာနှင့် သက်ဆိုင်သော ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်)တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီး စီးပွားရေးနှင့် ပတ်သက်သော ဒီပလိုမာ တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) စီးပွားရေး စီမံခန့်ခွဲမှု မဟာဘွဲ့ ရရှိသူ
(င)	ဒု-ကြီးကြပ်ရေးမှူး (နည်းပညာဌာန) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	(၆)နေရာ	BE(EC/IT)(သို့မဟုတ်) B.C.Sc(သို့မဟုတ်) B.C.Techဘွဲ့ရရှိသူ

၂။ လျှောက်ထားသူများသည်-
- (က) ၃၁-၈-၂၀၁၇ရက်တွင် အသက်(၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
- (ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဂ) အင်္ဂလိပ်စာကောင်းမွန်သူ၊ ကွန်ပျူတာ Microsoft(Word, Excel, Power Point)ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။
- (ဃ) အလုပ်သမားမှတ်ပုံတင်ရရှိထားသူဖြစ်ရမည်။ (ဝန်ထမ်းမဟုတ်သူများ)

၃။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါအချက်အလက်များ ပူးတွဲလျက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံရေးရာနှင့် ဥပဒေရေးရာဌာနကြီး၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၊ အမှတ်(၄၄/၁၄၄)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ၃၀-၉-၂၀၁၇ရက် နောက်ဆုံးထား၍ အရောက်ပို့ရမည်။
- (က) ဘွဲ့လက်မှတ်မိတ္တူ
- (ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူမှန်
- (ဂ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်းရရှိသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (ဃ) လိုင်စင်ဓာတ်ပုံနှစ်ပုံ
- (င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (စ) ဝင်ကြေးငွေကျပ်-၅၀ဝိ/-ပေးသွင်းသည့်ချလန်မူရင်း

၄။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ကွန်ပျူတာကျွမ်းကျင်မှုနှင့် Personality and Behavior test များကို ဖြေဆိုရမည်ဖြစ်ပြီး မေးခွန်းတစ်ခုလျှင် နှစ်နာရီကြာ ရေးဖြေ၊ လက်တွေ့ စာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကျင်းပမည့်ရက်ကို သတင်းစာများတွင် ထည့်သွင်းကြော်ငြာသွားမည်ဖြစ်ပါသည်။

၅။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံရေးရာနှင့်ဥပဒေရေးရာဌာနကြီး၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၊ အမှတ်(၄၄/၁၄၄)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ သက်ဆိုင်ရာဌာနမှ တစ်ဆင့် ၃၀-၉-၂၀၁၇ရက် နောက်ဆုံးထား လျှောက်ထားရမည်။ (ကြိုတင်မိတ္တူကိုပေးပို့ရမည်။)

၆။ စာမေးပွဲဝင်ကြေးငွေကျပ် ၅၀ဝိ/-ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂)၊ ရန်ကုန်ငွေစာရင်းအမှတ် OA-010333သို့ ပေးသွင်းရမည်။

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသည့်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ ရွေးချယ်ခြင်းခံရသူများအား လစာနှုန်းကျပ်(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) တွင် ကနဦးလစာကျပ် ၁၈၀၀၀ဝိ/-ဖြင့် စတင်ခန့်ထားပါမည်။

၉။ အသေးစိတ်အကြောင်းအရာများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံရေးရာနှင့်ဥပဒေရေးရာဌာနကြီး၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၊ အမှတ်(၄၄/၁၄၄)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်-၀၁-၂၀၂၆၀၀၊ ၀၉-၄၂၃၀၀၆၃၄၈၊ ၀၉-၅၀၂၁၀၅၉တို့သို့ စုံစမ်းနိုင်ပါသည်။

မိခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ အထက(ခွဲ)ကိုင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်ကောင်းမြတ်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ငွေအေး ၈/ပခက(နိုင်)၁၆၄၈၀၃ ဖြစ်ပါကြောင်း။

ဒေါ်ငွေအေး

ပျောက်ဆုံးကြောင်း

ဦးအောင်သူမင်း (၁၄/မအန(နိုင်)၁၉၃၅၅၀) ၏ သင်္ဘောသားစာအုပ် (ရန်-၃၈၄၅/၁၀) မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၄၂၃၈၇၂၀၃၈

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ ကျော်ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဝိုင်းမိုးထွေး၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ၈/စလန(နိုင်)၁၄၅၅၀၁ ဖြစ်ပါကြောင်း။

ဦးအေးလွင်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ထနောင်းကုန်းရွာ အလက(ခွဲ) ပဉ္စမတန်းမှ မစောယုနင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၈/စလန(နိုင်)၁၇၂၅၆၅ ဖြစ်ပါကြောင်း။

ဦးမောင်မြင့်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်သက်စိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးစိန်လျှန်း ၈/စလန(နိုင်)၁၀၈၆၇၃ ဖြစ်ပါကြောင်း။ **ဦးစိန်လျှန်း**

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ ကျော်ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမြတ်နန်းဟိန်း၏ ဖခင်အမည်မှန်မှာ ဦးငွေခဲ ၈/စလန(နိုင်)၀၆၄၈၀၄ဖြစ်ပါကြောင်း။ **ဦးငွေခဲ**

အမည်မှန်

ဦးမျိုးသန့်၏ သမီးမကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁)နဝမတန်း(D)မှ မနှင်းရွှေစင်၏ အမည်မှန်မှာ မနှင်းဆွေဇင်ဖြစ်ပါကြောင်း။

မနှင်းဆွေဇင်

အမည်နှင့် မွေးသက္ကရာဇ်မှန်

ဦးဝင်းမောင်၏သမီး စစ်တွေမြို့၊ ရွှေပြည်သာကျေးရွာနေ မဆန်းဆန်းအေး၏ အမည်မှန်မှာ မစန်းစန်းအေးဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ (၂၀-၂-၂၀၀၁) ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

အထက(၁)စစ်တွေ တက္ကသိုလ်ဝင် တန်း(ဃ)မှ မဝိုင်းစုလှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်စုစု ၁၁/မပန(နိုင်)၀၆၀၄၉၇ ဖြစ်ပါကြောင်း။

ဒေါ်စုစု

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ လင်းဇင်း(အထက)တက္ကသိုလ်ဝင်တန်းမှ မခင်ငွေးကြွယ်၏ ဖခင်အမည်မှန်မှာ ဦးပု ၈/စလန(နိုင်)၀၄၁၇၆၅ ဖြစ်ပါသည်။ **ဦးပု**

တစ်ဦးတည်းဖြစ်ပါကြောင်း

ကဝမြို့နယ်၊ (အထက) အုန်းနဲ တက္ကသိုလ်ဝင်တန်းမှ မမျိုးမျိုးဆွေ၏ ဖခင် ဦးမျိုးမြင့်နှင့် ဦးမျိုး ၇/ကဝန(နိုင်)၁၀၃၈၀၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အုန်းတပင်ကျေးရွာ၊ အထက(ခွဲ) အလယ်ရွာ တက္ကသိုလ်ဝင်တန်းမှ နန်းသန္တာဝင်း၏ ဖခင်အမည်မှန်မှာ ဦးကင်းဘု ၁၀/ပမန(နိုင်)၀၇၄၂၉ ဖြစ်ပါသည်။ **ဦးကင်းဘု**

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ အထက(၄)ဒသမတန်း အခန်း(G)မှ မခင်မျိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွေးအောင် ၉/မခန(နိုင်)၀၃၂၆၅၅ ဖြစ်ပါကြောင်း။

ဦးယဉ်ထွေးအောင်
၉/မခန(နိုင်)၀၃၂၆၅၅

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ အထက(၁)ဒသမတန်း အခန်း(G) မှ မအိမြဲနှင့် တောင်သာမြို့နယ် အထက(၁)သံမဏိစက်ရုံ အဋ္ဌမတန်းမှ မနှင်းယုနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းရှိန် ၉/မခန(နိုင်)၁၂၃၉၈၄ ဖြစ်ပါကြောင်း။

ဦးဝင်းရှိန်၉/မခန(နိုင်)၁၂၃၉၈၄

တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ UHW ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မသီဂီဖြိုး၊ ဂန့်ဂေါမြို့နယ်၊ ကျောမြို့၊ အမှတ် ၃၊ ကျွဲကိုင်း အမက(မူလွန်) ပဥ္စမတန်းမှ မောင်ထက်ဝေယံတို့၏ ဖခင် ဦးမင်းဆန်းနှင့် ဦးမင်းအောင် ၈/စလန(နိုင်)၁၉၈၉၅၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမင်းဆန်း(ခ)ဦးမင်းအောင်

ရွေးကောက်ပွဲအပြီးမှာ ဂျာမနီကို ဘယ်သူဦးဆောင်ခွင့်ရမလဲ

ကလျာမိုးမြင့်

ဂျာမနီရွေးကောက်ပွဲသာ မှန်းထားသလို ဖြစ်လာခဲ့မယ်ဆိုရင် ဝန်ကြီးချုပ် အန်ဂျလာမာကယ်ဟာ ဂျာမနီရဲ့ထိပ်ဆုံးနေရာမှာ လေးနှစ်မကကြာအောင် ဆက်လက်ပြီး ဦးဆောင်နေဦးမှာပါ။ ဒါပေမယ့် လာမယ့် စက်တင်ဘာ ၂၄ ရက်နေ့မှာ ဂျာမနီပြည်သူတွေ မဲထည့်ကြတဲ့အခါ အဲဒီတာဝန်ဟာဥရောပမှာအကြီးဆုံးလုပ်ငန်းတာဝန်တွေထဲက တစ်ခုဖြစ်လာနိုင်ပါတယ်။

ယခုကျင်းပမယ့်ပြည်လုံးကျွတ်ရွေးကောက်ပွဲဟာ ၂၀၁၅ ခုနှစ်မှာ မာကယ်အစိုးရအဖွဲ့က ဒုက္ခသည်တွေနဲ့ရွှေ့ပြောင်းသွားလာသူအလုံးအရင်းကို တံခါးဖွင့်ပေးခဲ့ကာ ဒုက္ခသည် ကိုးသိန်းနီးပါးကိုဝင်ရောက်ခွင့်ပြုလိုက်တဲ့အချိန်ကစပြီး ပထမဆုံးအကြိမ် ပြုလုပ်မယ့်ရွေးကောက်ပွဲဖြစ်ပါတယ်။

ကွန်ဆာဗေးတစ်ဝန်ကြီးချုပ်ဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး သေချာစီမံဆောင်ရွက်မယ်လို့ ဂျာမနီနိုင်ငံသားတွေကို ကတိပေးခဲ့ပါတယ်။ ကတိပေးခဲ့တဲ့အတိုင်းလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့ခရစ်ယာန်ဒီမိုကရက်ပါတီ (CDU) တော့ နိုင်ငံရေးအရ အထိနာမှုရှိခဲ့ပါတယ်။ မာကယ်ဟာ ဝန်ကြီးချုပ်အဖြစ် လေးကြိမ်မြောက်ပြန်လည် ဆောင်ရွက်ခွင့်ရဖို့အတွက် ကြိုးပမ်းနေတာပါ။

ဂျာမနီရဲ့နိုင်ငံရေးမှာ အကြီးမားဆုံး အပြောင်းအလဲတွေဖြစ်ပွားနေပြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲမှုတွေလည်းရှိနေတယ်။ ဒီအချိန်ဟာ ပါလီမန်လွှတ်တော်အတွင်းမှာ တတိယနေရာအတွက် ခုချိန်အထိ ကိုယ်စားပြုနိုင်ခြင်းမရှိသေးတဲ့ ရွှေ့ပြောင်းသွားလာ သူတွေကို ဆန့်ကျင်မှုနဲ့ ဂျာမနီနိုင်ငံဆိုင်ရာ အစ္စလာမ်မစ် ဆန့်ကျင်မှုအဖွဲ့ (AFD)အတွက် အခွင့်အရေးစစ်စစ်တစ်ခုပါပဲ။ အခုချိန်ထိတော့ AFD ဟာဒေသအဆင့် လောက်ထိပဲ ကိုယ်စားပြုနိုင်ပါသေးတယ်။ ပါတီရဲ့အဖွဲ့ဝင်ကိုယ်စားလှယ်အချို့ကတော့ လက်ယာစွန်းရောက် သဘောထားဖော်ပြမှုတွေကိုပဲ လုပ်ဆောင်ခဲ့ပါတယ်။

ဂျာမနီဟာစီးပွားရေးအင်အားကြီးမားမှုကြောင့် ဥရောပသမဂ္ဂမှာ အရေးပါ အရာရောက်တဲ့ကဏ္ဍကနေ ပါဝင်နေပါတယ်။ ဥရောပသမဂ္ဂရဲ့ဘတ်ဂျက်အပိုင်းမှာလည်း တခြားနိုင်ငံတွေထက်ပိုပြီးထည့်ဝင်ထားပါတယ်။

ဂျာမနီရဲ့ဒုက္ခသည်ပြဿနာပြီးဆုံးပြီလား

ဂျာမနီရဲ့ သတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ Focus က ဝန်ကြီးချုပ်အန်ဂျလာမာကယ်နဲ့ ၎င်းရဲ့ယှဉ်ပြိုင်ဖက် မာတင်စကတ်ချ်တို့ ရုပ်မြင်သံကြားအစီအစဉ်မှာ ယှဉ်ပြိုင်ခဲ့ကြတဲ့ ခေါင်းစဉ်အကြောင်းအရာနဲ့ပတ်သက်ပြီး စောဒကတက်ခဲ့ပါတယ်။ ဒုက္ခသည် ကိစ္စအပြင် နောက်ထပ်ပြောစရာအကြောင်းအရာ တကယ်မရှိတော့တာလားလို့ Focus က မေးခွန်းထုတ်ခဲ့တာပဲဖြစ်ပါတယ်။

ရွှေ့ပြောင်းသွားလာသူတွေနဲ့ ပတ်သက်ပြီး စကားရည်လုပြင်းခုန်မှုက အခုချိန်အထိတော့ အန်ဂျလာမာကယ်ရဲ့ အရေးပါအရာရောက်မှုကို ကြီးကြီးမားမားထိခိုက်အောင် မလုပ်ဆောင်နိုင်သေးပါဘူး။ ဆီးရီးယားဒုက္ခသည်တွေအတွက် နိုင်ငံရဲ့တံခါးကို စတင်ဖွင့်ပေးလိုက်ပြီးနောက်မှာ အစိုးရဟာ ၂၀၁၆ ခုနှစ်အစ ကိုလော့ဂျနီမှာ အမျိုးသမီးတွေကို တိုက်ခိုက်ခဲ့တဲ့ မြောက်အာဖရိကနိုင်ငံသားအမျိုးသားတွေကို ရာနဲ့ ချီပြီးနှင်ထုတ်မယ်လို့ကတိပေးအပ်ခဲ့ပြီး ပိုမိုတင်းကျပ်တဲ့စီမံဆောင်ရွက်မှုတွေကိုချမှတ်ခဲ့ပါတယ်။

လူမှုရေးဆိုင်ရာတရားမျှတမှုကင်းမဲ့မှု၊ အကျိုးခံစားခွင့်တွေနဲ့ ဆင်းရဲနွမ်းပါးမှုတွေကလည်း အဓိကကျပြီး ပြည်တွင်းလုံခြုံရေးနဲ့ပညာရေးဆိုတဲ့တခြားအရေးကြီး အကြောင်းအရာတွေဟာလည်း ဆိုလိုရင်းထဲမှာပါနေပါတယ်။ ဒါတွေဟာ မစ္စတာ စကတ်ချ်က လုပ်အားခမညီမျှမှု၊ ပိုမိုကောင်းမွန်တဲ့ ပညာသင်ကြားမှုနဲ့ လုံခြုံစိတ်ချရတဲ့ ပင်စင်လစာရရှိမှုတွေနဲ့ပတ်သက်ပြီး အလေးပေးဆွေးနွေးချင်ရတဲ့ အကြောင်းရင်းတွေဖြစ်ပါတယ်။

အံ့သြဖို့ကောင်းတာတစ်ခုက ဂျာမန်ပြည်သူတွေ ပညာရေးအတွက် သုံးစွဲနေတဲ့ ကုန်ကျစရိတ်က ၂၀၁၄ ခုနှစ်မှာ ဥရောပသမဂ္ဂရဲ့ပျမ်းမျှသုံးမှုထက် ပိုမိုလျော့နည်းသွားခဲ့ပါတယ်။ ရွေးကောက်ပွဲအတွက်မဲဆွယ်စည်းရုံးယှဉ်ပြိုင်မှုတွေအတွင်းမှာ ဥရောပ သမဂ္ဂကနေ ဗြိတိန်နုတ်ထွက်မယ့်အကြောင်းအရာကတော့ လုံးဝပျောက်ကွယ်နေပါတယ်။ ရုပ်မြင်သံကြားကနေ ထုတ်လွှင့်တဲ့ ယှဉ်ပြိုင်မှုအစီအစဉ်မှာတောင် ပါမလာခဲ့ပါဘူး။

ရွေးကောက်ပွဲမှာ ဝန်ကြီးချုပ်အန်ဂျလာမာကယ်ကျိန်းသေအနိုင်ရပါ့မလား

ဒီမေးခွန်းမျိုးကို မေးရင်တော့ မရရှိနိုင်သေးဘူးလို့ ဖြေရမှာဖြစ်ပါတယ်။ ဆုံးဖြတ် ချက်မချရသေးတဲ့ မဲပေးသူတွေ သန်းနဲ့ချီပြီးရှိနေပေမယ့် မဲပေးသူတွေရဲ့ ၄၆ ရာခိုင်နှုန်းက မာတင်စကတ်ချ်ကို ထည့်မယ်လို့ ပြောဆိုနေကြပါတယ်။

ဝန်ကြီးချုပ်မာကယ်အနေနဲ့ စိတ်ချလက်ချနေလို့ရနိုင်တဲ့အကြောင်းတစ်ခုကတော့ ဂျာမနီရဲ့စီးပွားရေးဟာ သိပ်ကို အခြေအနေကောင်းနေတယ် ဆိုတဲ့ အချက်ပါပဲ။ ဂျီဒီပီဟာလည်းတိုးတက်နေပြီး အစိုးရဟာ ၎င်းသုံးစွဲခဲ့တာထက် ပိုပြီး အခွန်ကောက်ခံမှုတွေရရှိနေပါတယ်။

အကယ်၍သာ အခွင့်အရေးရှိခဲ့မယ်ဆိုရင် SDP ပါတီက မာတင်စကတ်ချ် အနေနဲ့ Greens နဲ့ Die Linkie ပါတီနှစ်ခုစလုံးရဲ့အားပေးထောက်ခံမှုကို ရရှိဖို့ကြိုးစား သင့်ပါတယ်။ Greens နဲ့ Die Linkie ဟာ သင့်မြတ်တဲ့ပါတီတွေတော့မဟုတ်ကြပါဘူး။ လက်ဝဲယိမ်း ဂရင်းပါတီကို ကက်ထရင်း ဂိုရင်အက်ကတ်နဲ့ ဆမ်အော့ဇဒီမာတို့က ဦးဆောင်နေပါတယ်။

ဒိုင်လင်ကီပါတီကိုတော့ ဆာဟရာဝါဂျင်နက်နဲ့ ဒိုင်ရက်မာဘတ်တို့က ကိုယ်စားပြုလျက်ရှိပါတယ်။ လက်ယာယိမ်းမျိုးချစ်ပါတီ AFD ကို အလိုက်စ်ဝီဒယ်နဲ့ အလက် ဇန်းဒါးဂူလန်တို့က ကိုယ်စားပြုလျက်ရှိပါတယ်။ AFD ရဲ့ အစီအစဉ်တွေဟာ ရွှေ့ပြောင်း သွားလာသူတွေကို အပြင်းအထန်ကန့်ကွက်ဆန့်ကျင်နေပြီး အထူးသဖြင့် အစ္စလာမ်တွေကို ဆန့်ကျင်တဲ့အစီအစဉ်တွေဖြစ်နေပါတယ်။ ဂျာမနီရဲ့ထုံးစံနဲ့မညီတဲ့ အစ္စလာမ်တွေနဲ့ ပတ်သက်ပြီး စဉ်းစားဆင်ခြင်ဖို့ ပါတီက တောင်းဆိုထားပါတယ်။

နှစ်စဉ်နှစ်တိုင်း ဂျာမနီရွေးကောက်ပွဲအတွင်းမှာ မဲပေးမှု ၁၈ ခုမက ပြုလုပ်ပါတယ်။ ခန့်မှန်းခြေ ၆၁ ဒသမ ၅သန်းမှာ မဲပေးမှုနှစ်ကြိမ်ပြုလုပ်ပါတယ်။ ပထမမဲပေးမှုက မဲဆန္ဒရှင်ပြည်သူ ၂၉၉ ဦးအတွင်းမှာ ကိုယ်စားလှယ်တွေကို တိုက်ရိုက်မဲပေးရွေးချယ်တာဖြစ်ပြီး ဒုတိယမဲပေးမှုက တော့ ဂျာမနီနိုင်ငံရဲ့ပြည်နယ် ၁၆ ခုစီတိုင်းမှာ ပါတီတွေကို မဲပေးတာဖြစ်ပါတယ်။ ပါလီမန်လွှတ်တော်အထိ တက်နိုင်ဖို့ဆိုရင် ပါတီတစ်ခုဟာ ဆန္ဒမဲရဲ့ ငါးရာခိုင်နှုန်း သို့မဟုတ် ပထမအမည်စာရင်းရဲ့ ရာထူးနေရာသုံးခုကို ရရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။

ရွေးကောက်ပွဲအတွင်းမှာ ကိုယ်စားလှယ်ပေါင်း ၄၈၂၈ဦးပါဝင်ယှဉ်ပြိုင်လျက်ရှိရာတွင် ၂၉ ရာခိုင်နှုန်းက အမျိုးသမီးတွေပဲဖြစ်ပါတယ်။ ဂရင်းနဲ့ ဒိုင်လင်ကီပါတီမှာ ကိုယ်စားလှယ်တွေရဲ့ထက်ဝက်ကို အမျိုးသမီးတွေချည်းပဲရွေးချယ်ထားပါတယ်။ အသက်အကြီးဆုံးကိုယ်စားလှယ်က အသက် ၈၉ နှစ်ဖြစ်ပြီး အသက် ၁၈ နှစ်ကတော့ အငယ်ဆုံးယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်ပါ။

(ဘီဘီစီ)



မြို့နယ်သတင်းများ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်သန်း ဦးဆောင်သောရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော်တို့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖြူးမြို့ ဖြူးအရှေ့ဘက်အုတ်ဖြတ်လမ်းရှိ ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက် အမှိုက်များကို စက်တင်ဘာ ၁၆ ရက်က ဖြူး၊ ညောင်ပင်သာ၊ ကညွတ်ကွင်း၊ ဇေယျာဝတီ၊ အုတ်ဖြတ်ရဲစခန်းများမှစခန်းမှူးများ၊ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ ဖြူး-မြင့်ဦး

တောရိုင်းတိရစ္ဆာန်များနှင့် အင်္ဂါအစိတ်အပိုင်းများ ခွဲခြားစိစစ်ခြင်းဆိုင်ရာဆွေးနွေးပွဲပြုလုပ်

မန္တလေး စက်တင်ဘာ ၁၉

တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများအား ခွဲခြားစိစစ်ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးပို့ချပွဲကို သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ မန္တလေးမြို့ရှိ Hotel Magic Mandalay ၌ စက်တင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် သစ်တောအဖွဲ့များ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးက "ဆွေးနွေးပွဲကိုလုပ်ရတာက မူးယစ်ဆေး၊ လက်နက်၊ လူကုန်ကူးမှုတို့ပြီးရင် တရားမဝင် ကူးသန်းရောင်းဝယ်နေတဲ့ လုပ်ငန်းဟာ တောရိုင်းတိရစ္ဆာန်နဲ့ ယင်းတို့ရဲ့ အစိတ်အပိုင်းတွေကို မှောင်ခိုကူးသန်းမှုပဲဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးလည်ပတ်မှုအနေနဲ့ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀ ဘီလျံလောက်ရှိတယ်လို့ အင်တာပိုက သိရပါတယ်။ တရားမဝင် ကူးသန်းရောင်းဝယ်မှုလုပ်ငန်းရဲ့ လမ်းကြောင်းမှာ ပါဝင်ဆောင်ရွက်နေတဲ့ ဒေသထဲမှာ မြန်မာနိုင်ငံ ပါဝင်နေတာကို တွေ့ရပါတယ်။ တောရိုင်းတိရစ္ဆာန်တွေနဲ့ အစိတ်အပိုင်းတွေကို အမဲလိုက်သတ်ဖြတ်နေတာ တရားမဝင် ကူးသန်းရောင်းဝယ်နေတာကို မြန်မာနိုင်ငံအတွင်းမှာ သစ်တောဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းပြီး ဖမ်းဆီးအရေးယူတာတွေ အသိပညာပေးဟောပြောတာတွေကို ဆောင်ရွက်နေသလို နိုင်ငံတော်အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်း ဆောင်ရွက်နေပါတယ်"ဟု အမှာစကားပြောကြားသည်။

ထို့နောက် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)မှ ဦးစောထွန်းက ဆွေးနွေးပို့ချမှုနှင့်ပတ်သက်၍ မိတ်ဆက်ပြောကြားခဲ့သည်။

WCS-Myanmar Programme ၏ လုပ်ငန်းကဏ္ဍတစ်ခုအနေဖြင့် တောရိုင်းတိရစ္ဆာန်နှင့် ၎င်းတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ တရားမဝင် ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ သတင်းရေးသားနည်းကိုလည်း ဆရာဦးမြင့်ကျော်ဦးဆောင်၍ Hotel Mandalay စံပယ်ဖြူခန်းမ၌ စက်တင်ဘာ ၁၈ နှင့် ၁၉ ရက်က နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သံတိုင်ထွန်း(မုံရွာ)

ဉာဏ်လင်းအောင်ကို

ဂီတအမျိုးအစားဖန်တီးမှုအသစ်နဲ့အတူ မြင်တွေ့နိုင်မည်

ကိုလင်း

သရုပ်ဆောင် ရဲတိုက် ပါဝင်သရုပ်ဆောင်ထားသော **သူငယ်ချင်း** သီချင်းနှင့် ပရိသတ်အားပေးမှုများစွာရရှိခဲ့ပြီး ဂီတလောကတွင် တွေ့ရှိမှုနည်းပါးနေသူ အဆိုတော် ဉာဏ်လင်းအောင်တစ်ယောက် သူ၏ တတိယမြောက်တစ်ကိုယ်တော် Mini Album ကို ဒီဇင်ဘာလတွင် ထွက်ရန် ပြင်ဆင်နေကြောင်းသိရသည်။

“ကျွန်တော်အခွေမထွက်တာလည်း ကြာပြီ။ နယ်တွေတော့ သီချင်းတွေသွားဆိုဖြစ်ပါတယ်။ ပရိသတ်နဲ့ အဆက်အသွယ် ပြတ်မှာစိုးလို့ပါ။ အခုလောလောဆယ် တတိယအခွေ Mini Album ထွက်ဖို့ရှိပါတယ် ။သီချင်းကတော့ ခြောက်ပုဒ်ပါမယ်။ အခွေနာမည်ကတော့ မရွေးရသေးဘူး။ ဂီတအမျိုးအစားအနေနဲ့ကတော့ Slow Rock လေးတွေပါပဲ။ ပရိသတ်ကြိုက်မယ့် ပုံစံလေးတွေပါ။ ဒီကြားထဲကြာ သွားတယ်ဆိုတာ ပြန်ဆိုတေးတွေဆိုရင်ကောင်းမလားဆိုပြီး သီချင်းရွေးတာနဲ့တင် ကြာသွားတာပေါ့နော်။ အမှန်တိုင်းပြောရရင် ကျွန်တော်နောက်ဆုံး တတိယအခွေပဲ ဆက်လုပ်မယ်ဆိုပြီး ဆုံးဖြတ်ထားတာ။ သီချင်း တွေကလည်း ၁၂ ပုဒ်ဆိုတော့ ကြာနေမှာစိုးလို့ Mini Album လေးလုပ်ဖြစ်တာပါ၊ ဒီဇင်ဘာလလောက်ထွက်နိုင်အောင်ကြိုးစားနေပါတယ်” ဟု ပြောသည်။

သူ့အနေဖြင့် တတိယမြောက်တစ်ကိုယ်တော်ခွေကို ၂၀၁၈ သင်္ကြန်မတိုင်အမီ ထွက်နိုင်အောင်ကြိုးစားနေပြီး သီချင်းတွေကို ရော့ခ်၊ ပေ့ါခ်၊ အာရ်အန်ဘီနှင့် တွဲဖက်ကာ၊ ဒက်စတက်ရော့ခ်တို့ကို ယခုခေတ် EDM နှင့် ပေါင်းစပ်ပြီး ပရိုဂရက်စစ်ရော့ခ်တို့ကို ပေါင်းစပ်ဖန်တီးလိုကြောင်း၊ သီချင်းတွေကို Music ပုံစံအသစ်တွေနှင့် ပြုလုပ်လိုပြီး ဂီတနှင့် ဝေးနေချိန်တွင်လည်း ပရိသတ်များက မိမိအား သီချင်းဆက်ဆိုခိုင်းကြသော်လည်း သီချင်းဗားရှင်းအသစ်များ ရှာဖွေချင်သော စိတ်ကြောင့် ယခုကဲ့သို့ ကြာမြင့်နေရခြင်းဟု သိရသည်။

ဇာတ်လမ်းဇာတ်အိမ်ကောင်းပြီး ကိုယ့်အတွက် ကျန်မည်မှန်းသိသော်လည်း မိသားစုကြောင့် အခွင့်မသာခဲ့ဟု အိန္ဒြာကျော်ဇင် ပြောကြား

မိသားစုတာဝန်များကြောင့် ပရိသတ်ကို အနုပညာအရည်အသွေးကောင်းတွေ ချမပြနိုင်မှာ စိုးရိမ်နေသူ အကယ်ဒမီ အိန္ဒြာကျော်ဇင် အနုပညာအလုပ်တွေ မလုပ်တော့ဘူးဟု ဆိုသည်မှာ မဟုတ်ကြောင်း၊ ယနေ့ခေတ်ရုပ်ရှင်လောကတွင် ဇာတ်အိမ်ကောင်းကောင်း တစ်ခုရရှိရန် အလွန်ပင်ခက်ခဲလှသော ခေတ်ဖြစ်နေပြီး၊ ဝါရင့် အနုပညာရှင်တွေကိုယ်တိုင် အနုပညာထက် ဝမ်းရေးကို အဓိကပြုနေချိန်တွင် သူ့အနေနှင့် ဇာတ်ကားရိုက်ကူးမှုတွေ ရပ်နားနေရသည်ဟု ပြောကြားခြင်းဖြစ်သည်။

“အမှန်အတိုင်းဝန်ခံရရင် ကျွန်မရုပ်ရှင်လုံးဝမရိုက်ချင်တော့ပါဘူး။ အခုလာငှားတဲ့ဇာတ်က ကောင်းတဲ့ဇာတ် တစ်ဇာတ်ပါ။ အကယ်ဒမီရနိုင်တဲ့ ဇာတ်ကွက်မျိုးဖြစ်ပေမယ့် လက်ရှိအချိန်မှာ ကားရိုက်ချင်စိတ်မရှိပါဘူးဆိုမှ ကလေးတွေထားပြီး နယ်မှာ အကြာကြီးသွားရိုက်ရမှာဆိုတော့ ကျွန်မအတွက် ခက်ပြီပေ့ါ။ ဒီလိုမိသားစုနဲ့ဘဝမှာ ဇာတ်လမ်းကောင်းတွေကလည်း ကျွန်မကို မဆွဲဆောင်နိုင်ဘူး။ အကယ်ဒမီရုပ်တုကလည်း ကျွန်မကို မဆွဲဆောင်နိုင်ဘူး။ အောင်မြင်ကျော်ကြားမှုကလည်း မဆွဲဆောင်နိုင်တော့ဘူး ဖြစ်နေတယ်။ ကလေးတွေရဲ့အနာဂတ်ဟာ မိခင်ရဲ့ ပဲ့ကိုင်မှုနဲ့ အများကြီးသက်ဆိုင်တယ်လို့ ကျွန်မထင်တယ်။ ဒါကြောင့် ဇာတ်အိမ်ကောင်းကောင်းနဲ့ ပရိသတ်ကို အကျိုးရှိမယ့် ဇာတ်တွေ၊ ပညာပေးဇာတ်ကားတွေကိုပဲ ကျွန်မရိုက်ကူးဖြစ်တော့မယ်”ဟု အိန္ဒြာကျော်ဇင်က သူ့လူမှုကွန်ရက်မှတစ်ဆင့်လည်း ပရိသတ်ကြီးကို ရှင်းပြထားသည်။

ခင်ပွန်းပြေတီဦးမှာလည်း ရိုက်ကူးရေးများဆက်တိုက်ရှိနေသဖြင့် မိသားစုအတွက် အချိန်ပေးမှု အားနည်းနေရခြင်းကြောင့် မိခင်တစ်ဦးအနေဖြင့် သားသမီးများအနားတွင် အနီးကပ်ရှိနေသင့်သည်ဟု ယူဆမိကြောင်း၊ ဒါကြောင့်အနုပညာ လုပ်ငန်းများနှင့် ဝေးကွာနေဦးမည်ဖြစ်ကြောင်း သူက ရှင်းပြသည်။

အကယ်ဒမီ အိန္ဒြာကျော်ဇင်သည် ၁၉၉၈ ခုနှစ်တွင် Miss Kokkine ဆုနှင့် Miss Christmas ဆုကို ရရှိခဲ့သည့် ဝါရင့်မော်ဒယ်တစ်ဦးဖြစ်သည်။ ချစ်သောအယ်ဒီတာ၊ အနှိုင်းမဲ့မြဝတီရုပ်သံဇာတ်လမ်းတို့ဖြင့် အနုပညာလောကကို စတင်ဝင်ရောက်ခဲ့သူဖြစ်သည်။ ခေါင်းဆောင်မင်းသမီးအဖြစ် ၁၉၉၉ ခုနှစ်တွင် မင်းမော်ကွန်းနှင့် အဖြူရောင်အတ္တ၊ ကျွန်တော်ကျွန်မတို့သည် ဇာတ်ကားများ၌ စတင်သရုပ်ဆောင်ခဲ့ပြီး ပရိသတ်အချစ်တော် မင်းသမီးတစ်လက်ဖြစ်လာခဲ့သည်။ မင်းသားလွင်မိုးနှင့်အတူ ပျော်လိုက်ရအောင်၊ အချစ်ကိုစားသောကိန်း ဂဏန်းများဇာတ်ကားများသည် အောင်မြင်ဆုံး ကားများဖြစ်ပြီး ကွယ်လွန်သွားပြီးဖြစ်သည့် ဒွေးနှင့်တွဲဖက်၍ ရင်ဂုက်ပန်း၊ သမီးရှင်၊ အချစ်သည်လေပြေ၊ မင်းနဲ့မှချစ်တတ်ပြီ၊ အချစ်ရဲ့တန်ခိုးများ၊ အိပ်မက်ရာသီ၊ အိပ်မက် နတ်သမီး၊ ပဒ္မလက်ရင်ခွင်၊ အချစ်ရဲ့နယ်စပ်အမုန်းမြို့ရိုး၊ ချစ်ခြင်းရင်ခုန်ယုံကြည်စွာဖြင့်၊ ကြိုးနှစ်စအစရှိသော ဇာတ်ကားများဖြင့် အောင်မြင်မှုများစွာရခဲ့သူဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူးပြီး ရန်အောင်၊ လွင်မိုး၊ တင့်တင့်ထွန်းတို့နှင့်အတူ မျက်နှာများတဲ့ ကောင်းကင် ဇာတ်ကားနှင့် ၂၀၀၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကိုရခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် စူပါထိပ်တန်းမင်းသားပြေတီဦးနှင့်လက်ထပ်ခဲ့သည်။ ယင်းနောက် ၂၀၁၆ ခုနှစ်တွင် သုဒြာရုပ်ရှင်ထုတ်လုပ်ရေးကို တည်ထောင်ကာ ရုပ်ရှင်ဇာတ်ကားကောင်းများရိုက်ကူးနေပြီး ယခုနောက်ဆုံး “ဥက္ကဋ္ဌရွေးပွဲ ” ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

ကိုလင်း

အနှိုင်းမဲ့ရင်ခွင်သီချင်းဖြင့် မိဘတွေကို ဂါရဝပြုမည်

သရုပ်ဆောင်အလုပ်တွင်သာမက ဂီတဘက်ကိုပါ အာရုံစိုက်လာသည့် အကယ်ဒမီ စိုးပြည့်သဇင်က မကြာမီကာလအတွင်း အွန်လိုင်းမှတစ်ဆင့် အနှိုင်းမဲ့ရင်ခွင် တေးသီချင်းကို သီတင်းကျွတ်ဂါရဝအဖြစ် မိဘများကို ဂုဏ်ပြုသီဆိုမည်ဟု သိရသည်။

စက်တင်ဘာ ၂၂ရက်အမီ အင်တာနက်တွင် နားဆင်နိုင်ရန် ပြင်ဆင်ထားပြီး အဓိကကတော့ ရိုက်ကူးရေးမပါနိုင်သေးဘဲ တေးသီချင်းကိုသာ အချိန်မီတင်နိုင်ရန် ပြင်ဆင်နေကြောင်း သူကရှင်းပြသည်။ “ဒီသီချင်းလေးက ကျွန်မရဲ့တတိယအယ်လ်ဘမ်မှာ သီဆိုမှာပါ။ အခုကတော့ သီချင်းစာသားလေးနဲ့ သံစဉ်လေးကို အမှတ်တရဖြစ်အောင် တင်ရခြင်းပါ”ဟု စိုးပြည့်သဇင်က ဆိုသည်။

တေးသံရှင် ပိုပိုနှင့်အတူ တေးသီချင်းများ သီဆိုထုတ်ဝေသွားရန်ရှိပြီး ပေ့ါပ်၊ အာရ်အန်ဘီ ပုံစံများကို အားသန်ကြောင်း၊ အစ်မဖြစ်သူ စန္ဒီမြင့်လွင်နှင့်လည်း ပထမဆုံးအကြိမ် တွဲဖက်သီဆိုရန်ရှိပြီး သီချင်းများအပေါ် ရူးသွပ်မိနေကြောင်း သူကပြောပြသည်။

စိုးပြည့်သဇင်သည် သရုပ်ဆောင်ပိုင်းကိုလည်း တတ်စွမ်းသလောက် ကြိုးစားမြှင့်တင်နေသည်ဟု သိရပြီး အောက်တိုဘာလအတွင်း ဟိန်းဝေယံနှင့်တွဲဖက်ကာ ရုံတင်ကားကြီးတစ်ကား ရိုက်ကူးရန်ရှိကြောင်း သိရသည်။ လက်ရှိတွင်တော့ ပညာရေးအတွက် စာမေးပွဲကိုသာ အာရုံထားနေ သည်ဟု ပြောကြားပြီး အချစ်ရေးနှင့် ပတ်သက်၍လည်း “လက်ရှိအချစ်ရေးနဲ့ ပတ်သက်ပြီး ဘာမှပြောစရာရှိမနေသေးဘူး။ ရှင်းပြဖို့လည်း အားထုတ်မှာမဟုတ်ဘူး”ဟု သူကဆိုသည်။ စိုးပြည့်သဇင်အား သရုပ်ဆောင်မင်းသားတစ်ဦးနှင့် လုပ်ငန်းများတွဲဖက်လုပ်ကိုင်မှုစိပ်နေသဖြင့် ချစ်သူများဖြစ်နေကြပြီဟု ဝေဖန်မှုများကိုလည်း ကြားသိရသည်။

ဝေလင်း

ဝါရင့်အနုပညာရှင်များကို လေးစားဂါရဝထားဖို့ လူငယ်တေးသံရှင်များကို မေရှက်ဝါတိုက်တွန်း

ဝေလင်း

ဝါးခယ်မ ရဲမောင်၏ သမီးဖြစ်သူ အဆိုတော် မေရှက်ဝါသည် ဂီတခရီးလမ်းကို (၃) နှစ်သမီး အရွယ်ကတည်းက ထိတွေ့လိုက်ပါခံစားခဲ့ခြင်းဖြစ်ပြီး ဖခင်က တပည့်များကို ဂီတပညာများ သင်ကြားပို့ချနေစဉ်အတွင်း သီချင်းများအား ချစ်ခင်နှစ်သက် ခြင်းဖြင့် လူကြီးများထပ်ပြန်ကျော့နေချိန် တွင် သမီးငယ် မေရှက်ဝါမှာမူ ဟန်ပန်အပြည့်၊ ခံစားမှုအပြည့်ဖြင့် သီဆိုတတ်ခဲ့သူ ဖြစ်သည်။ အသက် ၁၈ နှစ်အရွယ်မှစကာ အောင်မြင်သည့် တေးစီးရီးပေါင်းများစွာကို သီဆိုခဲ့ပြီး ယနေ့အထိ စုစုပေါင်း တေးစီးရီး ၁၉၀ ကျော်ခဲ့ပြီဖြစ်သည်။ ယနေ့အသက် ၅၄နှစ်အရွယ်တိုင် သူ့တေးသီချင်းများကို တက်သစ်စ အနုပညာရှင်များ အကြိမ်ကြိမ်ပြန်ဆိုနေကြသည်ကို မြင်ရသည်။

မေရှက်ဝါရဲ့ခံယူချက်

ကြိုးစားရတာက အခုခေတ်နဲ့ဆို ကွာတယ်။ နည်းပညာတွေလည်း မထွန်းကားသေးတော့ နဂိုမူရင်း အသံကိုပဲ အားကိုးခဲ့ရတယ်။ အကောင်းဆုံးဆိုရတယ်။ မှားသွားရင် အစကနေ ပြန်တီးရတယ်။ ပြန်ဆိုရတယ်။ အဲဒီခေတ်လို့ ပြောလို့ရတဲ့ မေဆွိ၊ မေခလာ၊ မေရှက်ဝါဆိုပြီး မေသုံးမေ ဆိုပြီး ခေတ်စားခဲ့ဖူးတယ်။ အခါခါ လုပ်ကြရတော့ တန်ဖိုးလည်း ပိုထားဖြစ်တယ်လို့ ထင်ပါတယ်။ အခုနောက်ပိုင်းမှာက နည်းပညာကလည်း မြင့်လာတယ်။ ကံလည်းကောင်းကြတယ်။ နည်းနည်းကြိုးစားရင် များများဖြစ်ထွန်းနိုင်တဲ့ ကာလလို့ ပြောရင်ရတယ်။ သီချင်းဆိုတဲ့အခါမှာ အသက်ရှူပုံလေးကအစ၊ စာသားတူနေ တာတောင် ခံစားချက်နဲ့ အထားအသို၊ အဆွဲအငင်လေးကအစ ရည်ရွယ်ချက်တွေ၊ ပရိသတ်ကို ပေးချင်တဲ့ ရသတွေ ကွာခြားပါတယ်။ ပြန်ဆိုနေကြတာကို အခုကြည့်မိတယ်။ ပေ့ါတယ်လို့ ခံစားရတယ်။ သီချင်းမှာက ဟင် လေးတစ်လုံးကတောင် သီချင်းရဲ့အနှစ်သာရကို ပြောင်းနိုင်တယ်။

တက်သစ်စတွေကို သတိပေးချင်

တက်သစ်စလေးတွေ ဂီတပညာရှင်အစ်ကိုအစ်မတွေအပေါ် ဂါရဝတရား အားနည်းနေတယ်လို့ မြင်မိတယ်။ ကိုယ့်တုန်းက ကိုယ့်ထက်ဝါရင့်သူတွေလာတာနဲ့ ခန္ဓာကိုယ်ကို သတိဆွဲပြီး လေးစားသမှု ပြုခဲ့ဖူးတယ်။ သူ့တို့ပညာ၊ သူတို့ဝီရိယအပေါ် ကိုယ်တွေအားကျတာ။ အခုတော့ အခွေလေးတောင် မထွက်နိုင်သေးဘူး။ နာမည်ရစ၊ ပြိုင်ပွဲတွေမှာ တော့ပ်တန်းဝင်စရှိသေးတယ်။ ဝါရင့်အနုပညာရှင်တွေ မြင်ရင် နှုတ်ဆက်ဖို့ နေနေသာသာ နေရာတောင်မပေးချင်ကြတာ။ ကြုံရဖူးတယ်။ ကိုယ့်ကိုပြန်မေးတယ်လေ။ အန်တီက သမီးကို မသိဘူးလားတဲ့။ နယ်ပယ်တစ်ခုကို ကိုယ်ဝင်တော့မယ်ဆိုရင် အဲဒီ နယ်ပယ်လေးရဲ့ဖြတ်သန်းလာတဲ့ သမိုင်းကြောင်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ အဖြစ်အပျက်တွေ အသေးစိတ် မဟုတ်တောင် ဘယ်ခေတ်မှာ ဘယ်သူက ခေတ်ပြိုင်တွေပေါ်လာတယ် စသည်ဖြင့် ဘယ်ဂီတက တော့ ဘယ်နှစ်တွေမှာ အားကောင်းခဲ့တယ်ဆိုတာမျိုးလောက်တော့ လေ့လာသင့်တယ်။

ဒါကလည်း သူတို့အတွက်ပါ။ ဒါမှ ပိုပြီးကောင်းမွန်တဲ့ ဂီတမျိုးဆက်တွေ ဖြစ်လာမယ်လို့ ထင်ပါတယ်။ အခုနောက်ပိုင်းမှာက တစ်ပုဒ်ကောင်းအဆိုတော်တွေ များလာတယ်လို့ သတိထားမိတယ်။ ကျွန်မတို့ ခေတ်ကတော့ ပတ္တလားတစ်လုံးတည်းနဲ့လည်း ဆိုခဲ့ရဖူးသလို အလွတ်လည်း ဆိုခဲ့ဖူးတယ်။ ဒီခေတ်မှာကလေးတွေ ဂီတကို အခြေခံမနိုင်တာတွေ တွေ့ရတယ်။ တီးဝိုင်းနဲ့တောင် အပေါက်အလမ်း တည့်အောင် မနည်းလိုက်ထိန်းနေရတာမျိုးပေ့ါ။ ဒါကြောင့် ဂီတလောကကြီးကို အဆင့်မြှင့်ဖို့ဆိုရင် လူငယ်တွေ အရည်အသွေးကိုထိန်းပါ။ ခေတ်အဆက်ဆက်က ဂီတလောကရဲ့ အားသာချက်၊ အားနည်းချက်တွေကို ဖော်ထုတ်ပြီး မိမိကိုယ်ကို မြှင့်တင်ကြပါလို့ ပြောချင်ပါတယ်။

တက်သစ်စလူငယ်များနှင့်ပတ်သက်၍ ဝေဖန်ချက် မတောင်းရန် မီဒီယာသမားများကို Rဇာနည် တောင်းဆို

ဂီတလောကသို့ အသစ်ဝင်လာသည့် တက်သစ်စများနှင့် စပ်လျဉ်း၍ ထင်မြင်ချက်၊ ဝေဖန်ချက်များပေးရန် မီဒီယာသမားအချို့ကတောင်းဆိုမှုအပေါ် ဖြေဆိုရန် ငြင်းဆိုပါကြောင်း ဂီတသက်တမ်း ၁၇ နှစ်သို့ ရောက်ရှိလာပြီဖြစ်သည့် Rဇာနည်က ပြောပြသည်။

ဆိုကြမယ် ပျော်ကြမယ် အစီအစဉ်မှတစ်ဆင့် စတင်လူသိများလာခဲ့ပြီး အက်ဆစ်အဖွဲ့နှင့် ပူးပေါင်းသီဆိုမှုမှသည် ပြန်ဆိုတေးများ၊ ကိုယ်ပိုင်တေးများဖြင့် အနုပညာလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်နေသည့် Rဇာနည်က “အားလုံးကကြိုးစားနေကြတာပါပဲ။ ဘယ်သူကတော့ ဘယ်လိုဖြစ်တယ်၊ ဘာတွေပြုပြင်ရမယ်ဆိုတဲ့ ဝေဖန်တာမျိုးတွေကို ကျွန်တော်မပြောချင်ဘူး။ အကြံဉာဏ်လိုချင်တာဆိုရင် ဆက်သွယ်ပါ၊ ကျွန်တော် အချိန်မရွေးပေးနိုင်ပါတယ်။ ဘာလို့လဲဆို ယနေ့ခေတ် လူငယ်တွေက တော်ကြတယ်လေဗျာ။ ပြောစရာမလိုအောင်တော်ကြပါတယ်။ ကျွန်တော်လည်း အဆို ပြိုင်ပွဲကနေ အဆိုတော်ဖြစ်လာတာပါ။ ကြာရင် အတွေ့အကြုံတွေပိုရင့်ကျက်လာမှာပါ။ ခေတ်ရဲ့အခြေအနေကိုက သီချင်းတွေကို အရင်ကလို နားထောင်ရတာချင်း မတူတော့ဘူး။ အွန်လိုင်းမှာ အဆင်သင့်နားထောင်လို့တောင်ရနေကြပြီ။ ကျွန်တော်တို့တုန်းက တကူးတကကိုဝယ်ပြီး နားထောင်ရတာမျိုး။ အချိန်က စကားပြောပါလိမ့်မယ်။ ဘယ်အလုပ်မဆို ပေးဆပ်မှုဆိုတာတော့ အတိုင်းအတာအလိုက် ရှိပါတယ်။ ဒါကြောင့် တက်သစ်စတွေကို ကျွန်တော်ကတော့ ဘာမှမဝေဖန်လိုပါဘူး”ဟု ဆိုသည်။

သူ့အနေနှင့် ကမ္ဘာသားတေးစီးရီးမှာ နောက်ဆုံးထွက်ရှိခဲ့ခြင်းဖြစ်ပြီး တစ်ကိုယ်တော် ဖျော်ဖြေပွဲ ပြုလုပ်ထားသည်မှာ မကြာသေးသောကြောင့် အချိန်အတိုင်းအတာတစ်ခုအထိ သီချင်းများကို သေချာရွေးချယ် ဖန်တီးရန်ရှိပြီး ထပ်မံ၍ ဂီတအတွက် လာမည့်နှစ်ဆန်းပိုင်းတွင် ထွက်ရှိရန်ပြင်ဆင်ထားကြောင်း သိရသည်။

ကိုလင်း

မွေးနေ့ ဖျော်ဖြေပွဲအပြီး ပြည်ပတွင် မိသားစုနှင့် နှစ်ရှည်နေထိုင်သွားဦးမည်

အောက်တိုဘာ ၇ ရက်တွင် ကျရောက်မည့် မွေးနေ့တွင် တစ်ကိုယ်တော်ရှိုးပွဲပြုလုပ်သွားမည်ဖြစ်ပြီး မွေးနေ့အပြီးနောက်ပိုင်း အချိန်အတော်များများကိုတော့ မိသားစုနှင့်အတူ ပြည်ပတွင် ရှိနေမည်ဖြစ်ကြောင်း အသံအားကောင်းကောင်းဖြင့် သီဆိုတတ်သည့် ပရိသတ် အသည်းကျော် တင်ဇာမော်က ပြောပြသည်။

“ဒီနှစ်ထဲမှာ ပွဲတွေက ဆက်တိုက်ပဲဖြစ်နေတယ်။ ရန်ကုန်နဲ့ မန္တလေးကတော့ ဆက်တိုက်လိုလို ပွဲတွေရှိတယ်။ ဒါက ပွဲစီစဉ်သူတွေရဲ့စိတ်ကူးပါ။ ကျွန်မကတော့ မွေးနေ့အမှတ်တရလေး လုပ်ဖြစ်မယ်ဆိုတော့ ပျော်ပါတယ်။ ကိုယ်တိုင်ကလည်း တစ်သက်လုံး ဂီတနဲ့ပဲ အသက်မွေးဝမ်းကျောင်းလာခဲ့တာ။ ပရိသတ်ရှိးသွားမှာကြောက်တော့ မဆိုရသေးတဲ့ သီချင်းတွေရော၊ မိတ်ဆက်ပေးဖို့ ရှိပါတယ်။ အများဆုံး ကတော့ မွေးနေ့ရှိုးပွဲအတွက် ရော့ခ်ပုံစံတွေများတယ်”ဟု တင်ဇာမော်က ပြောသည်။ တင်ဇာမော်အနေနှင့် ဂီတနှင့် ပတ်သက်ပြီး ဆက်တိုက်ဆိုသလို အလုပ်တွေဆောင်ရွက်နေသည်မို့ မကြာမီ မိသားစုကို အချိန်ပေးရန် အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်နေထိုင်ဦးမည်ဟု သိရသည်။

“အခွင့်အရေးလေးရတုန်းကို အနုပညာအလုပ်တွေလုပ်ချင်တယ်။ တစ်ဖက်မှာလည်း ယောက္ခမကြီး မိဘက ကိုယ့်ကိုယ်စားမိသားစုကို စောင့်ရှောက်တယ်။ သားကလည်း အတန်းကြီးလာပြီ။ ဒါကြောင့် အချိန်နည်းနည်းပြန်ပေးဦးမယ်လို့ စဉ်းစားထားတယ်။ မွေးနေ့ရှိုးပြီးရင်တော့ ဟိုမှာပဲ ပြန်နေဖို့ စိတ်ကူးထားတယ်။ ပြန်လာရင်တောင် ကလေးတွေ ကျောင်းပိတ်ရက်မျိုးလောက်ပဲ ရှိမယ်။ ပရိသတ်နဲ့ အဆက်အသွယ်ပြတ်မသွားအောင်တော့ လုပ်ဖို့အစီအစဉ်လေးတွေဆွဲနေတယ်”ဟု တင်ဇာမော်က ဆိုသည်။

ဝေလင်း

ငလျင်အတွက် ကြိုတင်လေ့ကျင့်ထားရမည့် ထိုင်ချ-ခိုလှုံ-ငြိမ်နေ

လှလှအောင်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ကျောင်းတစ်ကျောင်း၌ ငလျင်လှုပ်လျှင် အန္တရာယ်ကင်းစေရေး ကြိုတင်လေ့ကျင့်နေစဉ်

ပြီးခဲ့သော ဩဂုတ်လက အီတလီနိုင်ငံ အစ်ချီးယားမြို့လေးအနီး ငလျင်လှုပ်ခဲ့စဉ် မိမိကိုယ်ကို ကာကွယ်တတ်သော ကလေးငယ်များ အသက်ရှင်လွတ်မြောက်ခဲ့ရပုံကို ဖော်ပြပြီးဖြစ်ပါသည်။ ငလျင်လေ့ကျင့်ခန်း (earthquake drill exercise) ဟုဆိုသော ထိုင်ချ-ခိုလှုံ-ငြိမ်နေ(drop- cover -hold on)တို့ကို စိတ်ဝင်စား၍ လေ့ကျင့်လိုပါက လေ့ကျင့်နိုင်ရန် မျှဝေရေးသားပါသည်။

၁။ ထိုင်ချ(Drop)

ငလျင်လှုပ်သည်ဟု ခံစားရရချင်း ဆောင့်ဆောင့်ထိုင်ချပြီး လက်နှစ်ဖက်ယှက်၍ ဦးခေါင်းပေါ်တင်ကာ ဦးခေါင်းကိုငုံ့လိုက်ပြီး အကာအကွယ်ယူလိုက်ရမည်။

၂။ ခိုလှုံ(Cover)

စားပွဲ၊ ထိုင်ခုံ၊ ခုတင် တစ်ခုခုကို ရှာတွေ့လျှင် အလျင်အမြန်ရွေ့သွားပြီး စားပွဲအောက်သို့ ပြေးဝင်ခိုလှုံရသည်။

၃။ ငြိမ်နေ(Hold on)

စားပွဲခြေထောက်ကို လက်နှစ်ဖက်နှင့် မြဲမြဲကိုင်ကာ ဦးခေါင်းငုံ့၍ ဝပ်နေရသည်။

၄။ ငလျင်လှုပ်ခြင်း ရပ်သွားပြီဆိုမှ ထိုင်နေရာမှ ကွင်းပြင်ရှိရာသို့ အမြန်သွားစုရမည်။

ကယ်လီဖိုးနီးယားပြည်နယ် Shake-out အဖွဲ့အစည်းမှ မျှဝေထားသည့် လေ့ကျင့်ခန်းဗီဒီယိုအရ ရှင်းပြရလျှင်-

(၁) Drop- ပထမဦးစွာ ငလျင်လှုပ်တော့မည့်လက္ခဏာ သိမ့်ကနဲလှုပ်သည်ကို ခံစားရသည်နှင့် ချက်ချင်းလေးဘက်ထောက်ရသည်။

(၂) **Cover**- ထို့နောက် ဝပ်ချလိုက်ပြီး လက်နှစ်ဖက်ကို လည်တိုင်အပေါ်နားတွင်ယှက်၍တင်ပြီး ဦးခေါင်းကို ငုံ့ထားရသည်။

(၃) **ဘေးပတ်လည်မှ ခိုလှုံစရာ**(ဥပမာ- ကုလားထိုင်၊ စားပွဲ၊ ခုတင်) များရှိရာအောက်ဆီသို့ လက်တစ်ဖက်ထောက်၍ တွားသွားရသည်။ ကျန်လက်တစ်ဖက်ကိုမူ လည်တိုင်ပေါ်တွင် ထားမြဲထားရသည်။

(၄) **Hold on**-စားပွဲအောက်ရောက်လျှင် ဦးခေါင်းကို ငုံ့မြဲငုံ့ပြီး စားပွဲခြေကို လက်တစ်ဖက်ဖြင့် ခိုင်မြဲစွာကိုင်၍ ကျန်လက်တစ်ဖက်က လည်တိုင်ပေါ် ထားမြဲထား၍ ဝပ်နေရမည်။

(၅) **ငလျင်လှုပ်၍ ခါယမ်းခြင်း ရပ်သွားပြီဆိုမှ စားပွဲအောက်မှထွက်၍ ကွင်းပြင်ဆီသို့ အလျင်အမြန် သွားရသည်။**

ဤလုပ်ဆောင်ချက်ကို မြန်နိုင်သမျှ မြန်မြန်လုပ်၍ အကာအကွယ်ယူရမည်ဖြစ်သည်။ Shakeout drill သည်ပထမ ငလျင်လေ့ကျင့်ခန်းနှင့် အနည်းငယ်ကွာခြားသော်လည်း ငလျင်လှုပ်လျှင် မိမိကိုယ်ကိုကာကွယ်ရမည့် လုပ်ဆောင်ချက်သည် များစွာကွာခြားမသွားပေ။

‘ထိုင်ချ-ခိုလှုံ-ငြိမ်နေ’ဆိုသော လုပ်ဆောင်ချက်သည် ငလျင်လှုပ်သည့်အခါ ငလျင်အန္တရာယ်ကြောင့် ဒဏ်ရာရရှိခြင်း၊ အသက်ဆုံးရှုံးရခြင်းဘေးမှ ကင်းဝေးအောင်၊ လျော့ပါးအောင် သင့်တော်သည့်ကာကွယ်မှုဟု အမေရိကန်နိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲသူ ပညာရှင်များနှင့် သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး အဖွဲ့အစည်းများက သဘောတူထားသည့် ပြုမူချက်ဖြစ်သည်။

ထို့ကြောင့် Shake out မည်သော လေ့ကျင့်မှုဖြင့် ငလျင်လှုပ်စဉ် မိမိကိုယ်ကို မည်သို့ကာကွယ်ရန် လေ့ကျင့်ခြင်းသည် ဘေးကင်းအခွင့်အရေးတစ်ရပ်ဟု ယုံကြည်ချက်ဖြင့် အမေရိကန်နိုင်ငံတစ်ဝန်း တစုတဝေး စုပေါင်းလေ့ကျင့်ကြသည်။ ယခင်ကဆိုလျှင် ငလျင်လှုပ်လျှင် မည်သို့ကာကွယ်ရမည်မသိ၊ ထွက်ပြေးရန်သာ စိတ်အားထက်သန်ခဲ့ကြသည်။ ထွက်အပြေးနှင့် ပစ္စည်းပြုတ်ကျချိန် ကြုံကြိုက်၍ ဒဏ်ရာရခဲ့သည်။ အချို့မှာလည်း တစ်နေရာကို ဝင်ပုန်းခိုလှုံနေသော်လည်း သင့်တော်သည်ဟုမမြင်။ တစ်ခါတစ်ရံ ငလျင်သည် တော်ရုံခါယမ်းသည်။ တစ်ခါတစ်ရံ ငလျင်သည် ငလျင်ကြီးဖြစ်လျှင် မိမိတို့အိမ်သည် ရုတ်တရက် ပြင်းပြင်းထန်ထန်ဘေးတိုက်ဖြစ်စေ အထက်/အောက်ဝေးကွာစွာ ခါရမ်းသည့်အခါ အိမ်ထဲရှိပစ္စည်းများ ပြုတ်ကျ/ လွင့်စင်/ပြိုကျတတ်သည်။ ထိုအခါမျိုးတွင် မိမိအတွက် ထိခိုက်နိုင်စရာ အခြေအနေများစွာ ဖြစ်ပေါ်နေတတ်သည်။

ထို့ကြောင့် မိမိကိုယ်ကို စနစ်တကျ ကာကွယ်နိုင်စေရန် အကောင်းဆုံးသော ဤလေ့ကျင့်မှုကို ဖော်ဆောင်ခဲ့သည်။ ငလျင်လှုပ်တော့မည့် လက္ခဏာအဖြစ် ပထမဆုံးသော သိမ့်ကနဲလှုပ်ရှားမှုကို ခံစားရသည်နှင့် အလျင်အမြန် လုပ်ဆောင်ရမည်ဖြစ်သည်။ အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်ရန်လည်း လိုအပ်သည်။ သို့မှသာ ငလျင်ဖြစ်သည်နှင့် အသင့်လုပ်ဆောင်နိုင်မည် ဖြစ်သည်။ မည်သည့် အခြေအနေတွင်ဖြစ်စေ၊ မည်သည့်နေရာမှာ ရောက်နေပါစေ ငလျင်ကြောင့် မိမိကိုယ်ကို ဒဏ်ရာမရရှိစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ ။

အဘယမုနိ အောင်စေတီတော် ထီးတော်တင်လှူပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာအုပ်စု သပြေညိုကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် အဘယမုနိ အောင်စေတီတော် ဌာပနာသွင်း၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် အနေကဇာတင်ပွဲကို စက်တင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်က သီလချီးမြှင့်ပြီး အလှူရှင်နှင့် ဧည့်ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ရွှေထီးတော် ဘုံဆင့်များကို ပင့်ဆောင်၍ စေတီတော်ကို လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး နံနက် ၉ နာရီတွင် ထီးတော်များ တင်လှူပူဇော်ခဲ့ကြသည်။ အဆိုပါ စေတီတော်ကို ရွှေခဲအင်းကျေးရွာ သပြေညိုကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်နှင့် မန္တလေး ရန်ကင်းတောင်ဆရာတော်တို့အား အမှူးထား၍ ဇမ္ဗူသီရိမြို့နယ်နေ ဦးသန်းအောင်မိသားစုက တည်ထားပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

မကြာမီကျရောက်တော့မည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိတ္ထီလာမြို့အမှတ်(၃၅)လုံခြုံရေးတပ်ဖွဲ့ခွဲမှ ဒုရဲမှူးကြီးခွန်မြတ်လင်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၄၃ ဦး၊ မိသားစုဝင် ၁၄ ဦးနှင့် စာရေးဝန်ထမ်းတစ်ဦး စုစုပေါင်း ၅၈ ဦးတို့က မိတ္ထီလာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၁၅ ရက် နံနက်က စုပေါင်းသွေးလှူဒါန်းကြစဉ်

တင်ထွန်းတာ(တပ်ကုန်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

ခေလျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၃/၂၀၁၇

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

၁။ ဝန်ကြီးဌာန/အဖွဲ့အစည်း (၁၁)ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံး

ရာထူး	လစ်လပ်	ပညာအရည်အချင်း
ဦးစီးအရာရှိ	၉ နေရာ	မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)/မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech)

(ခ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စဉ် ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁) ကုန်သွယ်ရေး ဦးစီးဌာန	ဦးစီးအရာရှိ	၂ နေရာ	မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ)[M.A(English Language)]
		၂ နေရာ	မဟာဝိဇ္ဇာဘွဲ့(တရုတ်ဘာသာ)[M.A(Chinese)]
		၂ နေရာ	မဟာဝါဏိဇ္ဇဘွဲ့(M.Com)
(၂) စားသုံးသူရေးရာ ဦးစီးဌာန	ဦးစီးအရာရှိ	၆ နေရာ	မဟာဥပဒေဘွဲ့(L.L.M)
		၆ နေရာ	မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A(English)]

(ဂ) ပညာရေးဝန်ကြီးဌာန

ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန	ဌာနစုမှူး	၄၅ နေရာ	မဟာဝါဏိဇ္ဇဘွဲ့(M.Com)/လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ(CPA)

(ဃ) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

စဉ် ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁) သာသနာရေး ဦးစီးဌာန	ဦးစီးအရာရှိ	၃ နေရာ	ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)
	(အမျိုးသား)	၄ နေရာ	ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[B.A(English)]
		၃ နေရာ	ဝါဏိဇ္ဇဘွဲ့(B.Com)/စာရင်းကိုင်ပညာဘွဲ့(B.Act)
		၁၀ နေရာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့
(၂) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန	လက်ထောက်အင်ဂျင်နီယာ	၅ နေရာ	အင်ဂျင်နီယာဘွဲ့/မဟာအင်ဂျင်နီယာဘွဲ့(မြို့ပြ)[B.E/M.E(Civil)]/ဗိသုကာဘွဲ့/မဟာဗိသုကာဘွဲ့(B.Arch/M.Arch)
(၃) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန	ဦးစီးအရာရှိ	၂ နေရာ	အင်ဂျင်နီယာဘွဲ့(မြို့ပြ)[B.E(Civil)]
	(အမျိုးသား)	၂ နေရာ	မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A(English)]
		၅ နေရာ	တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ

(င) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

စဉ် ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁) တိုင်းရင်းဆေးပညာဦးစီးဌာန	ဦးစီးအရာရှိ (စီမံ/ဘဏ္ဍာ)	၁၅ နေရာ	ဝါဏိဇ္ဇဘွဲ့(B.Com)
	ဦးစီးအရာရှိ (ကွန်ပျူတာ)	၁၅ နေရာ	တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးကွန်ပျူတာသိပ္ပံဒီပလိုမာ(D.C.Sc)ရရှိသူ/ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)/ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)
(၂) အားကစားနှင့်ကာယပညာ ဦးစီးဌာန	ဦးစီးအရာရှိ (အားကစားမှူး)	၂၂ နေရာ	တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး တိုင်းဒေသကြီး/ပြည်နယ် (အလွတ်တန်း)လက်ရွေးစင်ဖြစ်သူ
	ဦးစီးအရာရှိ (ကွန်ပျူတာ)	၂ နေရာ	မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)/မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech)/မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)]
	ဦးစီးအရာရှိ (ရိပ်သာ)	၂ နေရာ	တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းမှ စားပွဲထိုး/ထမင်းချက် လက်မှတ်ရရှိသူ
	လက်ထောက်စာကြည့်တိုက်မှူး	၂ နေရာ	တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးစာကြည့်တိုက်ဒီပလိုမာ (Diploma in Library & Information Studies) အောင်လက်မှတ်ရရှိသူ
	လက်ထောက်အင်ဂျင်နီယာ	၄ နေရာ	အင်ဂျင်နီယာဘွဲ့(မြို့ပြ/လျှပ်စစ်စွမ်းအား)[B.E(Civil/Electrical Power)]

(စ) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

စဉ် ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁) တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန	ဦးစီးအရာရှိ	၁၂ နေရာ	ပြည်တွင်းတက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ
(၂) တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန	ဦးစီးအရာရှိ	၁၂ နေရာ	ပြည်တွင်းတက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ

(ဆ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

စဉ် ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁) ဝန်ကြီးရုံး	ဦးစီးအရာရှိ	၁ နေရာ	မဟာဝါဏိဇ္ဇဘွဲ့(M.Com)/ဝါဏိဇ္ဇဘွဲ့ရရှိပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ [B.Com(CPA)]/မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)[M.Econ(Economics)]
	ဦးစီးအရာရှိ (အမျိုးသား)	၁ နေရာ	မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ)[M.A(English as a Foreign Language)]/မဟာဝိဇ္ဇာဘွဲ့(လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ)[M.A(E.P.P)]/မဟာဝိဇ္ဇာဘွဲ့(အသက်မွေးဝမ်းကျောင်းသုံးအင်္ဂလိပ်စာ)[M.A(E.O.P)]/ဝိဇ္ဇာဘွဲ့(ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ)[B.A(Tourism)]
	(အမျိုးသမီး)	၁ နေရာ	
	ဦးစီးအရာရှိ	၁ နေရာ	မဟာဥပဒေဘွဲ့(L.L.M)
		၁ နေရာ	မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)/မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)]/မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech)
(၂) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန	ဦးစီးအရာရှိ	၂ နေရာ	မဟာဝါဏိဇ္ဇဘွဲ့(M.Com)/ဝါဏိဇ္ဇဘွဲ့ရရှိပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ [B.Com(CPA)]/မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)[M.Econ(Economics)]
	ဦးစီးအရာရှိ (အမျိုးသား)	၆ နေရာ	မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ)[M.A(English as a Foreign Language)]/မဟာဝိဇ္ဇာဘွဲ့(လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ)[M.A(E.P.P)]/မဟာဝိဇ္ဇာဘွဲ့(အသက်မွေးဝမ်းကျောင်းသုံးအင်္ဂလိပ်စာ)[M.A(E.OP)]/ဝိဇ္ဇာဘွဲ့(ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ)[B.A(Tourism)]
	(အမျိုးသမီး)	၄ နေရာ	
	ဦးစီးအရာရှိ	၂ နေရာ	မဟာဥပဒေဘွဲ့(L.L.M)
		၂ နေရာ	မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc) /မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)]/မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech)
		၂ နေရာ	မဟာသုတေသနဘွဲ့/မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[M.Res/M.A(International Relations)]

(ဇ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

စဉ် ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း	လက်ထောက်မန်နေဂျာ(စီမံ) (အမျိုးသား)	၂ နေရာ	မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ)[M.A(English Language)] (နိုင်ငံခြားဘာသာတက္ကသိုလ်မှဘွဲ့ရရှိသူဖြစ်ရမည်။)
	(အမျိုးသမီး)	၁ နေရာ	
	လက်ထောက်မန်နေဂျာ (ဘဏ္ဍာ)	၇ နေရာ	ဝါဏိဇ္ဇဘွဲ့ရရှိပြီးလက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ(B.Com,CPA)/တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးလက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ(Any Degree,CPA)/မဟာဝါဏိဇ္ဇဘွဲ့(M.Com)ရရှိသူ
	လက်ထောက်မန်နေဂျာ (အင်ယာ) (အမျိုးသား)	၆ နေရာ	အင်ဂျင်နီယာဘွဲ့/မဟာအင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား)[B.E/M.E(E.P)]
	(အမျိုးသမီး)	၂ နေရာ	
	လက်ထောက်မန်နေဂျာ (ဥပဒေ)	၁ နေရာ	မဟာဥပဒေဘွဲ့(L.L.M)
(၂) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန	ဦးစီးအရာရှိ (မြို့ပြ)	၂၅ နေရာ	အင်ဂျင်နီယာဘွဲ့(မြို့ပြ)[B.E(Civil)]
(၃) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း	ဦးစီးအရာရှိ (စီမံ)	၈ နေရာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့
	ဦးစီးအရာရှိ (ဘဏ္ဍာ)	၂ နေရာ	ဝါဏိဇ္ဇဘွဲ့(B.Com)/မဟာဝါဏိဇ္ဇဘွဲ့(M.Com)/လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ(CPA)
(၄) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း	လက်ထောက်မန်နေဂျာ (ဘဏ္ဍာ)	၁၇ နေရာ	မဟာဝါဏိဇ္ဇဘွဲ့(M.Com)/စာရင်းကိုင်ပညာမဟာဘွဲ့(M.Act)/လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်(CPA)ရရှိသူ/ဝါဏိဇ္ဇဘွဲ့(B.Com)/စာရင်းကိုင်ပညာဘွဲ့(B.Act)/တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး စာရင်းကိုင်ဒီပလိုမာလက်မှတ်(D.A)ရရှိသူဖြစ်ပါက အစိုးရဌာနတစ်ခုခု၌ ဘဏ္ဍာရေးငွေစာရင်းလုပ်သက်(၅)နှစ်အထက် အတွေ့အကြုံရှိပြီး လက်ရှိတာဝန်ထမ်းဆောင်ဆဲဝန်ထမ်းဖြစ်သူ
	လက်ထောက်မန်နေဂျာ (ဥပဒေ)	၁ နေရာ	မဟာဥပဒေဘွဲ့(L.L.M)

(ဈ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

စဉ် ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁) သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန	ဦးစီးအရာရှိ (အမျိုးသမီး) (စီမံ/ဘဏ္ဍာ/ထောက်ပံ့ဌာန)	၂ နေရာ	ဝါဏိဇ္ဇဘွဲ့(B.Com)
	ဦးစီးအရာရှိ (အမျိုးသား) (ဥပဒေ/နိုင်ငံတကာ/ပြန်ကြားရေးဌာန)	၁ နေရာ	ဥပဒေဘွဲ့(L.L.B)

စာမျက်နှာ ၁၉ သို့

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၉)၊ ဦးပိုင်အမှတ်(၁၄)၊ ၅၀×၅၁၊ ဘုရင့်နောင်×အောင်ဇေယျလမ်းကြားရှိ ဦးမြင့်ဝေ အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးသန်းလှိုင် ၉/မရမ(နိုင်) ၀၄၈၃၇၁ မှ မြေချထားမိန့်၊ မြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၄)၊ ဦးပိုင်အမှတ်(၇၈)၊ ၇၀×၇၁လမ်းကြား၊ ဝေဿလီ×သာယာဝတီမင်းကြီးလမ်းကြားရှိ ဗိုလ်ကြီးစစ်တာအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမိုးကျော် ၁၂/သဃက(နိုင်)၀၆၅၄၆၉မှ မြေချထားမိန့်၊ မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(G-ဂျီ)၊ ဦးပိုင်အမှတ်(၉၄)၊ ၅၇×၅၈လမ်းကြား၊ ခိုင်ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြားရှိ ဒေါ်အုံးရွှေအမည်ဖြင့်ချထားပေးသောမြေကွက်အား ဒေါ်ယဉ်ယဉ်လှ ၁၃/ကခန(နိုင်)၀၃၁၇၁၅မှ မြေစလစ်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင်၊ ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ (၅)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့(၅)ရပ်၊ ဝိုင်းကွက်အမှတ် ၅၇၇၊ ဦးဝေဇင်မင်းထွန်း ၉/မနမ(နိုင်) ၀၀၀၃၆၄အမည်ပေါက် ဝိုင်းမြေကွက်အတွက် ဒေါ်အေးအေးခိုင် ၉/မနမ(နိုင်)၀၄၉၉၅၂(ဘ)ဦးလှကိုမှ ရွှေစည်းခုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်း များဖြင့် ရွှေစည်းခုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်အေးအေးခိုင်သို့ ရွှေစည်းခုံစေတီတော် ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရွှေစည်းခုံစေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ ညောင်ပင်ခင်တန်းကျေးရွာမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူ မမို့မို့ဝေ၏ဖခင် ဦးကျော်မျိုးလွင်နှင့် ဦးကျော်မျိုး ၁၂/သခန(နိုင်)၀၈၄၄၇၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ ညောင်လန်းကုန်းကျေးရွာမှ ဦးမြလှိုင်၏သား ဦးမြင့်လှိုင် ၁၂/သခန(နိုင်)၀၃၉၉၉၅ နှင့် ဦးအောင်မြင့်လှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မြေသယ်ကားရောင်းမည်
FORLAND ၁ကျင်းခွဲ
(၇၅) သိန်း ညှိနိုင်း
Ph:09-785084831

ဒီဇယ်ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

မာံ
SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊ "ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

ပျောက်ဆုံးကြောင်း

WIN SANN PWINT AUNG MYIN SERVICES Co.,Ltd. နာမည်ဖြင့် တင်သွင်းထားသော TOYOTA (MARK II) GX 110-6068751 ၏ ဆိပ်ကမ်းမှ ထုတ်ယူထားသည့် စာရွက်စာတမ်း လိုင်စင်မူရင်း ပျောက်ဆုံးသွားကြောင်း အသိပေး ကြေညာအပ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/6909 DAGON TAWWIN D/T ယာဉ်လက်ဝယ်ရှိသူ D HLA MYINT ၃/ဘအန(နိုင်)၀၉၁၇၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/2947 Hyundai Staren, Mini Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမာ ၁၂/ဥကမ(နိုင်)၁၈၄၄၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/4741 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

စာမျက်နှာ ၁၈ မှ

	ဦးစီးအရာရှိ (e-Government ဌာနနှင့် အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန)	၉ နေရာ	အင်ဂျင်နီယာဘွဲ့/မဟာအင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်/သုတနည်းပညာ)[B.E/M.E (Electronic/Information Technology)]/ မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)
	ဦးစီးအရာရှိ (သင်တန်းကျောင်း)	၂ နေရာ	အင်ဂျင်နီယာဘွဲ့/မဟာအင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) [B.E/M.E(Information Technology)]/ မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)
	ဦးစီးအရာရှိ (ဥပဒေ/နိုင်ငံတကာ/ပြန်ကြားရေးဌာန)	၁ နေရာ	အင်ဂျင်နီယာဘွဲ့/မဟာအင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်) [B.E/M.E(Electronic)]
	လက်ထောက်အင်ဂျင်နီယာ (ဂြိုလ်တုဆက်သွယ်ရေးဌာန)	၁ နေရာ	အင်ဂျင်နီယာဘွဲ့/မဟာအင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်) [B.E/M.E(Electronic)]
(၂) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန	ဦးစီးအရာရှိ (ဘဏ္ဍာရေးဌာန)	၂ နေရာ	မဟာဝါဏိဇ္ဇဘွဲ့(M.Com)/မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း/ဘောဂဗေဒ)[M.Econ(Stats/Eco)]/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(M.B.A)
	ဦးစီးအရာရှိ (ဥပဒေဌာန)	၂ နေရာ	မဟာဥပဒေဘွဲ့(L.L.M)
	ဦးစီးအရာရှိ **(အမျိုးသား)** (လိုင်စင်နှင့်စစ်ဆေးရေးဌာန၊အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းရေးဌာနနှင့်အရင်းအမြစ်စီမံခန့်ခွဲမှုဌာန)	၆ နေရာ	မဟာအင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်) [M.E(Electronic)]
(၃) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း	(၁) လက်ထောက်မန်နေဂျာ (စီမံရေးရာနှင့်လူ့စွမ်းအားအရင်းအမြစ်ဌာန)	၁၀ နေရာ	တက္ကသိုလ်မှဘွဲ့တစ်ခုခု/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(M.P.A)ရရှိသူ
	(၂) လက်ထောက်မန်နေဂျာ (ဥပဒေရေးရာနှင့်ညှိနှိုင်းရေးရာဌာန)	၅ နေရာ	ဥပဒေပါရဂူဘွဲ့(Ph.D)/မဟာဥပဒေဘွဲ့(L.L.M)
	(၃) လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး)	၁၀ နေရာ	ဝါဏိဇ္ဇဘွဲ့ရရှိပြီးလက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ(B.Com,C.P.A)(သို့မဟုတ်) လစာနှုန်း(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)အဆင့်နှင့်အထက်အဆင့်ဝန်ထမ်းဖြစ်ပါက အနည်းဆုံးလုပ်သက်(၃)နှစ်ရှိရမည်ဖြစ်ပြီးဝါဏိဇ္ဇဘွဲ့(B.Com)/စာရင်းကိုင်ပညာဘွဲ့(B.Act)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့(B.B.A)/တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးစာရင်းကိုင်ဒီပလိုမာ (D.A)အောင်မြင်ပြီးသူ
	(၄) လက်ထောက်မန်နေဂျာ (စီးပွားရေး)	၁၀ နေရာ	မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ/စာရင်းအင်း) [M.Econ(Eco/Stats)]မဟာဝါဏိဇ္ဇဘွဲ့(M.Com)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(M.P.A)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(M.B.A)ရရှိသူ
	(၅) လက်ထောက်အင်ဂျင်နီယာ	၁၀ နေရာ	အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ/အီလက်ထရွန်နစ်) [B.E(IT/Electronics)]

(ည) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စဉ် ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁) ငါးလုပ်ငန်းဦးစီးဌာန	ဦးစီးအရာရှိ	၁၀ နေရာ	စာရင်းကိုင်ပညာမဟာဘွဲ့(M.Act)/စာရင်းကိုင်ပညာဘွဲ့(B.Act)/မဟာဝါဏိဇ္ဇဘွဲ့(M.Com)/ဝါဏိဇ္ဇဘွဲ့(B.Com)/မဟာစီးပွားရေးပညာဘွဲ့(စာရင်းအင်း) [M.Econ(Stats)]/စီးပွားရေးပညာဘွဲ့(စာရင်းအင်း) [B.Econ(Stats)]/မဟာဥပဒေဘွဲ့(L.L.M)/ မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech)/ မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)/အင်ဂျင်နီယာဘွဲ့(မြို့ပြ/စက်မှု)[B.E(Civil/Mechanical)]
(၂) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	ဦးစီးအရာရှိ (မြို့ပြ) **(အမျိုးသား)**	၁၄ နေရာ	အင်ဂျင်နီယာဘွဲ့(မြို့ပြ)[B.E(Civil)]
(၃) စက်မှုလယ်ယာဦးစီးဌာန	ဦးစီးအရာရှိ **(အမျိုးသား)**	၂၀ နေရာ	အင်ဂျင်နီယာဘွဲ့(စက်မှု)[B.E(Mechanical)]
(၄) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန	ဦးစီးအရာရှိ **(အမျိုးသား)**	၂၆ နေရာ	သိပ္ပံဘွဲ့(သင်္ချာ/ဓာတုဗေဒ/ရူပဗေဒ/ဘူမိဗေဒ) ရရှိသူ (သို့မဟုတ်)ဌာနတွင်း ဝန်ထမ်းဖြစ်ပါက အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီး ပြင်ဦးလွင်မြေတိုင်းသင်တန်းကျောင်းမှ အခြေခံမြေတိုင်းသင်တန်း(သို့) တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းမှ လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအောင်မြင်ပြီးသူ (အထက်ပါဘွဲ့တစ်ခုခုအပြင် D.C.Sc ရရှိသူကိုဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။)

(ဋ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	(၁) ဦးစီးအရာရှိ	၂ နေရာ	ကွန်ပျူတာနည်းပညာဘွဲ့(ဆက်သွယ်ရေးနှင့်ကွန်ရက်နည်းပညာ)[B.C.Tech(Commun; & Networking)(Q)]
	(၂) ဦးစီးအရာရှိ	၇ နေရာ	ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/မဟာဝိဇ္ဇာဘွဲ့(စာကြည့်တိုက်နှင့်သုတပညာ/နိုင်ငံတကာဆက်ဆံရေးပညာ/အင်္ဂလိပ်စာ/ပထဝီ/သတင်းအတတ်ပညာ/မြန်မာစာ/ရှေးဟောင်းသုတေသန) [B.A(Hon;)]/ [M.A(Library & Information Studies/ International Relations/English/Geography/ Journalism/Myanmar/Archaeology)]
	(၃) ဦးစီးအရာရှိ	၃ နေရာ	ဥပဒေဘွဲ့/မဟာဥပဒေဘွဲ့[L.L.B(Q)]/(L.L.M)
	(၄) ဦးစီးအရာရှိ	၅ နေရာ	သိပ္ပံဘွဲ့/မဟာသိပ္ပံဘွဲ့(ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာအင်ဂျင်နီယာ)/(ဆေးဝါးသိပ္ပံဘွဲ့/မဟာဆေးဝါးသိပ္ပံဘွဲ့)[B.Sc(Q)]/[M.Sc(Environmental Engineering)]/(B.Phamarcy/M.Phamarcy)
	(၅) ဦးစီးအရာရှိ	၁၃ နေရာ	သိပ္ပံဘွဲ့/မဟာသိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ/ဓာတုဗေဒ/ဇီဝဓာတုဗေဒ/ဘူမိဗေဒ/အဏ္ဏဝါသိပ္ပံ/ပတ်ဝန်းကျင်သိပ္ပံ/သင်္ချာ/ရူပဗေဒ/မိုးလေဝသ/နျူကလီယရူပဗေဒ/သတ္တဗေဒ/ရုက္ခဗေဒ/ဇလဗေဒ/အဏုဇီဝဗေဒ/ဇီဝနည်းပညာ) [B.Sc(Q)]/ [M.Sc(Industrial-Chemistry/Chemistry/ Bio-Chemistry/Geology/Marine Science/ Environmental-Science/Mathematics/ Physics/Meteorology/Nuclear Physics/ Zoology/Botany/Hydrology/Micro-Biology/ Bio-Technology)]
	(၆) ဦးစီးအရာရှိ	၁၀ နေရာ	အင်ဂျင်နီယာဘွဲ့/မဟာအင်ဂျင်နီယာဘွဲ့ (လျှပ်စစ်စွမ်းအား/ဓာတု/မြို့ပြ/စက်မှု/ချည်မျှင်/ရေနံ/သတ္တုတူးဖော်ရေး/သတ္တုဗေဒ/သုတနည်းပညာ) [B.E(Q)]/[M.E(Electrical Power/Chemical/ Civil/Mechanical/Textile/Petroleum/Mining/ Metallurgy/Information Technology)]
	(၇) ဦးစီးအရာရှိ	၄ နေရာ	သိပ္ပံဘွဲ့/မဟာသိပ္ပံဘွဲ့(သစ်တော)[B.Sc(Q)]/ [M.Sc(Forestry)]
	(၈) ဦးစီးအရာရှိ	၄ နေရာ	စိုက်ပျိုးရေးသိပ္ပံဘွဲ့/စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့/ တိရစ္ဆာန်ဆေးကုဘွဲ့ [B.Agriculture.Science (Q)]/ (M.Agriculture.Science)/(B.V.S)
	(၉) ဦးစီးအရာရှိ (ဘဏ္ဍာရေး)	၃ နေရာ	ဝါဏိဇ္ဇဘွဲ့/မဟာဝါဏိဇ္ဇဘွဲ့(B.Com/M.Com)
	(၁၀) ဦးစီးအရာရှိ (ဘဏ္ဍာရေး)	၁ နေရာ	စီးပွားရေးပညာဘွဲ့/မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) [B.Econ(Q)]/[M.Econ(Stats)]

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) **၁၃-၁၀-၂၀၁၇ ရက်နေ့တွင်** ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန(ဝန်ကြီးရုံး)၊ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း [အမှတ်စဉ် (၁)၊ (၄)၊ (၅) ပါ ဘာသာရပ်ဖြင့် ဘွဲ့ရရှိသူ]၊ ငါးလုပ်ငန်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန [အမှတ်စဉ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၉)၊ (၁၀)ပါ ဘာသာရပ်တို့ဖြင့် ဘွဲ့ရရှိသူ] တို့အတွက် **ပြင်ပပုဂ္ဂိုလ်အသက် ၃၀ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊**

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန [အမှတ်စဉ် (၆)၊ (၇)၊ (၈) ပါ ဘာသာရပ်တို့ဖြင့် ဘွဲ့ရရှိသူ] **ပြင်ပပုဂ္ဂိုလ်အသက်(၃၂)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊**

(ဃ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ သာသနာရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း [အမှတ်စဉ်(၂)နှင့် (၃)ပါ ဘွဲ့ရရှိသူ]၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန [အမှတ်စဉ် (၁)မှ (၈)အထိ ဖော်ပြပါ ဘွဲ့များအတွက် Ph.D ဘွဲ့ရရှိသူ] ဖြစ်ပါက **ပြင်ပပုဂ္ဂိုလ် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်၊**

(င) **အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဦးစီးအရာရှိ(အားကစားမှူး)ရာထူးအတွက် လျှောက်ထားသူများသည် နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ် (အလွတ်တန်း) လက်ရွေးစင်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာန၏ ထောက်ခံချက် ပူးတွဲ တင်ပြရမည်။ ရွေးချယ်ခြင်း မခံရမီ အဓိက အားကစား အရည်အချင်းနှင့် ကြံ့ခိုင်သန်စွမ်းမှု စစ်ဆေးခံရမည်။**

(စ) **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လက်ထောက်မန်နေဂျာ(ဘဏ္ဍာရေး)ရာထူးအတွက် လျှောက်ထားသူများသည် လစာနှုန်း (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)အဆင့်နှင့် အထက်အဆင့်ရှိရမည်ဖြစ်ပြီး ယင်းအဆင့်တွင် အနည်းဆုံး လုပ်သက်(၃)နှစ် ပြည့်မီကြောင်းကို သက်ဆိုင်ရာဌာနကြီးမှူး၏ ထောက်ခံချက်ဖြင့် ပူးတွဲ လျှောက်ထားရမည်။**

(ဆ) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ဦးစီးအရာရှိ(အမျိုးသား)ရာထူးအတွက် လျှောက်ထားသူများသည် ကျန်းမာသန်စွမ်း၍ (၁၀)မိုင်ခရီးအား သတ်မှတ်ချိန်အတွင်း ခြေလျင်လျှောက်နိုင်သူဖြစ်ပြီး မျက်စိအမြင်ကောင်းသူဖြစ်ရမည်။ (ရွေးချယ်ခြင်း မခံရမီ ခြေလျင် လျှောက်နိုင်ခြင်း ရှိ - မရှိ နှင့် မျက်စိအမြင်ကောင်းခြင်း ရှိ - မရှိ စစ်ဆေးမည်ဖြစ်ပါသည်။ အခြေခံမြေတိုင်းသင်တန်း (သို့မဟုတ်) လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းတက်ရောက် အောင်မြင်ပြီးကြောင်း အထောက်အထား တင်ပြရန် လိုအပ်သည့် လျှောက်ထားသူများသည် သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ကိုလျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။**

(ဇ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် အမှတ်စဉ် (၁)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)နှင့် (၁၀)ပါ ဘာသာရပ်တို့အတွက် လျှောက်ထားသူများသည် မဟာဘွဲ့အရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။**

(ဈ) ကျန်းမာရေးကောင်းမွန်ပြီးနေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူနိုင်ပြီး ၁၃-၁၀-၂၀၁၇ ရက်နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှ တစ်ဆင့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။**

စာမျက်နှာ ၂၀ သို့

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ဇေယျာလင်း ၁၀/မဒန(နိုင်)၁၉၆၄၁၉၏ Passport-No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

ဖခင်အမည်မှန်
ပေါင်မြို့နယ်၊ မုတ္တမ အလက (ပုသိမ်ကွင်း) ဆဋ္ဌမတန်းမှ မောင်ထက်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးကံဇော်ဌေး ၁၀/ပမန(နိုင်)၀၆၂၇၁၅ ဖြစ်ပါကြောင်း။ **ဦးကံဇော်ဌေး**

မွေးသက္ကရာဇ်အမှန်
ဦးထွန်းဝေါ - ဒေါ်သန်းချစ်တို့၏ သမီး ပေါင်မြို့နယ်၊ အထက (နတ်ကြီးချောင်)မှ ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခုံအမှတ် ညပန (၅၂၄)ဖြင့် အောင်မြင်ခဲ့သူ နန်းလှလှဝင်း ၁၀/ပမန(နိုင်)၂၁၄၉၃၀၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၅-၁၉၉၈ ဖြစ်ပါကြောင်း။ **နန်းလှလှဝင်း**

ဖခင်အမည်မှန်
ရေနံချောင်းမြို့၊ အထက(၁) နဝမတန်း အခန်း(၁၂)မှ မနွဲ့နွဲ့စန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းသိုက် ၈/ရနခ(နိုင်)၁၁၃၃၅၇ ဖြစ်ပါကြောင်း။ **ဦးမင်းသိုက်**

ဖခင်အမည်မှန်
ရေနံချောင်းမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်သိန်း ၈/ရနခ(နိုင်)၁၀၆၃၉၉ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်သိန်း**

ဖခင်အမည်မှန်
လယ်ဝေး၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မရွှေးဆုစံ၊ နဝမတန်း(E) မှ ဇာခြည်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝေ ၉/လဝန(နိုင်)၀၁၆၀၉၅ ဖြစ်ပါကြောင်း။ **ဦးဆန်းဝေ**

အမည်မှန်
လယ်ဝေးမြို့၊ (၁) ရပ်ကွက်နေ မနှင်းနုအောင်၊ ၉/လဝန(နိုင်) ၁၅၁၉၈၇၏ အမည်မှန်မှာ မမေမြတ်မွန်ဦး ဖြစ်ပါကြောင်းနှင့် ၎င်း၏ မိဘအမည်မှန်မှာဦးညီညီစိုး-ဒေါ်ခင်ဝေထွန်း ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ လယ်ဝေးမြို့၊ (အလက) အောင်ကုန်းမှ ကျောင်းအုပ်ဆရာမ ဒေါ်စည်စည်ထွန်း ၉/လဝန(နိုင်)၀၁၃၅၇၁နှင့် ဒေါ် စီစီထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်စည်စည်ထွန်း(ခ)ဒေါ်စီစီထွန်း**

မိခင်အမည်မှန်
ရွှေဘိုမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဖြိုးတေဇာအောင်နှင့် ရွှေဘိုတက္ကသိုလ်(ဒုတိယနှစ် Physic)မှ မဖြိုးဟေမာအောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်ခင်အုန်းမြင့် ၅/ရဘန(နိုင်)၁၄၃၃၄၁ ဖြစ်ပါကြောင်း။ **ဒေါ်ခင်အုန်းမြင့်**

မိခင်အမည်မှန်
ရွှေဘိုမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်စွမ်းထက်နိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မျိုးမြင့် ၅/ရဘန(နိုင်)၀၂၄၄၆၇ ဖြစ်ပါကြောင်း။ **ဒေါ်ခင်မျိုးမြင့်**

ဖခင်အမည်မှန်
ဒီပဲယင်းမြို့နယ်၊ သရက်ကန်(န)၊ အထက(ခွဲ)၊ နဝမတန်းမှ မောင်ခန့်ကျော်ထက်၏ ဖခင်အမည်မှန်မှာ ဦးဘိုးဆောင်း ၅/ဒပယ(နိုင်) ၀၉၂၀၉၈ ဖြစ်ပါကြောင်း။ **ဦးဘိုးဆောင်း**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၉ဋ/၁၀၃၆၅ ထရော်လာဂျီ(FT) /လယ်ယာသုံး ထရပ်ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မွန် ၁၀/သဖရ(နိုင်)၀၆၄၄၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)

မွေးသက္ကရာဇ်အမှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အထက (ရေတွင်းကုန်း)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဗိုလ်ရဲ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၃-၂၀၀၁ ဖြစ်ပါကြောင်း။ **မောင်ဗိုလ်ရဲ**

အမည်ပြောင်း
ဦးဇော်မင်းထိုက်၏သား အုတ်ဖိုမြို့နယ်၊ အထက အေးမြသာယာ၊ အဋ္ဌမတန်း(ခ)မှ မောင်ဖွဲ့ပြည့်သူအား မောင်ညဏ်ထက်ရှိ ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ညဏ်ထက်ရှိ**

ဖခင်အမည်မှန်
တောင်တွင်းကြီးမြို့နယ်၊ အောင်ခိုင် အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မခိုင်သဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်စိုး ၈/တတက(နိုင်) ၁၀၉၁၉၇ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်စိုး**

တစ်ဦးတည်းဖြစ်ပါကြောင်း
ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက (၂) နဝမတန်း(E)မှ မနန္ဒာဝင်းနှင့် ပဉ္စမတန်း(B)မှ မောင်ရဲရင့်သူတို့၏ ဖခင် ဦးညိုဝင်း(ခ)ဦးဘရွှေ ၁/ရကန(နိုင်)၀၀၇၅၀၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(H)မှ မမေသဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်သောင်း ၁/မမန(နိုင်) ၁၁၅၈၃၈ ဖြစ်ပါကြောင်း။ **ဦးကျော်သောင်း**

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြာကြီး (အထက) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝေ ယံဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးခိုင် ၅/ငဇန(နိုင်)၀၅၀၂၀၅ ဖြစ်ပါကြောင်း။ **ဦးအောင်စိုးခိုင်**

တစ်ဦးတည်းဖြစ်ပါကြောင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အထက(ရေတွင်းကုန်း)တက္ကသိုလ်ဝင်တန်း(B)မှ မချိုချိုသဲ၏ဖခင် ဦးတင်အေးနှင့် ဦးအောင်မြင့် ၅/အတန(နိုင်)၁၁၃၅၂၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
အုတ်ဖိုမြို့နယ်၊ အထက(ခွဲ) မတောင့်တ တက္ကသိုလ်ဝင်တန်းမှ မစန်းစန်းလင်းနှင့် အလက(ခွဲ) ဘလား ဆဋ္ဌမတန်းမှ မောင်မင်းဟိန်းကျော်တို့၏ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၇/အဖန(နိုင်)၁၀၆၇၇၅ ဖြစ်ပါကြောင်း။ **ဦးမောင်ဇော်**

အမည်မှန်
ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဘိုကုန်းအထက၊ အဋ္ဌမတန်း(B)မှ မနန်းကျော့ ကျော့ယဉ်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မနန်းကျော့ကျော့ရင် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ စီသာ အထက တက္ကသိုလ်ဝင်တန်းမှ မမိုးပွင့်ဦးနှင့် ဆဋ္ဌမတန်းမှ မောင်မိုးကျော်ရှိန်းတို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဝင်းမင်းသန်း ၁/ရကန(နိုင်)၀၂၅၉၁၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ ဆင်အင်း(အထက) တက္ကသိုလ်ဝင်တန်း(A)မှ မောင်မိုးထက်သူ၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ၅/ရဘန(နိုင်)၀၄၂၀၃၆ ဖြစ်ပါကြောင်း။ **ဦးနေဝင်း**

ဖခင်အမည်မှန်
မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၃၃) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ကျော်မိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်အောင်မြင့် ၈/သရန(နိုင်)၀၀၄၈၉၉ ဖြစ်ပါကြောင်း။ **ဦးဇော်အောင်မြင့်**

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

မိခင်ဒေါ်ဂျိုင်းအေးမာမြင့်(Vice President-Petro & Trans Group of Company)၏ ၂၀-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျရောက်သောမွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောခင်ပွန်း၊ သားသမီး၊ မြေးမြစ်များနှင့်အတူ ပျော်ရွှင်ကျန်းမာစွာနေထိုင်လျက် ကောင်းမြတ်သော လိုအင်ဆန္ဒများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သလိုက်ပါသည်။

ချစ်ခင်ပွန်း - **ဦးကျော်လင်း(President-Petro & Trans Co.,Ltd)**
ချစ်သားကြီး - **ကိုသုကိုလင်း(Chair man-Petro & Trans Co.,Ltd)-မနော်ဖလော်ရင့်(စ်)**
ချစ်သားငယ် - **ကိုဇင်ကိုလင်း(President-Petro & Trans Co.,Ltd)**
ချစ်သမီး - **သံလွင်မင်းမင်းကို၊ မအေးပြည့်စုံမြင့်(Grade-9)**
ချစ်မြေးများ - **မောင်သုတလင်း(ILBC)၊ မမြူလင်းကို(ခ)အဲအဲနှင့် Petro Seven မိသားစု**

စာမျက်နှာ ၁၉ မှ

၄။ ရေးဖြေစာမေးပွဲ(၁)ကြိမ်လျှင် ကြော်ငြာပါ ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ လစ်လပ်ရာထူး ၂ မျိုး အထိသာ လျှောက်ထားခွင့်ရှိပြီး **ရာထူး ၂ မျိုးထက် ပိုမိုလျှောက်ထားပါက ကြော်ငြာပါအမှတ်စဉ်အလိုက် ရာထူး ၂ မျိုးသာ သတ်မှတ်ဖြေဆိုခွင့်ပြုပြီး ကျန်လျှောက်လွှာများကို ပယ်ဖျက်မည်ဖြစ်ပါသည်။**

၅။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်ထားသူသည် ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀/-(ကျပ်ငါးထောင်)ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက်လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

၆။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ပဏာမစစ်ဆေးခြင်း၊ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၄-၉-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၃၉၉/ရွေးချယ်ရေး (အမိက) ၂၀၁၇ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၇။ **လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်၍ စာမေးပွဲဝင်ကြေးငွေ ပေးသွင်းထားသော (ချလန်ရက်ကျော်) လျှောက်လွှာများ၊ ဝန်ကြီးဌာန ခွင့်ပြုစာ မပါရှိသည့် လက်ရှိနိုင်ငံ့ဝန်ထမ်းများ၏ လျှောက်လွှာများ၊ အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ မပါရှိသည့် ပြင်ပပုဂ္ဂိုလ်များ၏ လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်း မရှိသော လျှောက်လွှာများကို ပဏာမစစ်ဆေးခြင်းနှင့် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။**

၈။ **လက်ရှိနိုင်ငံ့ဝန်ထမ်းများသည်** လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုစာနှင့်အတူ လျှောက်လွှာပိတ်ရက် မတိုင်မီ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်သို့ ၁၃-၁၀-၂၀၁၇ ရက်နေ့အရောက်ပေးပို့ရမည်။

၉။ ပဏာမစစ်ဆေးခြင်းနှင့် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းတို့ကို **နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာန (၅)ခုတွင် ကျင်းပမည်ဖြစ်သည့်အတွက် စာစစ်ဌာန(၅)ခုအနက် မိမိတို့အမှန်တကယ် ပဏာမစစ်ဆေးခြင်းနှင့် ရေးဖြေစာမေးပွဲ ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ရွေးချယ်ဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ စာစစ်ဌာန၌သာ ပဏာမစစ်ဆေးခြင်းနှင့် ရေးဖြေစာမေးပွဲတို့ကို ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်။**

၁၀။ **ပဏာမစစ်ဆေးခြင်းတွင် အင်္ဂလိပ်စာနှင့် သုတရေးရာဘာသာရပ်တို့အတွက် Multiple Choice Question Type ပုံစံဖြင့် စစ်ဆေးမည်ဖြစ်ပြီး ၁၆-၁၂-၂၀၁၇ ရက် (စနေနေ့)တွင်** အင်္ဂလိပ်စာဘာသာရပ်ကို နံနက် ၀၉း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ ဖြေဆိုချိန် (၁)နာရီဖြင့် မေးခွန်းပုဒ်ရေ (၃၀)ကို ဖြေဆိုရမည်ဖြစ်၍ **ပဏာမစစ်ဆေးခြင်း ဖြေဆိုပုံနည်းစနစ်ကို ရှင်းလင်းတင်ပြရန်ရှိပါသဖြင့် ဖြေဆိုသူများသည် နံနက် ၀၈း၃၀ နာရီတွင် စာမေးပွဲခန်းအတွင်း၌ နေရာယူပြီး ဖြစ်ရမည်** ဖြစ်ပါသည်။ သုတရေးရာဘာသာရပ်ကိုလည်း နံနက် ၁၀း၁၅ နာရီမှ ၁၁း၁၅ နာရီအထိ ဖြေဆိုချိန် (၁)နာရီဖြင့် မေးခွန်းပုဒ်ရေ(၃၀)ကို ဖြေဆိုရမည်ဖြစ်၍ ဖြေဆိုသူများအနေဖြင့် ၁၀း၀၀ နာရီမှစတင်၍စာမေးပွဲခန်းအတွင်း၌ ပြန်လည် နေရာယူပြီး ဖြစ်ရမည်ဖြစ်ပါသည်။

၁၁။ **ပဏာမစစ်ဆေးခြင်းအတွက် သတိပြုလိုက်နာရမည့်အချက်များမှာ -**
(က) အဖြေလွှာစာရွက်ပေါ်တွင် အစွန်းအထင်း မဖြစ်စေရပါ။
(ခ) အဖြေလွှာစာရွက်ကို ခေါက်ခြင်း၊ ချိုးခြင်း မပြုရပါ။
(ဂ) အဖြေလွှာစာရွက်ကို ပျက်စီး/ စုတ်ပြဲခြင်း မဖြစ်စေရန် သတိပြုပါ။
(ဃ) အဖြေလွှာစာရွက်ပေါ်ရှိ ဘာသာရပ်၊ စာစစ်ဌာန၊ ခုံအမှတ်နှင့် ပေးထားသည့် အဖြေ(၄)ခုအနက် အမှန်ဆုံး အဖြေတစ်ခုကို ရွေးချယ်၍ 2B ခဲတံဖြင့် သတ်မှတ်စက်ဝိုင်းတွင် မဲနက်အောင် အပြည့်ခြယ်ပေးရပါမည်။
(င) အဖြေထပ်မံ ပြောင်းလဲလိုလျှင် ရွေးပြီးသား အဖြေကို ခဲဖျက်ဖြင့် သေသပ်စွာ ဖျက်ပေးရမည်ဖြစ်ပြီး ခဲဖျက်အစအနများ မကျန်အောင် သန့်ရှင်းပေးရမည်ဖြစ်ပါသည်။

၁၂။ **ပဏာမစစ်ဆေးခြင်းအတွက် သတိပြုရှောင်ကြဉ်ရမည့်အချက်များမှာ -**
(က) အဖြေလွှာစာရွက်ပေါ်တွင် ပြင်ဆင်လိုပါက ခဲဖျက်သာ အသုံးပြုရမည်ဖြစ်ပြီး **Correction Pen** အသုံးမပြုရပါ။
(ခ) အဖြေလွှာစာရွက်ကို ပေါက်ပြဲအောင် ခဲဖျက်ဖြင့် ဖျက်ခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ပြီး စာရွက်ပေါက်ပြဲနေပါက အဆိုပါ အဖြေအတွက် အမှတ်ရရှိမည် မဟုတ်ပါ။

၁၃။ **ပဏာမစစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းများကို ၁-၁၂-၂၀၁၇ ရက်နေ့မှစ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website နှင့် Facebook တို့တွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၄ - ၁၂ - ၂၀၁၇ ရက်နေ့မှစ၍ နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်ဖြစ်ပါသည်။**

၁၄။ **ပဏာမစစ်ဆေးခြင်း အောင်မြင်သူများစာရင်းကို ဖြေဆိုပြီး ရက်သတ္တပတ်(၁)ပတ်အတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website နှင့် Facebook တို့တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။**

၁၅။ **ပဏာမစစ်ဆေးခြင်း အောင်မြင်သူများကိုသာ ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။**

၁၆။ **ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့် ရရှိသူများ၏ ခုံအမှတ်စာရင်းများကို ၂၆-၁၂-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website နှင့် Facebook တို့တွင် ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၈-၁-၂၀၁၈ ရက်နေ့မှစ၍နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်ဖြစ်ပါသည်။**

၁၇။ ရေးဖြေစာမေးပွဲကို ၂၀-၁-၂၀၁၈ ရက် (စနေနေ့)တွင် ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ မြန်မာစာနှင့် ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ အင်္ဂလိပ်စာဘာသာများကိုလည်းကောင်း၊ ၂၁-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့)တွင် ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ သုတရေးရာဘာသာကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၁၈။ တိုင်းရင်းဆေးပညာဦးစီးဌာနသို့ လျှောက်ထားသူများသည် **(၃)နှစ်**၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ လျှောက်ထားသူ များသည် **(၅)နှစ်**၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနများသို့ လျှောက်ထားသူ များသည် **(၁၀)နှစ်** တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၁၉။ ကြော်ငြာပါရာထူးတွင် **တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ သီးခြားစည်းကမ်းချက်များရှိသည့် သာသနာရေးဦးစီးဌာန**အတွက် ဦးအေးမင်းအောင်၊ ညွှန်ကြားရေးမှူး (ဖုန်း၊ ၀၆၇-၄၀၆၂၃၂)၊ **သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**အတွက် ဦးထိန်လင်း၊ ညွှန်ကြားရေးမှူး (ဖုန်း၊ ၀၆၇-၄၀၆၀၁၄)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ **တိုင်းရင်းဆေးပညာဦးစီးဌာန**အတွက် ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ (ဖုန်း၊ ၀၆၇-၄၃၁၀၉၅)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၊ **အားကစားနှင့် ကာယပညာဦးစီးဌာန**အတွက် ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ (ဖုန်း၊ ၀၆၇-၄၀၆၀၂၁ /၄၀၆၀၃၉)၊ **ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန** အတွက် သုံးထပ်ဆောင်၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ (ဖုန်း၊ ၀၆၇-၈၁၀၄၁၇၄/၈၁၀၄၁၇၆)၊ **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**အတွက် ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ (ဖုန်း၊ ၀၆၇-၈၁၀၄၂၂၁/၈၁၀၄၂၀၇)၊ **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**အတွက် အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ် (အလုံစာတိုက်အနီး)၊ ရန်ကုန်တိုင်းဒေသကြီး၊ (ဖုန်း၊ ၀၁-၂၃၁၄၆၄၂)၊ **ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**အတွက် သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ဖုန်း၊ ၀၁-၅၇၈၁၁၉/၀၉-၈၃၀၁၉၃၇)၊ **စက်မှုလယ်ယာဦးစီးဌာန**အတွက် စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ (ဖုန်း၊ ၀၆၇-၄၃၁၂၁၃/၄၃၁၁၇၄၊ **လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**အတွက် ရုံးအမှတ်(၁၅)၊ နေပြည်တော်၊ (ဖုန်း၊ ၀၆၇-၄၁၀၀၁၄/၄၁၀၁၄၉/၄၁၀၁၃၀၂)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၂၀။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်၊ (ဖုန်း၊ ၀၆၇-၄၀၉၀၅၂/၄၀၉၄၃၈)(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဖြစ်စေဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၂၁။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website** များဖြစ်သော **ucsb.imis.com.mm**၊ **www.ucsb.gov.mm** နှင့် **Facebook Page** ဖြစ်သော **Union Civil Service Board Myanmar** တို့တွင်လည်း ဖော်ပြထားပါသည်။

ကျေးဇူးတော်ရှင်မေဃဝတီဆရာတော်ကြီး၏ မဟာထေရဂုဏ်ရည်ပူဇော်ပွဲနှင့်အထူးဓမ္မသဘင်ဖိတ်ကြားခြင်း

သင်္ဃန်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက်၊ မေခအိမ်ရာ(ယခင်ဘဝမြင့်အိမ်ရာ)အတွင်းရှိ မေဃဝတီကျောင်းတိုက်၌ ကျေးဇူးတော်ရှင် မေဃဝတီဆရာတော်ကြီး သိရီဘဒ္ဒန္တ ရေဝတ မဟာထေရ်၏ ၁၃နှစ်မြောက် မဟာထေရဂုဏ်ရည်ပူဇော်ပွဲနှင့် အထူးဓမ္မသဘင်ပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။

ကျင်းပမည့်အစီအစဉ်

၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ရက်၊ ၂၇-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ပင့်သံဃာအပါး(၆၀)တို့အား ဆွမ်းခဲဖွယ်၊ လျူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ကြွရောက်လာကြသော ဧည့်သည်တော်များအားသက်သတ်လွတ် ထမင်း၊ ဟင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။

ည ၇နာရီတွင် ဒေါက်တာအရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်)ဓမ္မကထိကဗဟုဇနဟိ တခရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ(B.A,M.A,Ph.D) ဆရာတော်က အထူးတရားပွဲဟောကြားမည်ဖြစ်ပါ၍ အနယ်နယ် အရပ်ရပ်မှ တပည့်၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့

မင်းကျန်စစ် MKS
ပြည်တွင်း-ပြည်ပခရီးသွားလုပ်ငန်း နှင့် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
ဖုန်း-၀၁ ၇၅၆၆ ၇၁၃ - ၇၁၄ ၊ ၀၉ -၂၅၄ ၂၆၃ ၃၅၇

ဗုဒ္ဓဂယာ
■ ၈ ရက်ခရီးစဉ် ➤ Nov (25), Dec (20), Jan(20), Feb (21)
■ ၁၅ ရက်ခရီးစဉ် ➤ Dec (2), Jan (3), Feb (3)
✷ မတ်လနှင့် ဧပြီလများတွင်လည်း အပတ်စဉ်ထွက်ရှိပါသည်... ✷
(၁၆)ဦး စုစည်းလိုက်ပါလျှင် **တစ်ဦးအခမဲ့** ပို့ဆောင်ပေးပါမည်။ (၂)လကြိုတင် **စာရင်းပေးသွင်းရန်** မေတ္တာရပ်ခံအပ်ပါသည်။
• (၈ ရက်ခရီး) (စားရိတ်ငြိမ်း) ➜ ထံဝေဝနီထလေးဌာန (ဗွား+ဓွင့်+စော+စံ)+အဝိဓတီတဌာန+(တိန္နိထ + နီဝေါ)
• (၁၅ ရက်ခရီး) (စားရိတ်ငြိမ်း) ➜ ထံဝေဝနီထလေးဌာန+အဝိဓတီတလေးဌာန၊ နယူးဒေလီ+တစ်ရျှစော+(တိန္နိထ+နီဝေါ)
Oct (5, 14, 21, 28)
(၃ ညအိပ် ၄ ရက်) ခရီးစဉ် ➤ မီယက်နမ် ■ စကော်ပူ ■ ဘန်ကောက် ■ ကမ္ဘောဒီးယား ■ လာအို
(၅ ညအိပ် ၆ ရက်) ခရီးစဉ် ➤ ရန်ကုန် – တာချီလိတ် – မယ်ဆိုင် – ချင်းမိုင်–ချင်းရိုင်
(၆ ညအိပ် ၇ ရက်) ခရီးစဉ် ➤ သီရိလင်္ကာ (မြတ်ဗုဒ္ဓစွယ်တော်)
လေယာဉ်လက်မှတ်၊ ဗီဇာ နှင့် ကားချိုးခုံ ခင်းလုံးငှား စီစဉ်ပေးပါသည်...
✷ မိသားစု၊ ကုမ္ပဏီအဖွဲ့အစည်းများ အတွက် သီးသန့် ခရီးစဉ်များလည်း စီစဉ်ပေးပါသည်... ✷
အမှတ် (၆၆)၊ အခန်း (၃၀၁)၊ ၃လွှာ၊ သုမင်္ဂလာလမ်း၊ ဂဝန၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

မြဝတီခရီးသွားလုပ်ငန်း (ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)
သံဝေဇနီယလေးဌာန (၇)ညအိပ်/(၈)ရက်ခရီးစဉ် (စရံ ၂သိန်း + USD 650)
(4Oct, 25Oct / 15Nov / 6Dec, 27Dec / 17Jan / 7Feb, 28Feb / 21Mar)
4Oct (၁၄ညအိပ်/၁၅ရက်) ခရီးစဉ်အတွက် အထူး Promotion အနေဖြင့် တစ်ဦးလျှင် (စရံ ၂သိန်း + USD 775) ဖြင့် ယခုပင် ကြိုတင်၍စာရင်းပေးသွင်းနိုင်ပါသည်။
သံဝေဇနီယလေးဌာန + နယူးဒေလီ ဟိုတယ်(၁)ည (၁၄)ညအိပ်/(၁၅)ရက်ခရီးစဉ် (စရံ ၂သိန်း + USD 800)
(25Oct / 15Nov / 6Dec, 27Dec / 17Jan / 7Feb, 28Feb / 21Mar)
ခရီးသည် (၁၀)ဦးလျှင် (၁)ဦး အခမဲ့ပေးပါမည်။ ကုမ္ပဏီများ၊ အသင်းအဖွဲ့စည်းများအတွက် အထူးလျှော့ဈေးဖြင့် ဆောင်ရွက်ပေးပါမည်။
အောက်တိုဘာလဆန်းမှ စ၍ တစ်လ(၂)ကြိမ် ထွက်ခွာပါမည်။ သီတင်းကျွတ်လပြည့်နေ့(၅. ၁၀. ၂၀၁၇) နေ့တွင် ဗုဒ္ဓဂယာမြေမြတ်မဟာ၊ "မဟာဗောဓိစေတီတော်ကြီး"တွင် ရွှေကြာသက်န်း၊ ပန်း၊ ရေချမ်း၊ ဆီမီး လှူဒါန်း ပူဇော်မည်ဖြစ်ပါ၍ ဘုရားဖူးလိုက်ပါလိုသူများအမြန်ဆက်သွယ်နိုင်ပါသည်။
နိုင်ငံကူးလက်မှတ်မရှိသေးသူများ တစ်လ ကြိုတင်စာရင်းပေးသွင်းရပါမည်။
ဖုန်း -၀၁၂၅၁၂၂၉၊ ၂၄၁၀၁၀၊ ၂၅၂၈၆၉၊ ၀၉၉၆၃၂၀၃၃၆၃၊ ၀၉၂၅၀၇၇၂၉၁၄
ရုံးချုပ်လိပ်စာ -အမှတ်(၄၄၊၄၅/A၊၄၅/B)၊ ဒုတိယထပ်၊ Classic Strand Condominium၊ ကုန်ဈေးတန်းလမ်းနှင့်ကမ်းနားလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးရုံးခွဲ - ဦးအောင်မင်း (၀၉၇၈၃၅၀၃၀၇၅၊ ၀၉၂၀၃၈၃၀၇)၊ A/5၊ ပြည့်ဖြိုးမန္တလာအိမ်ယာ၊ စစ်ကိုင်း-မန္တလေးလမ်း
မော်လမြိုင်ရုံးခွဲ - ဦးကျော်စိုး (၀၉၄၉၈၀၀၂၈၆၊ ၀၉၇၈၀၀၁၈၄၄၂)၊ အမှတ်(၄၁)၊ ဗိုလ်ချုပ်လမ်း၊ မြိုင်သာယာလမ်း

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ်- 2T(C/RB)PROCUREMENT/REINFORCED STEEL BAR/2017-2018

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော သံချောင်းလုံး(Reinforced Steel Bar)အရွယ်စုံ မက်ထရစ်တန်(၄၀၀၀)ကို ရန်ကုန်မြို့ရှိ တံတားလေး သိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၁-၉-၂၀၁၇ရက်(ရုံးချိန်အတွင်း)
၃။ သံချောင်းလုံးနမူနာ နောက်ဆုံး ပေးပို့ရမည့်ရက် - ၂၈-၉-၂၀၁၇ရက်(၁၆း၀၀)နာရီ
၄။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၉-၂၀၁၇ ရက်(၁၆း၀၀)နာရီ
၅။ တင်ဒါဖွင့်မည့်ရက် - ၁၈-၁၀-၂၀၁၇ရက် (တင်ဒါဖွင့်လှစ်မည့်အချိန်အား အကြောင်းကြားပါမည်။)

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။
၇။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

တင်ဒါကော်မတီ
တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ
ဖုန်း-၀၉-၈၆၃၄၅၃၄

ဖခင်အမည်မှန်

ကနီမြို့နယ်၊ နတ်လာပို့တောင်ရွာ အထက(ခွဲ) န၀မတန်းမှ မဇာနည်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးညီညီပို ၅/မရန(နိုင်)၂၁၁၇၇၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒီပဲယင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဇေယျာမိုး၏ ဖခင် အမည်မှန်မှာ ဦးမြင့်ရွှေ ၅/ဒပယ(နိုင်)၀၆၀၈၉၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရွှေဘိုမြို့နယ် ဆင့်အင်း အထက (၁)တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝေလင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဖုန်းကျော် ၅/ဒပယ(နိုင်)၀၄၆၅၆၉ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်း ခုံအမှတ် စဒ-၃၈၂ ဖြင့်အောင်မြင်ခဲ့သူ မခိုင်နှင်းဝေ၏ဖခင် ဦးမောင်ညွန့်နှင့် ဦးညွန့်တင် ၅/ဝသန(နိုင်)၀၁၆၁၄၆မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၅၉၀၇၅ Honda Click M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဦး ၁၂/လကန(နိုင်)၀၁၈၇၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (မုံရွာ)

အမည်ပြောင်း

မူဆယ်မြို့၊ အောင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(B)မှ မနန်းစိန်ခမ်းလျှန်းအား မနန်းခမ်းလျှန်းဟု ပြောင်းလဲခေါ်ပါရန်။

မနန်းခမ်းလျှန်း

ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(B)မှ မနန်းထွေးခမ်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလှမြင့် ၁၃/လရန(နိုင်)၀၆၇၁၀၆ ဖြစ်ပါကြောင်း။

ဦးစိုင်းလှမြင့်

အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

စစ်တွေမြို့၊ ရွှေပြည်သာကျေးရွာနေ ဦးဝင်းမောင်၏သမီး မစန်းစန်းအေး၏ အမည်မှန်မှာ မဆန်းဆန်းအေးဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၀-၂-၂၀၀၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(၉)မင်းဂံ၊ တက္ကသိုလ်ဝင်တန်း(C)မှ မထက်ထက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်နိုင် ၁၁/စတန(နိုင်)၀၈၁၂၂၃ ဖြစ်ပါကြောင်း။

ဦးမောင်မောင်နိုင်

ဖခင်အမည်မှန်

အထက(၉)မင်းဂံ၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇော်ဇော်ဌေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဌေးလှိုင် ဖြစ်ပါကြောင်း။

ဦးမောင်ဌေးလှိုင်

ဖခင်အမည်မှန်

အထက(၉)မင်းဂံ၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်စံနိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်အေးညွန့် ၁၁/စတန(နိုင်)၀၆၀၈၂၄ ဖြစ်ပါကြောင်း။

ဦးမောင်အေးညွန့်

အမည်ပြောင်း

စစ်တွေမြို့၊ ကျားမသောက်ကျေးရွာ၊ အလက(ခွဲ)စတုတ္ထတန်းမှ မသိန်းသိန်းဟန်အား မမြတ်သန္တာအေးဟုပြောင်းလဲခေါ်ပါရန်။

မမြတ်သန္တာအေး

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁၉-၉-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၀-၉-၂၀၁၇ ရက်နေ့မှ ၂၇-၁၁-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၂၀၀၀ိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀ိ/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါကအောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

	အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က)	တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)	၁၇၀၀၀၀	၄၀၀၀	၁၀၀၀၀	၁၈၄၀၀၀
(ခ)	တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း)	၁၇၀၀၀၀	၆၀၀၀	၁၀၀၀၀	၁၈၆၀၀၀
(ဂ)	တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း)	၁၇၀၀၀၀	၈၀၀၀	၁၀၀၀၀	၁၈၈၀၀၀
(ဃ)	ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၂၀၀၀၀၀	၈၀၀၀	၁၀၀၀၀	၂၁၈၀၀၀
(င)	အရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၂၁၅၀၀၀	၈၀၀၀	၁၀၀၀၀	၂၃၃၀၀၀

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ိ/- နှုန်းဖြင့် ၁၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၈ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ။ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၉-၂၀၁၇ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၉-၂၀၁၇ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၄-၁၁-၂၀၁၇ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၇-၁၁-၂၀၁၇ ရက်နေ့တွင်ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၁၇ ရက်နေ့မှ ၁၇-၁၂-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical Imaging Technology)

(စ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ (B.Med.Tech) Bachelor of Medical Technology (Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(**Nurse**)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ **(Master of Science)** နှင့် ပါရဂူဘွဲ့ **(Ph.D)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၈ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၉-၂၀၁၇ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၉-၂၀၁၇ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၄-၁၀-၂၀၁၇ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကိုတိုင်းစစ်ဌာနချုပ်များတွင် ၁၃-၁၁-၂၀၁၇ရက်နေ့တွင် ထုတ်ပြန်ကြေငြာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂၇-၁၁-၂၀၁၇ ရက်နေ့မှ ၃-၁၂-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc (Bachelor of Nursing Science)

(ခ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical Imaging Technology)

(ဃ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ (B.Med.Tech) Bachelor of Medical Technology (Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု **(Nurse)**နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ **(Master of Science)** နှင့်ပါရဂူဘွဲ့ **(Ph.D)** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

အထူးကျေးဇူးတင်ရှိခြင်း

ASEAN-BAC

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့၌
ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပပြုလုပ်သော
အာဆီယံစီးပွားရေးဆိုင်ရာ အကြံပေးကောင်စီ **(ASEAN Business Advisory Council)** မှ
ပေးအပ်ချီးမြှင့်သည့် **ASEAN Business Awards 2017** ဆုပေးပွဲအခမ်းအနားတွင်
Innovation (ဆန်းသစ်တီထွင်နိုင်မှု) ကဏ္ဍအတွက်
SME Excellence Award Winner ဆုကို
FAME Organic Pharming Project အော်ဂဲနစ်ဆေးဝါးစိုက်ခင်းက
ထိုက်တန်စွာ ရွေးချယ်ချီးမြှင့်ခြင်းခံခဲ့ရသည့်အတွက်
သတင်းစာ၊ တယ်လီဖုန်း၊ **Fax**၊ **Email** နှင့် **Facebook** များမှတဆင့်
ဂုဏ်ယူဝမ်းမြောက်ခြင်း ဆုမွန်ကောင်းစကားများနှင့် ဂုဏ်ပြုပန်းခြင်းများ
ချီးမြှင့်ပေးပို့ကြသော မိဘဆရာသမားများ၊ ပြည်တွင်းပြည်ပရှိ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊
မိတ်ဆွေများ၊ သူငယ်ချင်းများနှင့် **FAME** ဆေးဝါးများကို အစဉ်တစိုက်ဝယ်ယူအားပေးကြသော
မိဘပြည်သူများ၊ ကျန်းမာသုတ ပရိသတ်များအားလုံးကို
အထူးပင်လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါသည်။

ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်ခင်ဌေး
FAME Pharmaceuticals Industry Co., Ltd. မိသားစု

အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်များ၊ သဘာဝဆေးဖက်ဝင်အပင်များကို ခေတ်မီနည်းပညာများဖြင့် တီထွင်ဆန်းသစ်ကာ
စိုက်ပျိုးဆောင်ရွက်ထားရှိမှုများနှင့် စီမံခန့်ခွဲမှုစနစ်များ ဗဟုသုတတိုးပွားရရှိစေပြီး အော်ဂဲနစ်ခေတ်သစ်တစ်ခုဆီသို့
အားလုံးတူညီအရောက်လှမ်းနိုင်ရန်အတွက် **FAME Organic Pharming Project** သို့
မည်သူမဆိုလာရောက်လေ့လာလည်ပတ်နိုင်ပါကြောင်း နွေးထွေးစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် ၂/၂၀၁၇ ခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ အောက်ပါသတ္တုပစ္စည်း(၄)မျိုးကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

(က) ကတ်သုတ်ကြေးနီ Lot(1) ၆၅၇.၉၀၃ တန် မုံရွာ၊ Mine Site
ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ် ၂၂၅နေ (ဦးဘကြည်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးသောင်းရွှေ-ဒေါ်မမတင်)တို့၏ချွေးမ၊ (ဗိုလ်မှူးကြီးဝင်းဇော်ညွန့်)၏ဇနီး၊ ဒေါ်လှလှကြည်၏ညီမ၊ ဒေါ်စန်းစန်းကြည်၏အစ်မ၊ ဦးဇော်ဦးသန်း-ဒေါ်ခင်မိုမို၊ ရဲမှူးချုပ်ဇော်မိုးသန်း (ရဲလေ့ကျင့်ရေးအရာရှိချုပ်)-ဒေါ်သက်သက်နိုင်၊ ဦးစိုးမြင့်သိန်း-ဒေါ်ဆွေဆွေဝင်းသန်း(စက်မှုဝန်ကြီးဌာန)၊ ဒေါ်ခိုင်ခိုင်ဝင်းသန်းတို့၏မွေးသမိခင်၊ မောင်ခိုင်မြဲကျော်၊ မမိုးသက်ဝါ၊ မောင်ရှင်းသန့်ဇော်၊ မောင်ဝေယံမိုးနိုင်၊ မောင်စည်သူဝင်းသန်း၊ မနေခြည်မိုးသက်၊ မောင်ခိုင်ခန့်ရဲဝင့်တို့၏အဘွားသည် ၁၈-၉-၂၀၁၇ရက်(တနင်္လာနေ့) ည ၀၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းသန်းဆင့်(ခ)ဒေါ်ထွေး အသက်(၇၄)နှစ်

(သနပ်ပင်) ပဲခူးမြို့

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၇လမ်း(အောက်လမ်း)၊ အမှတ် ၇၄/၇၆နေ (ဦးခဲလွင်-ဒေါ်ကြည်)တို့၏သမီး၊ (ဦးတေ့ယူကုတ်-ဒေါ်ခင်ကြည်)တို့၏ချွေးမ၊ (ဦးတင်ဦး၊ ဂျုံခေါက်ဆွဲ)၏ဇနီး၊ ဦးမြင့်ဟန်-ဒေါ်အေးအေးစိုး၊ ဦးကံမြင့်-ဒေါ်အေးအေးမော်၊ မစန်းစန်းကြည်၊ ဦးတင်မျိုးနိုင်-ဒေါ်အေးအေးမြင့်၊ မောင်ပြည့်သိန်းစိုးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၉-၉-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၉-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

ဦးသန်းထွန်း အသက်(၇၂)နှစ်

ခရိုင်မန်နေဂျာ(ငြိမ်း)စိုက်ပျိုးရေး
အသင်းဝင်နံပါတ်(၀၁၃၇)

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ လှော်ကားလမ်းနေ ဦးသန်းထွန်းသည် ၁၆-၉-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက်တွင် ကျိုက်စုသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဦးခင်မောင်ရီ (စစ်တွေ)

သတင်းရဲတပ်ဖွဲ့ (ရဲအုပ်၊ ငြိမ်း)
အသက်(၆၆)နှစ်

စစ်တွေမြို့နေ (ဦးအောင်ဖြူခိုင်-ဒေါ်စံသာဖြူ)တို့၏သား၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး၊ စံပြရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ် ၂၆ (ငါးလွှာ)နေ ဒေါ်မနုစိန်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ဆန်းဝင်း-ဦးမင်းမင်းအောင်၊ ဦးမောင်မြစိုး၊ ဒေါ်မြသီတာ (ပြည်တွင်းအခွန်)-ဦးသိန်းဇော်ဦး(ပြည်တွင်းအခွန်)တို့၏ ချစ်လှစွာသောဖခင်၊ မဆုမြတ်နိုး၊ မဆုဝင့်ဝါဖြိုး၊ ဘေဘီသီတာတို့၏အဘိုးရှင်သည် ၁၉-၉-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇောင်းတန်း၊တံတိုင်းဒါယိကာမကြီး

ဒေါ်မြရင်

မိုးကုတ်မြို့၊အနောက်ပိုင်းကသဲရပ်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗညားဒလလမ်း၊ အမှတ် ၂၀နေ ဦးမောင်မောင်-ဒေါ်အေးအေးပြုံးတို့၏အစ်မ၊ မိုးကုတ်မြို့၊ အနောက်ပိုင်း၊ ကသဲရပ်နေ ဦးတင်အုန်း-ဒေါ်ခင်သန်းညွန့်၊ ရန်ကုန်မြို့၊ ဖိုးစိန်လမ်းနေ ဒေါ်ခင်ရီတို့၏အဒေါ်၊ မိုးကုတ်မြို့၊ ကျပ်ပြင်ဈေးရပ်နေ ဦးခင်မောင်ဇော်-ဒေါ်သင်းသင်းအေး၊ ကသဲအလယ်ပိုင်းရပ်နေ ဦးမောင်မောင်သင်-ဒေါ်မြမြတိုး၊ ရန်ကုန်မြို့၊ ပင်လုံအိမ်ရာနေ ဦးသက်မော်-ဒေါ်နှင်းသီတာ(ညွှန်ကြားရေးမှူး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊နေပြည်တော်)၊ ဒေါ်မိုးသီတာ၊ဦးရန်နိုင်-ဒေါ်အေးသီတာ၊ ဒေါက်တာဝင်းဗိုလ်သန်း(မျက်စိအထူးကုဆရာဝန်ကြီး၊ လားရှိုးမြို့)-ဒေါ်ပြုံးသီတာတို့၏မိခင်၊ မခိုင်မွန်မွန်ဇော်၊ မောင်ဟိန်းထက်ဇော်၊ မသင်းနန္ဒာစိုး၊ မသိမ့်နန္ဒာစိုး၊ မောင်သစ်ထူးညဏ်၊ မကြည်ဖြူသင်၊ မစောယွန်းစန္ဒီ၊ မောင်အောင်လှိုင်ဖြိုး၊ မြေး မြစ် ၁၀၀ကျော်တို့၏အဘွား၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၇)ရပ်ကွက်၊ ပင်လုံအိမ်ရာ အပိုင်း(၃)၊ မြနှင်းဆီလမ်း၊ အမှတ် ၁၈ (A-2)နေ ဦးချစ်သောင်း၏ ဇနီးသည် ၁၈-၉-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကျော်ညိန်း

အားကစားနည်းစနစ်မှူး(ငြိမ်း)
(ပြိုင်စက်ဘီး)
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ (စည်သူသီရိပျံချီ ဒေါက်တာဦးမောင်ကလေး-ဒေါ်စော)တို့၏သား၊ရန်ကုန်မြို့၊သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၆/ကနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ဒေါက်တာနီလာညိန်း(မေ့ဆေးဆရာဝန်ကြီး၊ ငြိမ်း)၊ ဒေါ်သီတာညိန်း(အထပြ၊ ငြိမ်း)၊ ဦးဇော်ဝင်းညိန်း(ဘူမိဗေဒအရာရှိ၊ ငြိမ်း၊ ဆည်မြောင်း)၊ ဒေါ်သင်းလဲ့ထွေး၊ ဦးဇော်မင်းညိန်း(မီးသတ်တပ်စုမှူး၊ ငြိမ်း)၊ ဦးဇော်သင်းညိန်း-ဒေါ်သော်တာခိုင်(Newyork)၊ ဒေါ်ခင်စန္ဒာညိန်း (အထပြ၊ ထ-၅၊ သာကေတ)တို့၏ဖခင်၊မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၉-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကျော်ညိန်း

အားကစားနည်းစနစ်မှူး(ငြိမ်း)
(ပြိုင်စက်ဘီး)
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (စည်သူသီရိပျံချီ ဒေါက်တာ ဦးမောင်ကလေး-ဒေါ်စော)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၆/ကနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ (ဦးတင်ထွန်း)-ဒေါက်တာဒေါ်ခင်ခင်နီ၊ ဒေါက်တာဒေါ်ခင်ခင်ဖြူ၊ ဒေါ်ခင်ခင်တင့်၊(ဦးထွန်းလှ)-ဒေါက်တာဒေါ်ခင်ခင်ကလေးတို့၏အစ်ကိုသည် ၁၈-၉-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄း၃၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

ဦးကျော်ညွန့်

မြန်မာ့မီးရထား
ဦးဆောင်ညွှန်ကြားရေးမှူးရုံး
ဒုလက်ထောက်(ငြိမ်း)
အသက်(၈၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေး ၄လမ်း၊ အမှတ် ၃၆-ခနေ (ဦးဘလှ - ဒေါ်စောတင်)တို့၏ သား၊ (ဦးအေးမောင် - ဒေါ်ကြည်)တို့၏သားသမက်၊ မခင်ဆွေဦး၊ ဦးတင်မျိုးညွန့်၊ ဒေါ်စုမွန်အေး၊ဒေါ်မေသဲအေး၊မခင်သီရိကျော်၊မထက်ပြည့်ဖြိုးလင်း၊မောင်အောင်ထူးလင်း၊ မောင်အောင်ရဲလင်းတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ ဒေါ်ခင်မာလာ၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၉-၂၀၁၇ရက် နံနက် ၆း၁၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၉-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးဆင့်

(စမ်းချောင်း)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၇၃ (မြေညီ-B)နေ(ဦးသိန်းဖေ-ဒေါ်တင်စိန်)တို့၏သမီး၊ ဦးထွန်းလင်း-ဒေါ်အေးအေးဝင်း၊ ဦးအောင်-ဒေါ်ကြည်ကြည်အေး၊ ဦးမောင်မောင်ဇော်-ဒေါ်တင်တင်လှိုင်၊ ဦးကြီးထွန်း-ဒေါ်အုန်းအုန်းထွေးတို့၏ညီမ၊ ဦးစိန်လင်း-ဒေါ်အောင်အောင်လှိုင်၊ ဦးတင်ဖေလင်း-ဒေါ်လှလှဝင်းတို့၏အစ်မ၊ (ဦးမောင်အေး)၏ဇနီး၊ မမေသန္တာရှိန်-မောင်သန်းဝင်းတို့၏မိခင်၊ တူ/တူမ ရှစ်ယောက်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၉-၉-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၂း၂၅နာရီတွင်နှင်းဆီကုန်းဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး

ဒုအရာခံဗိုလ်တင်မောင် (ငြိမ်း)

အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နေ (ဦးစိုးထွန်း-ဒေါ်ကျေးခင်)တို့၏သား၊ (ဦးဘကြည်-ဒေါ်ဖွားခင်)တို့၏သားသမက်၊ (ဦးတင်အောင်-ဒေါ်စိန်ကြည်)တို့၏ညီ၊ ရွှေပေါက်ကံမြို့သစ်၊ မင်းလုရဲခေါင်လမ်း၊ အမှတ် ၁၄/၆/၆၄၄နေ ဒေါ်ခင်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစန်းဦး-ဒေါ်ယုယုမာ၊ ဗိုလ်မှူးခင်ဇော်(ငြိမ်း)-ဒေါ်ဒေစီ(လ/ထ ကထိက၊ ငြိမ်း၊ ဘူမိဗေဒ)၊ (ဦးလှမြင့်သိန်း)-ဒေါ်လှလှမြတ်(အထက-၅၊ မ/ဒဂုံ)၊ ဦးကျော်ကျော်စိုး(ဥက္ကဋ္ဌ၊ ဗဟန်းမြို့နယ်၊ ပြည်ခိုင်ဖြိုး)-ဒေါ်မာမာအေး၊ ဒေါ်တင်တင်အိ၊ တပ်ကြပ်အေးကို-ဒေါ်နိုင်နိုင်ထက်(အဆရ-၁)၊ (ဒုတပ်ကြပ်ကျော်နိုင်ထွန်း)-ဒေါ်လဲ့ရွှေဝါ၊ (ဦးဝင်းထွဋ်)၊ (တပ်သားအောင်ကိုကိုဟိန်း)တို့၏ဖခင်၊ မြေး ၁၈ယောက်၊ မြစ် ရှစ်ယောက်တို့၏အဘိုးသည် ၁၉-၉-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမကြီးဒေါ်ခက်ထူးလာ(ခ)ဒေါ်ကတူး

မူလတန်းပြ(ငြိမ်း)၊ အထက(၉)မော်လမြိုင်
အသက်(၇၅)နှစ်

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၆၈နေ (ဦးစောသာကျော်-ဒေါ်နော်မူး)တို့၏သမီး၊ ဦးမြင့်သူ၏ဇနီး၊ ဒေါ်နော်လော်ရက်တာ၊ ဦးစောဆမ်မျော်ကျော်၊ ဒေါ်နော်ရိစီ၊ ဦးစောဒေါနယ်တို့၏အစ်မ၊ ကိုလှမြင့်နိုင်၊ ကိုသူရထွန်း-မပန်းအိအိနွယ်၊ ကိုမြင့်သိန်းလွင်-မစုသက်ထွန်း၊ ကိုချစ်သောင်း၊ ကိုမျိုးကျော်ဇော - မအိအိခိုင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၈-၉-၂၀၁၇ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ဇေနေဇာနှစ်ချင်းခရစ်ယာန်အသင်းတော်၌ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၂၄-၉-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ဇေနေဇာ နှစ်ချင်းခရစ်ယာန်အသင်းတော်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီဦးတင်ဦး(ခ)ဟာဂျီမုဟမ္မဒ်အီဗရာဟင်ဘိုင်

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊မြေနီကုန်း(တောင်)ရပ်ကွက်၊ အမှတ် ၃၄၊ အောင်တော်မူလမ်းနေ (ဟာဂျီဦးတင်-ဟာဂျီမဒေါ်မြသိန်း)တို့၏သား၊ ဟာဂျီဦးမောင်ကို၊ ဒေါ်အေးအေးမြင့်၊ ဟာဂျီမ ဒေါ်နီနီရွှေ၊ ဟာဂျီ ဦးတင်လှ၊ ဟာဂျီမ ဒေါ်တင်တင်မြင့်၊ ဟာဂျီဦးစိုးမြင့်၊ ဟာဂျီမဒေါ်စီစီသိန်း၊ ဟာဂျီဦးမောင်မောင်လတ်၊ ဟာဂျီဦးတင်မောင်၊ ဟာဂျီမဒေါ်မာမာအေး၊ ဟာဂျီမဒေါ်မြမြအေးတို့၏အစ်ကို၊ ဟာဂျီမဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဟာဂျီဦးခင်မောင်ထွန်း-ဟာဂျီမဒေါ်ယဉ်ယဉ်ဦး၊ ဟာဂျီဦးထွန်းမြင့်-ဟာဂျီမဒေါ်ဝါဝါဦး၊ ဟာဂျီဦးခင်မောင်ဝင်း-ဟာဂျီမ ဒေါ်ဥမ္မာဦးတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၉-၉-၂၀၁၇ရက် နံနက် ၁၁နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၀-၉-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးလှကြည်(ခ) Joe အသက်(၇၂)နှစ်

[Ex:R.O (FG)] (ကကြေး-ငြိမ်း)
(ဘူမိ-၇၃)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ၄၈လမ်း (အလယ်)၊ အမှတ် ၇၆၊ အခန်း ၈၀၂နေ (ဦးအေးမောင်Roကြီး-ဒေါ်သိန်းဇင်)တို့၏သား၊ ဦးတင်ဦး(ရဲမှူး၊ ငြိမ်း)-[ဒေါ်အုန်းရင်(မုဒုံ)]တို့၏သားသမက်၊ ဒေါ်သန်းသန်းဝင်း(ကကြေး-ငြိမ်း)၏ခင်ပွန်း၊မစုစန္ဒာကြည်(M.A.B)-မောင်ထွန်းအောင်ကျော်(ခေတ္တ-Korea)၊ မောင်ဂူးဂူး၊ မောင်မင်းသူရိန်၊ မစုစန္ဒီကြည်၊ မမိမိဟန်-မောင်အောင်သူ(ရေတပ်)တို့၏ချစ်လှစွာသောဖခင်၊ (ဦးစိန်မြင့်)-ဒေါ်ကြည်ကြည်(C.M.A-ငြိမ်း)၊ (ဒေါ်မြင့်မြင့်အေး)၊ (ဦးအေးလွင်)-ဒေါ်မြင့်မြင့်သိန်း၊ ဦးဝင်းကြည်၊ [ဦးအေးသိန်း(စားဖျော်)-ဒေါ်တင့်တင့်အေး]တို့၏ညီ/မောင်၊ ဦးတင်ဝင်းနိုင်-ဒေါ်ပြုံးပြုံးအေးတို့၏အစ်ကိုသည် ၁၉-၉-၂၀၁၇ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
နိကာယ်သာသနာထွန်းကားရေးအသင်း
ဂုဏ်ထူးဆောင်နာယကကြီး

ဆရာဦးခိုင်ဝင်း(ခ) ဦးကြည်အောင်

(မနောမယ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၆၆နေ (ဦးဘသောင်း-ဒေါ်တဆုပ်)တို့၏ သား၊ (ဦးအုန်းမောင်-ဒေါ်ယဉ်မေ)တို့၏ သားသမက်၊ ဒေါ်ခင်အုန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ဦးဟန်ဝင်းလှိုင်-ဒေါ်သင်းသင်းမာ၊ဦးနေလင်းထွန်း-ဒေါ်မိုးမိုးဆွေ (လမ်းနှင့် တံတား၊ YCDC)၊ ဦးကြည်စိုး-ဒေါ်မိုးမိုးအေးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ထင်လင်းခ (Grade-X)၊ မောင်စိုးဝေခန့် (Grade -IV)၊ မောင်စိုးဝေသန့်(K.G) အထက(၂) ရန်ကင်းတို့၏ ဘိုးဘိုးကြီးသည် ၁၉-၉-၂၀၁၇ ရက်(အင်္ဂါနေ့) နံနက် ၂း၀၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးမြင့်လှိုင်

အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ (ဦးတင်မောင် - ဒေါ်ခင်ကြည်)၊ (ဦးမောင်သွင်-ဒေါ်နီ)၊ (ဦးသာရင်-ဒေါ်ရီ)တို့၏သားသမက်၊ ဒလမြို့နယ်၊ မြို့မ(၃)ရပ်ကွက်နေ ဦးကျော်မြင့်-ဒေါ်စန်းကြည်၊ ဦးအောင်သိန်း-ဒေါ်ခင်သန်းနွဲ့၊ (ဦးဝင်းမြိုင်)-ဒေါ်ခင်သန်းအေးတို့၏ ညီ/မောင်၊ (ဦးချစ်မောင်)-ဒေါ်ခင်သန်းဌေး၊ (ဦးပြုံးချို)-ဒေါ်ချိုချို၊ မခင်သီတာတို့၏အစ်ကို၊ မောင်လင်းမျိုးထွဋ်-မမြင့်မြင့်စမ်း၊ မခိုင်ဝင့်မွန်၊ မဆွေဇင်မြင့်လှိုင်တို့၏ဖခင်၊ ဒေါ်ခင်စန်းလွင်၏ချစ်လှစွာသောခင်ပွန်း၊ တူ၊ တူမတို့၏ ဦးလေးသည် ၁၈-၉-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင်(ခုတင်-၅၀၀)မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ပန်းဆိုးတန်းဆိပ်ကမ်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက်တွင် ဒလမြို့နယ်၊ မြို့မ (၂)ရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် ၄၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပြောကြားမှုကို တိုက်ရိုက်ထုတ်လွှင့်ပြသ ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုနားထောင်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေမှုကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် LED Board ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသရာ ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုကြိုဆိုထောက်ခံကြစဉ်

သတင်း-ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-ဇော်မင်းလတ်

ရန်ကုန် စက်တင်ဘာ ၁၉

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ယနေ့ နံနက် ၁၀ နာရီက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပြောကြားနေမှုကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် LED Board ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသရာ ကြိုဆိုထောက်ခံသည့် ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုနားထောင်ကြသည်။

"ဒီမိန့်ခွန်းကနေ ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာက ဖိအားပေးမှုတွေကို လျှော့ချနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ဒီမိန့်ခွန်းဟာ ကျွန်တော်တို့ နိုင်ငံအတွက် အများကြီးအကျိုးရှိနိုင်တာကြောင့် ကြိုဆိုထောက်ခံတဲ့အနေနဲ့ အခုလို လာရောက်နားထောင်ဖြစ်တာပါ"ဟု စမ်းချောင်းမြို့နယ်မှ ဦးမိုးမင်းက သူ၏အမြင်ကို ပြောသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာ ရွှေခြောက်ခုဆွတ်ခူး

သတင်းနှင့်ဓာတ်ပုံ-အေကေလင်း

ကွာလာလမ်ပူ စက်တင်ဘာ ၁၉

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပလျက်ရှိသည့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့သည် ရွှေခြောက်၊ ငွေခုနစ်၊ ကြေးခြောက်ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။ (ဝဲပုံ)

စက်တင်ဘာ ၁၈ ရက် နံနက်က National aquatic Center Bukit Jalil ရေကူးကန်၌ ကျင်းပသည့်

စာမျက်နှာ ၁၀ ကော်လံ ၄ ✻

ယနေ့ရန်ကုန် Yangon Today

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ယနေ့ရန်ကုန်အချပ်ပို လေးမျက်နှာပါရှိသည်

YAN PAE Corn Starch ရန်ပယ် ပြောင်းဖူးကော်မှုန့်

ပြောင်းစိုက်တောင်သူများ၏ အနာဂါတ် ခိုင်ခံ့ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။
လုပ်ငန်းသုံးပြောင်းကော်မှုန့် စားသောက်ကုန် ကုန်ကြမ်းများ ဝယ်ယူရရှိနိုင်ပါသည်။

100% ပြောင်းကော်မှုန့် စစ်စစ်ဖြစ်ကြောင်းအာမခံပါသည်။

FDA approved

'ပြည်တွင်းဖြစ်ကိုအားပေးပါ' Made in Myanmar

ပြောင်းဖူးကော်မှုန့် အသုံးဝင်ပုံ

- ပြောင်းဖူးကော်မှုန့်ကို ဟင်းလျာများချက်ပြုတ်ရာတွင် အရသာအထူးကောင်းမွန်ရန် သင့်လျော်သည့် အချိုးအစားထည့်၍ အသုံးပြုနိုင်ပါသည်။
- အသား၊ ငါး၊ ပုစွန် နှင့် အခြားဟင်းသီးဟင်းရွက်များကြော်ရာတွင် အနှစ်ကပ်ကြော်၍ စားသုံးနိုင်ပါသည်။–
- ဘီစကစ်၊ ကိတ်မုန့် နှင့် အခြား မုန့်အမျိုးမျိုး ပြုလုပ်ရာတွင်ထည့်သွင်းအသုံးပြုနိုင်ပါသည်။
- ပြောင်းဖူးခေါက်ဆွဲ၊ ပြောင်းဖူးကြာဇံ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်ပါသည်။–
- ပြောင်းဖူး ကျောက်ကျောအဖြစ် ကော်မှုန့်၊ သကြား၊ ရေနှင့် အခြားတန်ဆာပလာများထည့်၍ ကျိုချက်စားသုံးနိုင်ပါသည်။
- ပဲတို့ဟူးပြုလုပ်ရာတွင် ပိုမိုအရသာရှိစေရန် ပြောင်းဖူးကော်မှုန့် ရောနှော၍ အသုံးပြုနိုင်ပါသည်။
- ဆေးဝါးစက်ရုံများတွင် ဆေးပြား၊ ဆေးတောင့်ပြုလုပ်ရာတွင် B.P Grade Corn Starch အသုံးပြုနိုင်ပါသည်။

ဘေးထွက်ပြောင်းဖတ်များ တိရစ္ဆာန်အစာချက်ရန် ရောင်းချပေးပါသည်။

Marketed By - SuperOne Holdings Co.,Ltd. , အမှတ် (၆၆)၊ ၁၂၄ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01 290702, 09 5413291
Produced By - ပြောင်းဖူးကုန်ကြမ်းကုန်ချောထုတ်လုပ်စက်ရုံ(ရန်ပယ်)၊ ပရပ်ကြယ်ကျေးရွာ၊ တောင်တွင်းကြီးမြို့။ ဖုန်း - 09 257012430, 09 421040243

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ တော်သလင်းလကွယ်
၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့



ရန်ကုန် မြို့ပြလမ်းတွေ . . .

ဝေယံဦး၊ ဓာတ်ပုံ-ကောင်

သမိုင်းလမ်းဆုံဘက်ထွက်လိုက်ချိန်တွင် ယခင်ကတွေ့နေကျ နေ့ရောညပါလမ်းခင်း နေသည့် အလုပ်သမားများကို မတွေ့ရတော့။ အရင်ရက်များက လှုပ်လှုပ်ရွရွနှင့် ကားလမ်းထက်ဝယ် အလုပ်များနေသော အလုပ်သမားများ၊ ယန္တရားများ၊ ခင်းပြီးကွန်က ရစ်သားထိခိုက်မှု မရှိစေရန် လမ်းပေါ်ထားရှိသည့် ပလတ်စတစ်အမိုးခုံးလေးများ လည်းမရှိတော့၊ ညီညာပြန့်ပြူးသော ကွန်ကရစ်ထပ်ပိုးလွှာ လမ်းက ထင်ထင်ရှားရှားပေါ်ထွက်လာခဲ့သည်ကို တွေ့လိုက် ရသည်။

မူလက ကတ္တရားလမ်းသားများ ပျက်စီးမှု၊ လမ်းမြေအနေအထားနိမ့်နေမှုများကြောင့် မိုးသည်းလျှင် သမိုင်းလမ်းဆုံ ကားလမ်းများမှာ ရေလျှံပြီး လမ်းပျက်စီးမှုများခဲ့ရာ ယခုပြင်ဆင်ပြီးသဖြင့် လာမည့်နှစ်၌ ကားလမ်းရေလျှံမှုမှ သက်သာတော့မည်။ ကွန်ကရစ်ထပ်ပိုးလွှာသစ် ခင်းနိုင်ခဲ့မှုကြောင့် သမိုင်းလမ်းဆုံကို ဖြတ်သန်းသောကားများ အဆင်ပြေချောမွေ့ ဖြတ်သန်း မောင်းနှင်နိုင်ကြပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၂၀ ကျော်တွင် ပျက်စီးနေသည့် ကားလမ်းပိုင်းများစွာရှိနေသည်။ ရန်ကုန်မြို့တွင် အလုပ်ကိစ္စဖြင့် ဟိုဟိုသည်သည်သွားတိုင်း ကားလမ်းပိုင်းအချို့ ပျက်စီးနေသည်ကို သတိပြုမိသလို အဆင့်မြှင့်တင်ရန် လိုအပ်သည်ဟု အကြိမ်ကြိမ်တွေးခဲ့မိသည်။ ယခုတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၁၄ ဘီလီယံကျော်ကို ဖြည့်စွက်ခွင့်ပြုခဲ့ပြီး ရန်ကုန်မြို့ကားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်းနှင့် လမ်းအဆင့်မြှင့်တင်မှုများအတွက် အသုံးပြုခွင့်ပြုထားပြီဖြစ်ရာ ဘယ်နေရာသွားသွား ကားလမ်း ကောင်းကောင်းများကို အသုံးပြုနိုင်တော့မည့် အနေအထား တစ်ရပ်ရောက်ရှိလာမည်ဖြစ်သည်။

ရန်ကုန်မြို့အတွင်း လမ်းများကောင်းမွန်ရန် လမ်းတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များက ဦးစီးဆောင်ရွက်နေခြင်းဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံ(တောင်) မြို့နယ်၊ ဗဟန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ သာကေတမြို့နယ်၊ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်တို့တွင် လမ်းများတိုးချဲ့မှုနှင့် အဆင့်မြှင့်တင်မှုပြုလုပ်သွားရန်ရှိရာ အကောင်အထည်ဖော်ရန် လိုအပ်နေသည့် မြို့နယ်များလည်းဖြစ်သည်။

ယနေ့ ရန်ကုန်မြို့ပြအခြေအနေက ယာဉ်အစီးရေတိုးမြင့်လာသည်ဖြစ်ရာ ကားလမ်းများကောင်းမွန်ရန် လိုအပ်လာသည်။ ကားလမ်းများကောင်းမွန်ရန် လိုအပ်သလို လမ်းများတိုးချဲ့နိုင်ရန်လည်း လိုအပ်လာသည်။ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်တွင် အရှည် ၃၂၁၅ ပေရှိသည့် သုဓမ္မာလမ်းနှင့် ရွှေပေါက်ကံမြို့သစ်ရှိ ပုဂံလမ်းမကြီးများကို ခြောက်လက်မအထူ ကွန်ကရစ်လမ်းခင်းရန်လည်း စီစဉ်နေပြီဖြစ်ရာ မော်တော်ယာဉ်များ မောင်းနှင်သွားလာမှု အဆင်ပြေလာတော့မည်ဖြစ်သည်။

ရန်ကုန်မြို့တွင် မော်တော်ယာဉ်သွားလာမှု အများဆုံး ကားလမ်းမကြီးတစ်ခုဖြစ်သည့် ရန်ကုန်-အင်းစိန် ကားလမ်းပေါ်တွင်လည်း လမ်းညွှန်အမှတ်အသားများ၊ လူကူးမျဉ်းကျားများနှင့် ဘတ်စ်ကားမှတ်တိုင် ကားရပ်ဧရိယာ မျဉ်းဝါများ ရေးဆွဲမှုကို အသစ်ပြုလုပ်ရန် လိုအပ်နေရာ လမ်းအပိုင်းလိုက်ဆောင်ရွက်ရန် ရှိနေသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၃၃ မြို့နယ်တွင် လမ်းများအဆင့်မြှင့်တင်မှုပြုလုပ်ရန်နှင့် လမ်းများတိုးချဲ့ရန်အတွက် မူလကတည်းက စနစ်တကျ စီစဉ်ပါမှ ဖြစ်သည်။

ရန်ကုန်မြို့လမ်းများနှင့် ပတ်သက်ပြီး အင်္ဂလိပ်တို့ ခရစ်နှစ် ၁၈၅၃ တွင် ရန်ကုန်မြို့ကို မြို့ကွက်သစ်ပြန်ချ ရေးဆွဲတည်ဆောက်ခဲ့ရာတွင် အင်ဂျင်နီယာတပ်မှ ဗိုလ်ဖရေဇာသည် ဒေါက်တာဝီလျံမောင်ဂိုမာရီ၏ အကြံပေးချက်အရ လူဦးရေ ၃၆၀၀၀ အခြေချနေထိုင်နိုင်သည့် မြို့သစ်ကိုရေးဆွဲခဲ့ရာ၌ ရန်ကုန်မြို့လယ်တွင် အရှေ့နှင့်အနောက် လမ်းမကြီးငါးသွယ်ဖောက်လုပ်ပြီး ယင်းလမ်းမကြီးများကိုဖြတ်ကာ ဖြတ်လမ်းသို့မဟုတ် လမ်းသွယ်များ ဖောက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ လမ်းများဖောက်လုပ်ရာတွင် ဂဏန်းနံပါတ်ထိုးထားသော အကျယ် ၂၅ ပေ လမ်းနှစ်လမ်း သို့မဟုတ် လေးလမ်းကြားတွင် လူအမည်၊ လမ်းအမည်လုပ်ထားသော ပေ ၅၀ အကျယ် လမ်းကျယ်တစ်လမ်းစီ ကြားညှပ်ထားကာ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင် ဥပမာ ၁ လမ်း၊ ၂ လမ်း၊ ၃ လမ်းနှင့် ၄ လမ်းပြီးလျှင် လမ်းအကျယ်အဖြစ် ကီလီလမ်းဟု သတ်မှတ်ခဲ့သလို ၅ လမ်း၊ ၆ လမ်းပြီးလျှင် လမ်းအကျယ်အဖြစ် ကိုင်းတန်းလမ်းဟု သတ်မှတ်ခဲ့သည်။ ထို့အတူ ၇ လမ်းနှင့် ၈ လမ်းပြီးလျှင် ပေ ၅၀ အကျယ် မော်တင်လမ်း ထားရှိခဲ့သလို ၉ လမ်းနှင့် ၁၀ လမ်းပြီးလျှင် စတီဗင်ဆင်လမ်း (လှည်းတန်း) လမ်းရှိသည်။

တစ်ဖန် ၁၁ လမ်းနှင့် ၁၂ လမ်း (ဖိနပ်တန်း) လမ်းပြီးလျှင် ပေ ၅၀ အကျယ် ဘုန်းကြီးလမ်းရှိနေပြီး ၁၃ လမ်းနှင့် ၁၄ လမ်းပြီးလျှင် (အော်လီဖင့်လမ်း) ရွှေတောင်တန်းလမ်းရှိသည်။ ၁၅ လမ်းနှင့် ၁၆ လမ်း ပြီးလျှင် ယခင် ဂေါ်ဒဝင်လမ်း (ယခု လမ်းမတော်လမ်း)၊ ၁၇ လမ်းနှင့် ၁၈ လမ်းပြီးလျှင် လမ်းကျယ်အဖြစ် ခရစ်လမ်း (စဥ့်အိုးတန်း) ထားရှိကာ ၁၉ လမ်းနှင့် လမ်း ၂၀ ပြီးလျှင် ပေ ၅၀ အကျယ် လတ္တာလမ်း(လသာလမ်း) ထားရှိခဲ့သည်။

ရန်ကုန်မြို့ရှိ လမ်းများကို စနစ်တကျ ရေးဆွဲဖောက်လုပ်ခဲ့ရာတွင် ၂၁ လမ်းနှင့် ၂၂ လမ်းပြီးလျှင် လမ်းကျယ်အဖြစ် စစ်ကဲမောင်ခိုင်လမ်း၊ ၂၃ လမ်း နှင့် ၂၄ လမ်း၊ ၂၅ လမ်းနှင့် ၂၆ လမ်းတို့ပြီးလျှင် ပေ ၅၀ အကျယ် ကုန်စျေးတန်းလမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းပြီးလျှင် မဂိုလမ်း(ရွှေဘုံသာလမ်း)၊ ၂၉ လမ်းနှင့် လမ်း ၃၀ တို့ပြီးလျှင် စစ်ကဲမောင်ထော်လေးလမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းပြီးလျှင် လမ်းကျယ် ဆူးလေဘုရားလမ်း၊ ၃၃ လမ်း၊ ၃၄ လမ်း၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ ၃၅ လမ်း၊ ၃၆လမ်းတို့ပြီးလျှင် ပန်းဆိုးတန်း လမ်းစသည်ဖြင့် စနစ်တကျလမ်းများဖောက်လုပ်ခဲ့ရာ ယနေ့အထိ လမ်းဖောက်လုပ်မှု မှန်ကန်နေဆဲ၊ အသုံးဝင်နေဆဲဖြစ်သည်။

ယနေ့ ရန်ကုန်မြို့တွင်းရှိ ကားလမ်းများ အဆင့်မြှင့်တင်မှု၊ လမ်းတိုးချဲ့မှုများကို ဘဏ္ဍာငွေကြေးခွင့်ပြုမှုအပေါ် မူတည်ကာ ဆောင်ရွက်နေသော်လည်း လိုအပ်ချက်များ ရှိနေဆဲပင်ဖြစ်သည်။ ရန်ကုန်မြို့နေ ပြည်သူများသည် နေ့စဉ် မလွဲမသွေ ရန်ကုန်ကားလမ်းများအပေါ် ဖြတ်သန်းနေရဆဲပင်ဖြစ်ရာ လမ်းအရည်အသွေး၊ လမ်းအင်္ဂါရပ်များဖြင့် ပြည့်စုံရန် လိုအပ်နေသည်က အမှန်ပင်။

ရန်ကုန်မြို့ပြအခြေအနေက ယာဉ်အစီးရေ တိုးမြင့်လာသည်ဖြစ်ရာ ကားလမ်းများကောင်းမွန်ရန် လိုအပ်လာသည်။ ကားလမ်းများကောင်းမွန်ရန်လိုအပ်သလို လမ်းများတိုးချဲ့နိုင်ရန်လည်း လိုအပ်လာ



နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခေါ် ပုံရိပ်ကို ပွဲစားများကြောင့် မထိခိုက်စေရလို

သတင်း-သော်တာနှမ့်စန်၊ ဓာတ်ပုံ-သစ္စာ

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် နိုင်ငံကူးလက်မှတ်ထုတ်ပေးရာရုံးရှေ့တွင် ပြည်ပသို့ထွက်ခွာမည့် ပတ်စ်ပို့လျှောက်ထားသူများဖြင့် စည်ကားလျက်ရှိသည်။ စက်မှု(၁) လမ်းမကြီးပေါ်တွင် ယာဉ်များ မကြာခဏပိတ်ဆို့လျက်ရှိပြီး ရုံးရှေ့ကားလမ်းတွင် ရပ်ထားသောယာဉ်များ၊ တွန်းလှည်းဈေးသည်များနှင့် ပတ်စ်ပို့ပွဲစားများဖြင့် နိုင်ငံကူးလက်မှတ်ထုတ်ပေးရာရုံးရှေ့မှာ ပွဲဈေးတန်းငယ်ပမာ လူစည်လျက်ရှိသည်။ ဤရုံးမှ ပြည်ပသို့ ထွက်ခွာမည့်သူများ ပုံစံခုနစ်မျိုးကို One Stop Service ပုံစံဖြင့် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ ဝန်ဆောင်မှုပေးလျက်ရှိသည်။ တစ်နေ့လျှင် ပတ်စ်ပို့လျှောက်ထားသူ ၂၀၀၀ အထိရှိပြီး ကုမ္ပဏီပေါင်း ၆၀ ခန့်ကလည်း ပြည်ပတွင်အလုပ်လုပ်ကိုင်မည့် မြန်မာနိုင်ငံသားအလုပ်သမားတို့အတွက် ပတ်စ်ပို့လျှောက်ထားမှုကို လုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရာတွင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ အများဆုံးသွားရောက် အလုပ်လုပ်ကိုင်ကြလျက်ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့သွားရောက်ရာတွင် ပုံစံခုနစ်မျိုးဖြင့် သွားရောက်လျက်ရှိပြီး အလုပ်အကိုင်ဖြင့် နေ့စဉ်လူဦးရေ ၁၅၀၀ ခန့် သွားရောက်လျက်ရှိသည်။ ပြည်ပသို့သွားရောက်ရာတွင် PJ (အလုပ်အကိုင်ဖြင့်သွားရောက်ခြင်း)၊ PV ၊ PE ၊ PR ၊ PT ၊ PB နှင့် PS ဟူ၍ အမျိုးအစားပုံစံခုနစ်မျိုးဖြင့် သွားရောက်လျက်ရှိရာ ဘာသာရေးဆောင်ရွက်မှုဖြင့် သွားလာသော PR မှလွဲ၍ ကျန်သောခြောက်မျိုးဖြင့် သွားရောက်လျက်ရှိသည်။ မလေးရှားနိုင်ငံမှ အလုပ်သမား ခေါ်ယူမှု ပြန်လည်ပွင့်လာသည်မှာ နှစ်လခန့်ရှိပြီဖြစ်ပြီး မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူများလာသည့်နည်းတူ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူတို့မှာလည်း မလေးရှား နိုင်ငံထက် ပို၍များပြားလျက်ရှိသည်။ ထိုင်းနိုင်ငံတွင် ထပ်မံ အလုပ်လုပ်ကိုင်ရန်အတွက် မြန်မာပြည်သို့ ခွင့်ဖြင့်ပြန်လာကာ ပတ်စ်ပို့အသစ်လျှောက်ထားသူများလည်းရှိရာ ထိုင်းနိုင်ငံတွင် ကုမ္ပဏီနှင့် ပွဲစားတို့တောင်းသောငွေ များသောကြောင့် မြန်မာနိုင်ငံသို့ ပြန်လာကာ ကိုယ်တိုင်ပတ်စ်ပို့ပြုလုပ်ကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ ပတ်စ်ပို့ လျှောက်ထားရာတွင် ကိုယ်တိုင်တန်းစီ၍ လျှောက်ထားရမည် ဖြစ်ပြီး အသက်အရွယ်ကြီးသူများနှင့် နာမကျန်းဖြစ်သူများ အတွက်သာ ကူညီသူတစ်ဦးနှင့် ဆောင်ရွက်နိုင်၍ ၁၀ ရက်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ယခင်က ဖောင်ဖြည့်ရာတွင် စာရွက်စာတမ်းများစွာ ဖြည့်ရသော်လည်း ယခုအခါ တစ်ရွက်တည်းဖြင့် ဖောင်ဖြည့်၍ ပတ်စ်ပို့အတွက် ငွေကျပ် ၂၅၀၀၀ သာ ကုန်ကျကာ အခက်အခဲမရှိ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း အဆိုပါ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

၎င်းက “ ယခုပတ်စ်ပို့ထုတ်ပေးတဲ့အခါမှာ အရင်ကလို ပုံစံ(၁၉) မရှိတော့တာကို မသိတာရယ်၊ ပွဲစားတွေစကားကို ယုံကြည်ပြီး ပတ်စ်ပို့မြန်မြန်ရမယ်ဆိုပြီး ငွေပေးလိုက်လို့ ငွေပါသွားတာတွေ မကြာခဏဖြစ်နေတယ်။ မနက်ပိုင်းမှာ ပတ်စ်ပို့လာလျှောက်သူတွေ တန်းစီနေချိန်မှာ ရုံးပတ်ဝန်းကျင်ကို အဖွဲ့တွေလွှတ်ပြီး ပွဲစားတွေကို ရှင်းလင်းပါတယ်။ ပြီးမှ စီနီယာအလိုက် တန်းစီထားတဲ့အတိုင်း ၁၀ ရက်နဲ့ ပတ်စ်ပို့ လျှောက်ထားသူကို ဝန်ဆောင်မှုပေးနေပါတယ်။ တန်းမစီချင်လို့ ပွဲစားစီအပ်တဲ့အတွက် ပွဲစားလိမ်သွားတာကို ခံနေရတာ ကြားနေရတယ်။ အများဆုံး မြို့ပေါ်ကလူတွေ ခံရတာများတယ်။ နယ်တွေကနေ ပတ်စ်ပို့လျှောက်တဲ့သူတွေက ကုမ္ပဏီကမှာတဲ့ အတိုင်း ဒီနေရာဆို ဒီနေရာပဲနေတယ်။ တန်းစီကြတယ်။ ကုမ္ပဏီကလုပ်ပေးတဲ့အတွက် ပွဲစားလိမ်တာမခံရဘူး။ မြန်မြန် လိုချင်တဲ့သူတွေ အလိမ်ခံရတာများတယ်။ နံနက်ပိုင်း ကင်းလှည့်ချိန်ဆိုရင်တော့ ပွဲစားတွေ ထွက်ပြေးတတ်တယ်။ ပတ်စ်ပို့အတွက် ဝန်ဆောင်ခကိုလည်း တရားဝင်ကြေညာထား ပြီးသားပါ။ ငွေကျပ် ၂၅၀၀၀ ပဲကျပါတယ်။ တန်းစီတဲ့စနစ်တော့ အောင်မြင်နေပါပြီ။ အချို့လူတွေက ပွဲစားတွေနဲ့ လုပ်ကိုင်တာ တွေရှိနေတယ်။ ရပ်ကွက်အုပ်ချုပ်ရေး၊ နယ်မြေခံရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး ပွဲစားတွေကို ခြေချုပ်ရယူဖို့လည်း ကြိုးစားနေ ပါတယ်။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့နဲ့ ဆက်စပ်မှုမရှိတဲ့ပွဲစားတွေက နိုင်ငံကူးလက်မှတ်လုပ်တဲ့ပြည်သူ တွေကို အယုံလွယ်အောင်ပြောဆိုပြီး လိမ်လည်မှုတွေရှိနေတယ် လို့လည်း ကြားနေရတယ်” ဟု အဆိုပါရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အချုပ်ပို (ယ) သို့

ဘုရင့်နောင်တိုက်ခန်းတန်ဖိုးလျော့ကျ၊ ငှားရမ်းခပုံမှန်သာရှိနေဆဲ

ခင်ဆိုင်

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းရှိ တိုက်ခန်း တန်ဖိုးကျဆင်းသော်လည်း ငှားရမ်းခမှာမူ ပုံမှန်သာရှိနေဆဲ ဖြစ်သည်ဟု တိုက်ခန်းငှားရမ်း၍ လုပ်ငန်းလုပ်ကိုင်သူ များကဆိုသည်။

ယင်းပွဲရုံဝင်း ပြောင်းရွှေ့ရမည့်သတင်းနှင့် မြေဂရန် သက်တမ်းများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်းအထိသာ သတ်မှတ်ပေးမည့်သတင်းများအရ တိုက်ခန်းများ ရောင်းဝယ် ရာတွင် တန်ဖိုးကျဆင်းလာခြင်းဖြစ်နိုင်သည်ဟု ပြောဆိုကြသည်။

၁၉၉၃ မှ ၁၉၉၅ အတွင်း ထုတ်ပေးသော သက်တမ်း ၂၅ နှစ်ရှိ မြေငှားဂရန်များသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၃ ထိ သက်တမ်းရှိမည်ဖြစ်ပြီး ၁၉၉၆ ခုနှစ်မှစ၍ နောက်ပိုင်း ထုတ်ပေးသော ဂရန်များသည်လည်း တစ်ပြေးညီ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဟု ပြင်ဆင် ထားကြောင်း တိုက်ပိုင်ရှင်များအား ယခုနှစ်နှစ်လယ်ပိုင်းတွင် အသိပေးခဲ့သည်ဟု ၂၀၂၄ ခုနှစ်တွင် မြေငှားဂရန်သက်တမ်းကုန် ဆုံးမည့် ကုန်ကားဂိတ်ပိုင်ရှင် ရိုးကြီးချောင်းပတ်လမ်းမှ ကိုအောင်ဇော်က ဆိုသည်။

ယခုလပိုင်းများတွင် ပေ (၄၀ × ၆၀) တိုက်ခန်းတစ်တိုက် လျှင် ငွေကျပ်သိန်းနှစ်ထောင်ဝန်းကျင်ဖြင့် အရောင်းအဝယ် ဖြစ်သည်ဟု စိန်ပန်းလမ်းနေ ဦးလှဟန်က ပြောဆိုသည်။

ယင်းအရောင်းအဝယ်ဖြစ်ခဲ့သော တိုက်အမျိုးအစား လမ်းအနေအထားမျိုးဆိုလျှင် ၂၀၁၆ ခုနှစ်ဝန်းကျင်တွင် ငွေကျပ် သိန်းသုံးထောင်ဝန်းကျင် ရှိခဲ့သည်။ တိုက်ခန်းငှားရမ်းခများမှာ ပေ (၂၀ ×၆၀) တိုက်ခန်းမြေညီထပ်ဆိုလျှင် လမ်းအနေအထား ပေါ်မူတည်၍ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် ခုနစ်သောင်းရှိ ခဲ့သည်။ သို့သော်ယခုနှစ်များတွင်မူ ငွေကျပ်ခုနစ်သိန်းမှ ၁၀ သိန်းဝန်းကျင်ရှိသည်။

အပေါ်ထပ်တစ်ခန်းလျှင် ငွေကျပ်နှစ်သိန်းဝန်းကျင်ရှိသည် ဟု ခရေလမ်းကုန်ကားဂိတ်လုပ်ငန်းလုပ်ကိုင်နေသူ ဦးအောင်မြင့် က ဆိုသည်။ ၁၉၉၀ မတိုင်မီ ကာလများတွင် ပွဲရုံများ၊ ကားဂိတ် များသည် မြစ်ဝကျွန်းပေါ် သင်္ဘောဆိပ်များအနီးရှိ လမ်းမတော် နှင့် လသာမြို့နယ်များအတွင်း ရှိခဲ့သည်။ ဟင်းရွက်၊ သားငါး၊ ကြက်ဘဲ ဈေးများလည်း ဆိပ်ကမ်းမြို့နယ်အတွင်း ရှိခဲ့သည်။ ၁၉၉၃ ခုနှစ်ဝန်းကျင်တွင် ယခုလက်ရှိနေရာ မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက်အတွင်း လှိုင်မြစ်ဘေးနေရာသို့ ပွဲရုံနှင့် ကားဂိတ် လုပ်ငန်းများကို ပြောင်းရွှေ့ဖွင့်လှစ်စေခဲ့သည်။ ***အချုပ်ပို (ဂ) သို့***

ရန်ကုန်မြို့မှ ခေတ်နှင့်အမီ ပွင့်လန်းလာသော အလုပ်အကိုင်အခွင့်အလမ်းတစ်ခု

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာပြည်၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် ခေတ်မီစွာတည်ဆောက်လာသော ကုန်တိုက်ကြီးများက မြို့နေလူအများလိုချင်သော အသုံးအဆောင်ပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် အချိန်တိုအတွင်း ရရှိစေနိုင်ခဲ့သည်။

ထို့ထက် ဆယ်စုနှစ်တစ်စုအတွင်း အလွန်လျင်မြန်စွာပြောင်းလဲတိုးလက်လာသော ဆက်သွယ်ရေးစနစ်မှ မိုဘိုင်းဖုန်းများနှင့် အွန်လိုင်းစနစ်ချိတ်ဆက်မှုများ ပိုမိုကောင်းမွန်လာခြင်းက မြို့ရန်ကုန်၏ စီးပွားရေးစနစ်ကို Door to Door ဆီသို့ အဟုန်မြင့် ပြောင်းလဲစေခဲ့သည်။ ထပ်ဆင့်၍ဆိုရသော် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပိုမိုပွင့်လန်းစေခဲ့သည်။

မိမိလိုချင်သော အသုံးအဆောင်ပစ္စည်းတစ်ခုခုကို ဖေ့ဘုတ်မှသော်လည်းကောင်း၊ ဝက်ဆိုဒ်မှသော်လည်းကောင်း အလွယ်တကူရှာဖွေလာနိုင်ခဲ့ပြီဖြစ်ရာ ကြိုက်နှစ်သက်ပါက ဖုန်းဖြင့် ဆက်သွယ်စကားပြော၍သော်လည်းကောင်း၊ Message မှသော်လည်းကောင်း မှာယူနိုင်ကြပြီဖြစ်သည်။ တစ်နိုင်တစ်ပိုင်တစ်ဆွဲဖြင့် မှာယူသူ၏အိမ်အရောက် ပို့ဆောင်ပေးနေကြသည်။ ကြိုတင်သိရှိပြီးသော ပစ္စည်းတန်ဖိုးနှင့် ပို့ဆောင်ခကို လက်ဝယ်ပစ္စည်းရောက်မှ ပေးချေရခြင်းဖြစ်သည်။ လူငယ်အတော်များများ ထိုစီးပွားရေးကို စိတ်ဝင်တစားရှိကြပြီး ဆောင်ရွက်နေကြသည်ကို လေ့လာတွေ့ရှိရသည်။ ပို့ဆောင်ခမှာလည်း ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၂၀၀၀၊ ထို့ထက် ခရီးအကွာအဝေးပေါ်မူတည်၍ အနည်းငယ်သာကွာသည်ကို စေ့ငုမိသည်။

၎င်းတို့ထက်ပို၍ ထူးခြားစွာတွေ့မြင်လာရသော ဝန်ဆောင်မှုတစ်ခုမှာ ရန်ကုန်မြို့အတွင်း စက်ဘီးငယ်လေးများစီးကာ လိမ္မော်ရောင်၊ အစိမ်းရောင်၊ အင်္ကျီလက်ရှည်၊ ဘောင်းဘီနက်ပြာ၊ ဦးခေါင်းတွင် စက်ဘီးစီးဦးထုပ်ကိုယ်စီဆောင်းလျက် နောက်ကျောတွင် ပုံးငယ်လေးများကိုလည်းကောင်း၊ စက်ဘီးနောက်ခုံတွင် တင်လျက်လည်းကောင်း သွားလာလှုပ်ရှားနေကြသော စက်ဘီးစီးလူငယ်လေးများကို နေ့စဉ်မြင်တွေ့လာရသည်။

ထိုလူငယ်လေးများအစပြုထွက်ခွာရာရပ်ဝန်းကို လိုက်လံရှာဖွေခဲ့သည်။ စမ်းချောင်းမြို့နယ် ဗဟိုလမ်း၊ အာရှတော်ဝင်ဆေးရုံအနီးလမ်းအတွင်း ကွန်ဒိုတစ်ခုမှ မြစ်ဖျားခံထွက်လာကြခြင်းဖြစ်သည်ကို တွေ့ရသည်။

Food 2u (food to you) “မင်းဆီသို့ အစားအစာများရောက်လာမည်” Always with you “အမြဲတမ်း မင်းနဲ့အတူရှိနေမည်” ဆိုသည့် ဆောင်ပုဒ်နှင့်အတူ ငယ်ရွယ်နုပျိုသော လူငယ်လေးများ ဦးစီးဆောင်ရွက်နေသည့် အိမ်အရောက် အစားအစာပို့ဆောင်ရေး ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

ရုံးခန်းအတွင်းသို့ ရောက်ရှိသွားချိန်ဝယ် အံ့ဩမှုတစ်ခုဖြစ်ခဲ့ရသည်။ သာမန်ပို့ဆောင်ရေးလုပ်ငန်းတစ်ခုမက တွေ့မြင်လိုက်ရသည်။ စားပွဲခုံအသီးသီးပေါ်ဝယ် အွန်လိုင်းချိန်ဆက်ရန် ကွန်ပျူတာများရှိပြီး ငယ်ရွယ်သော အမျိုးသမီးလေးများက မှာယူမှုအသီးသီးကို လက်ခံဖမ်းယူနေကြသည်။

အသက် ၂၅ နှစ်ကျော်ဝန်းကျင်ရှိ Chief Marketing ဒေါ်ရီမွန်ဟန်က “ကျွန်မတို့ ဒီလုပ်ငန်းကို စတင်ခဲ့တာက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလထဲကပါ။ အစက ဆိုင်တစ်ဆိုင်တည်းကပဲ အစားအစာ စာရင်း (Menu) ၅၀ နဲ့ပဲ စားသုံးသူတွေမှာယူမှုကို ပေးပို့ပေးပါတယ်။ နောက် စားသုံးသူတွေရဲ့တောင်းဆိုချက်ကြောင့် အခြားစားသောက်ဆိုင်တွေက စားချင်တဲ့အစားအစာ သက်သတ်လွတ်ကအစ ပို့ပေးပါတယ်။ အခုဆို မတူညီတဲ့ဆိုင်ပေါင်း ၁၂၀ ကျော်နဲ့ ချိတ်ဆက်ပြီး ရန်ကုန်မြို့ ၁၈ မြို့နယ်အတွင်းမှာ နံနက် ၁၁ နာရီကနေ ည ၉ နာရီခွဲအထိ ပို့ဆောင်ပေးနေပါပြီ။ အကယ်၍ အလှူအတန်းရှိလို့ သတ်မှတ်အချိန်မှ မဟုတ် မှာယူချင်တယ်ဆိုရင်လည်း ဖြစ်အောင်ဆောင်ရွက်ပေးပါတယ်။ အဓိကကတော့ အွန်လိုင်းစနစ်နဲ့ အများဆုံးချိတ်ဆက်ထားပါတယ်။ စတင်တည်ထောင်သူကလည်း ပြည်တွင်းကပဲဆိုတော့ ပြည်တွင်းမှာပဲ ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်နေပါတယ်” ဟု ပြောသည်။

လူငယ်တစ်ဦးဖြစ်သည့် Chief Operating Officer ကိုဇော်လင်းအောင်က “မြို့တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတစ်ခု ပေါ်ပေါက်လာခြင်းပါ။ လူငယ်လေးတွေနဲ့ အများကြီးသင့်လျော်ပါတယ်။ စက်ဘီးစီးဝါသနာပါတယ်ဆိုရင် အဆင်ပြေပါတယ်။ သင်တန်းတွေပေးပြီး လုပ်ငန်းဝင်နိုင်အောင် စီစဉ်ပေးပါတယ်။ ပညာသင်ရင်း အချိန်ပိုင်းဝင်ပြီး ဆောင်ရွက်မယ်ဆိုရင်လည်း ရပါတယ်။ လူငယ်တော်များများက စိတ်ဝင်စားကြပါတယ်။ အခုလို ယာဉ်ကြောကျပ်တည်းမှုများတဲ့ ရန်ကုန်မှာ စက်ဘီးလေးတွေ အလွယ်တကူဝင်ပြီး လိုရာခရီးကို အမြန်ဆုံးအရောက်ပို့ပေးနိုင်ပါတယ်။ ကျွန်တော်တို့လိုပဲ အခြားကုမ္ပဏီနှစ်ခု၊ သုံးခုကလည်း ဆောင်ရွက်နေကြပါတယ်။ ရန်ကုန်မြို့ရဲ့ လူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတစ်ခုပါပဲ” ဟု ဆိုသည်။

ဒေါ်ရီမွန်ဟန်ကပင် ဆက်လက်၍ “ရန်ကုန်မှာက အိမ်ရှိလူအကုန်နီးပါးက အလုပ်ကိုယ်စီနဲ့ပါ၊ စီးပွားရေးအစ ကျောင်းအစပေါ့နော်၊ အခုလို အစားအသောက်အတွက်နဲ့ အချိန်ကုန်မခံနိုင်ကြတော့ဘူး။ အဲ့ဒါမျိုးဆိုရင် တစ်ပတ်စာ၊ တစ်လစာအတွက် Menu နဲ့ မှာနိုင်သလို အိမ်ရှင်မတွေ၊ အသက်ကြီးရွယ်အိုတွေ ဈေးဝယ်ဖို့ အခက်အခဲရှိရင်လည်း City Shopper “ဈေးဝယ်အကူ” အဖြစ် လိုချင်တဲ့ဆိုင်က အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ကအစဝယ်ပြီး ပို့ဆောင်ပေးတဲ့စနစ်လည်း စတင်နေပါပြီ။။ ကျွန်မတို့ ရဲ့ Website www.food2u.com.mm နဲ့ www.city shopper.com.mm နဲ့သာ ချိတ်ဆက်လိုက်ပါ။ စားသုံးသူတွေအတွက် အားလုံးအဆင်ပြေသွားမှာပါ” ဟု ထပ်ဆင့် ဆိုခဲ့သည်။

ယခုအခါ ပြောင်းလဲလာသော အစိုးရ၏ စီးပွားရေးအခြေခံ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းလာသည်နှင့်အညီ ရန်ကုန်မြို့တွင်နေထိုင်သော လူငယ်များအတွက် ခေတ်နှင့်အမီ ပွင့်လန်းလာသော စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်း တစ်ခုပင်ဖြစ်ပေသည်။

အချပ်ပို (ခ) မှ

ပေ ၄၀ × ၆၀ မြေတစ်ကွက်လျှင် နှစ်သိန်းနှုန်းဖြင့် လုပ်ငန်းရှင်များအား ရောင်းချပေးခဲ့သည်။ လုပ်ငန်းလုပ်ကိုင်သူအချို့ မိမိအစီအစဉ်ဖြင့် တိုက်ဆောက်လုပ်ရာတွင် ငွေကျပ် ၁၅ သိန်းဝန်းကျင် ကုန်ကျခဲ့သည့် ခရေလမ်းနေ ကုန်ကားဂိတ်ပိုင်ရှင် ဦးလှဦးက ဆိုသည်။

ယင်းသို့သော ဖြစ်စဉ်များရှိလာ၍ အဆောက်အအုံအချို့ ဈေးလျှော့ရောင်းခြင်းရှိလာရာ ယခင် ဈေးနှုန်းထက်များစွာ လျှော့ကျလာသဖြင့် ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ဝယ်ယူခြင်းများ မြင်တွေ့နေရခြင်းဖြစ်သည်ဟု ဦးလှဟန်က ဆိုသည်။ တိုက်ခန်းအရောင်းအဝယ် တန်ဖိုးပြန်လည်ကျဆင်းခြင်းများလာသော်လည်း တိုက်ခန်းငှားရမ်းခများမှာ ၂၀၀၀ ပြည့်နှစ်ကာလနှုန်းများထက် ဆယ်ဆဝန်းကျင် ဈေးမြင့်တက်လာနေဆဲရှိနေသည်။ မြေဂရန်သက်တမ်းများ ကုန်ဆုံးမည့်အချိန်အတွင်း သုံးနှစ်ဝန်းကျင်ကျန်ရှိသေးရာတွင် ယင်းကာလများအတွင်း တိုက်ခန်းငှားရမ်းခများ ဈေးကျဆင်းရန် မရှိနိုင်ပါဟု တိုက်ခန်းငှားရန်းလုပ်ကိုင်နေသူများက ပြောဆိုသည်။

၂၀၀၂ ခုနှစ်ဝန်းကျင်ပေ (၂၀ × ၆၀) တိုက်ခန်းတစ်ခန်းဝယ်ယူခဲ့ရာတွင် ယင်းကာလရွှေဈေးဖြင့် ရွှေအလေးချိန် နှစ်ပိဿာဝန်းကျင်တန်ဖိုးရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်လယ်နောက်ပိုင်းတွင် ငွေကျပ်သိန်းတစ်ထောင်ဝန်းကျင်သာ တိုက်ခန်းဈေးရှိလာသဖြင့် ယခုရွှေဈေးဖြင့်တွက်လျှင် ရွှေတစ်ပိဿာဝန်းကျင်ဖြင့်သာ ညီမျှမည်ဟု ကုန်သည်ဦးဇော်ထွန်းက ဆိုသည်။ တိုက်ခန်းငှားရမ်းခအနေဖြင့် တစ်လ ငွေကျပ် ၇၀၀၀၀ ဝန်းကျင်ရှိသော ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် ရွှေတစ်ကျပ်သားဈေးနှုန်းမှာ ငွေကျပ် ၅၀၀၀၀ ဝန်းကျင်သာရှိရာ တစ်လငှားခမှာ ရွှေအလေးချိန် တစ်ကျပ်သားကျော်နှင့် ညီမျှသည်ဟု ကုန်သည်ကိုသိန်းက ဆိုသည်။

၂၀၁၇ တွင်မူ ငှားရမ်းခ ၇၀၀၀၀၀ သည် ကာလရွှေပေါက်ဈေး တစ်ကျပ်သား ငွေကျပ် ၉၀၀၀၀၀ ကျော်ဖြင့် နှိုင်းယှဉ်ပါက ရွှေအလေးချိန် တစ်ကျပ်သားတန်ဖိုးထက် နည်းလာသည်ဟု တိုက်ပိုင်ရှင်တစ်ဦးက ဆိုသည်။

သုံးလကျော်သာကျန်နိုင်တော့တဲ့ ညာမောင်းကားအခွင့်အရေးနဲ့ ကားဈေးကွက်ဘာကြောင့်ပြန်အေးနေသလဲ

မင်းသော်

ညာမောင်းကားတွေအတွက် တင်သွင်းခွင့်အချိန်က နှစ်ကုန်အထိဆိုရင် သုံးလကျော်သာ ရှိပါတော့တယ်။ သို့သော်လည်း ကားဈေးကွက်မှာတော့ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဘဲ ကားတင်သွင်းသူက တိုးမလာပါဘူး။ အဓိကပြဿနာကတော့ မူဝါဒအပြောင်းအလဲများနဲ့ ဈေးကွက်ရဲ့သဘောကို ကားဝယ်ရောင်းများကပဲ အများစုသိကြပြီး တစ်နိုင်ငံလုံးက ကားပိုင်ရှင်တွေ သတိမမူမိကြလို့ ဖြစ်ပါတယ်။ ရန်ကုန်ကားဈေးကွက်ရဲ့ တစ်ပတ်အတွင်း ကြုံတွေ့ရတဲ့ အခြေအနေကတော့ အရောင်းအဝယ် သိသိသာသာအေးနေတယ်လို့ ပြောရပါလိမ့်မယ်။

ရက်ပိုင်းအတွင်း အပြောင်းအလဲဖြစ်တတ်တဲ့ ဈေးကွက်တိုင်းမှာ သတိထားစရာအချက်က နိုင်ငံရေးမတည်ငြိမ်မှုဖြစ်တဲ့အတွက် ရခိုင်ဒေသအရေးဟာ ကားဈေးကွက်ကို အနည်းနဲ့အများလှုပ်ခတ်ခဲ့ပါတယ်။ ဒါကြောင့် စက်တင်ဘာလဆန်းကနေ လလယ်အထိ ကားဈေးကွက်အခြေအနေကို လေ့လာကြည့်တဲ့အခါ အရောင်းအဝယ် ပုံမှန်အခြေအနေသာ ရှိနေပါတယ်။

အများစုက ကားတင်သွင်းမှုနဲ့ ပတ်သက်တဲ့မူဝါဒတွေကို ယခုအထိ ခန့်မှန်းရခက်နေသေးပြီး တင်းကျပ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် ကားသစ်တင်သွင်းဖို့ စိတ်အားထက်သန်မှုမရှိကြတော့တာကို တွေ့ရပါတယ်။ အများစုခန့်မှန်းထားကြတာက စက်တင်ဘာလဝန်းကျင်ကနေ နိုဝင်ဘာလအထိ ကားတင်သွင်းမှုတွေ တစ်ရှိန်ထိုးမြင့်တက်လာမယ်လို့ ဆိုခဲ့ကြဖူးတာပါ။ လက်တွေ့မှာတော့ စလစ်ကပ်ကားတွေကို တင်သွင်းမယ်ဆိုရင် ဈေးနှုန်းတွေဟာ မြင့်တက်လာခဲ့ပါပြီ။ စလစ်ဈေးကလည်း ကားဟောင်းအပ်တာတွေနည်းလာတော့ ဈေးမာနေဆဲမို့ ဈေးကွက်မှာ ကားလေလံဆွဲဖို့ နည်းပါးလာပြီး အရောင်းပြခန်းအချို့ကတော့ အလုပ်အကိုင်ကို ရပ်တန့်ဖို့အထိ စဉ်းစားလာကြတာကို တွေ့ရပါတယ်။ ဒါတင်မကသေးပါဘူး။ ရန်ကုန်လိုင်စင်၊ နယ်လိုင်စင်အခွင့်အရေးတွေနဲ့ စည်းမျဉ်းတွေဟာလည်း များပြားတင်းကျပ်လာတဲ့အတွက် ဝယ်ရောင်းအများစုက ကားသစ်ဆိုရင် လုံးဝအရောင်းအဝယ်မလုပ်ကြတာ တွေ့ရပါတယ်။

နယ်လိုင်စင် စတီနံပါတ်တွေဆိုရင် အရောင်းအဝယ် လုံးဝရပ်တန့်နေပြီး ရန်ကုန်လိုင်စင် စတီနံပါတ်တွေကတော့ အနည်းငယ် အရောင်းအဝယ်ရှိနေတာကို တွေ့ရပါတယ်။ စက်တင်ဘာ ၁၇ ရက် ကြားနေရတဲ့ ကားလောကသားများ အဆိုအရ ယခုလထဲမှာပဲ သက်ဆိုင်ရာကနေ အစည်းအဝေး ဆုံးဖြတ်ချက်တွေ ထွက်ပေါ်လာဖို့ရှိနေတယ်လို့သိရပြီး ကြိုတင်ခန့်မှန်းမိသူအများစုကတော့ အရောင်းအဝယ် လုံးဝမလုပ်ကြတော့တာကိုလည်း မြင်တွေ့ရပါတယ်။

ကျွမ်းကျင်သူတွေရဲ့အဆိုအရ ကားဈေးကွက်ရဲ့ လက်ရှိမင်းသားဖြစ်နေတဲ့ စလစ်ဈေးဟာ နောင်နှစ်စလိုက်တာနဲ့ အပြောင်းအလဲ ကြီးကြီးမားမား ဖြစ်နိုင်ခြေရှိတာမို့ ကားလောကသားတွေက စလစ်တွေကို ရာသီကုန်လှောင်သလို အချိန်အခါကြည့်နေကြတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် ပုံမှန်ဈေးကွက်အတွင်းမှာ ရှိနေသူတွေအတွက် လက်ရှိကာလဟာ ဈေးအမြင့်ဆုံး တက်မလားဆိုပြီး စောင့်ကြည့်နေကြရသလို တစ်ဖက်မှာလည်း မူဝါဒသစ် ဘယ်အချိန် ထွက်လာမလဲဆိုတာကိုလည်း မျက်ခြည်ဖြတ်လို့မရတဲ့အခြေအနေနဲ့ ကြုံနေရတာ ဖြစ်ပါတယ်။

ထူးခြားတဲ့ ဈေးကွက် လှုပ်ခတ်မှုမရှိပေမယ့် ကြိုက်ရောင်း၊ ကြိုက်ဝယ်သမားတွေကတော့ လက်ရှိအချိန်ဟာ အရောင်းအဝယ် လုပ်ဆောင်လို့ကောင်းမယ်လို့ ခန့်မှန်းရပါတယ်။ လက်ရှိ စလစ်ဈေးကတော့ ငွေကျပ်သိန်း ၁၁၂ နဲ့ တိုက်ကြေစလစ်က ငွေကျပ် ၁၀၅ သိန်း၊ စက်မှုဇုန်လိုက်ထရပ် အပ်ကားက ငွေကျပ် ၄၅ သိန်း စသည်ဖြင့် ဈေးမာနေတာကို တွေ့ရပါတယ်။ အရောင်းအဝယ်ကတော့ အတော်နည်းနေတယ်လို့ ဆိုရမှာပါ။ ကားအမျိုးအစားတွေထဲမှာတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေကျ အင်ဂျင်ပါဝါ ၁၃၀၀ စီစီ ပတ်လည် ကားလေးတွေက ဦးဆောင်နေပြီး ဒုတိယအဖြစ် ငွေကျပ်သိန်း ၃၀၀ ပတ်လည်သုံးရမယ့် ကားသန့်တွေက အရောင်းအဝယ်ရှိနေတာကို တွေ့ရပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်က တက္ကစီတွေကို နံပါတ်အနက် ပြန်ပြောင်းမယ်ဆိုတဲ့သတင်းကြောင့် ပိုင်ရှင်တွေ မျက်ခုံးလှုပ်နေခဲ့ရပေမယ့် ဒီသီတင်းပတ်မှာ ဝမ်းသာစရာသတင်းကောင်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားခဲ့ပါတယ်။ အဲဒါကတော့ နံပါတ်အနက်ကနေ အနီပြောင်းထားတဲ့ တက္ကစီတွေကို အိမ်စီးနံပါတ်အနက်အဖြစ် ပြန်ပြောင်းဦးမှာ မဟုတ်သေးဘူးလို့ ယာဉ်လိုင်းတွေနဲ့ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့တွေ တွေ့ဆုံတဲ့ စက်တင်ဘာ ၁၅ ရက် အခမ်းအနားမှာ ပြောသွားခဲ့တာဖြစ်ပါတယ်။

စက်တင်ဘာ ၁၈ ရက်အထိ ကနဦးရောက်ရှိနံပါတ်တွေကတော့ တက္ကစီ HH-2384၊ မော်တော်ယာဉ် 9N/6248 နဲ့ စက်မှုဇုန်ကားတွေမှာတော့ 8M/8738 တို့ ဖြစ်တယ်လို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရှိရပါတယ်။

တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားအမျိုးအစားအချို့

ယာဉ်အမျိုးအစား	Model	လိုင်စင်	အင်ဂျင်ပါဝါ	နေရာ	ဈေးနှုန်း
Chevrolet Colorado	2013	ရန်ကုန်	2500cc	အပြင်ဈေး	၂၃၅
Nissan Note	2008	ရန်ကုန်	1500cc	အပြင်ဈေး	၁၃၅
Hiace	2008	ရန်ကုန်	2700cc	အပြင်ဈေး	၃၃၀
Alphard	2005	ရန်ကုန်	3000cc	အပြင်ဈေး	၅၀၀
Fielder	2008	ရန်ကုန်	1800cc	အပြင်ဈေး	၂၄၃
Hijet	2010	ရန်ကုန်	1000cc	အပြင်ဈေး	၁၀၀
Mark X	2011	ရန်ကုန်	2500cc	အပြင်ဈေး	၆၀၀
Luminas	2013	ရန်ကုန်	1500cc	အပြင်ဈေး	၂၀၀
Insight G	2009	ရန်ကုန်	1300cc	အပြင်ဈေး	၁၆၀
Fit Shuttle GP2	2013 (ရုပ်ပြောင်း)	မန္တလေး	1300cc	အပြင်ဈေး	၂၆၅

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

အချပ်ပို (ခ) မှ

နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် ကိုယ်တိုင်ဖောင်ဖြည့်သောစနစ်ဖြစ်၍ သက်ကြီးရွယ်အို၊ မသန်စွမ်းနှင့် စာမတတ်သူတို့ကိုသာ အဖော်ခေါ်ခွင့်ပြုကြောင်း သိရပြီး နံနက်ပိုင်း ပတ်စ်ပို့လျှောက်ရန် တန်းစီရာတွင် ရန်ကင်းပန်းခြံအတွင်း တုံကင်စလစ်ပေးမည်ဟူ၍ လိမ်ညာငွေယူသော ပွဲစားများလည်းရှိကြောင်း သိရသည်။ စက်တင်ဘာလဒုတိယပတ်က ပြည်ပတွင်ဆေးကုသရန် သက်ကြီးရွယ်အိုဇနီးမောင်နှံထံမှ ပွဲစားက ပတ်စ်ပို့အမြန်ပြုလုပ်ပေးမည်ဟူ၍ ငွေများလိမ်သွားသည့်အတွက် ထိုသက်ကြီးရွယ်အို ဆေးကုသမည့်နှစ်ဦးမှာ အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း နိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ရုံးအနီးရှိ စတိုးဆိုင်တစ်ခုမှလည်း ကြားသိရသည်။

"ကျွန်တော်ပတ်စ်ပို့လုပ်တာ ပွဲစားနဲ့လုပ်တာ။မြန်မြန်ရချင်လို့လေ။ ငွေကျပ် ၇၀၀၀၀ ပေးရတယ်။ ဒီနေ့လုပ်တာပါ။ ထိုင်းကိုသွားဖို့အတွက်ပါ။ ဟိုမှာ လူခံရှိတယ်။ အင်းတကော်မှာနေတာ။ လယ်ပဲလုပ်တယ်။ ကျန်တဲ့အချိန် အလုပ်မရှိလို့ ရွာကသွားတဲ့သူတွေအဆက်အသွယ်နဲ့ ထိုင်းမှာအလုပ်လုပ်ဖို့ပါ။ ပတ်စ်ပို့က အရင်လို ကုန်ကျမှုမများတော့ပါဘူး။ မြန်မြန်ရချင်တော့ ပွဲစားနဲ့လုပ်ကြတာများတယ်" ဟု ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်မည့် အင်းတကော်မှ ကိုသန်းထွန်းဦးက ပြောသည်။

မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းမူရင်းဖြင့်သာ လျှောက်ထားနိုင်ပြီး နယ်စပ်များတွင်လည်း ပတ်စ်ပို့များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံကူးလက်မှတ်ရုံးရှေ့ အမှတ်(၁)စက်မှုလမ်းမကြီးပေါ်တွင် ယာဉ်များရပ်နားထား၍ ရန်ကင်းနှင့် တာမွေသို့ ဖြတ်သန်းမည့်ယာဉ်များမှာ ဟွန်းသံတညံညံဖြင့် ရန်ကုန်မြို့၏ နေ့စဉ်ကြုံတွေ့နေရသော ကားလမ်းပေါ်မှ ပုံရိပ်တို့ကိုပြသလျက်ရှိသည်။ ရုံးရှေ့မျက်နှာစာတွင် လမ်းပေါ်ရပ်နားထားသော ကားများနှင့် ဈေးသည်များအား စည်ပင်မှရှင်းလင်းစေလိုကြောင်း၊ ပတ်စ်ပို့လျှောက်ထားရာတွင် အလိမ်ခံရသူတို့မှာ ပြည်ပသို့ ထွက်ခွာရမည့်သူများဖြစ်သည့်အတွက် အမှုမဖွင့်လိုမှုကြောင့် ပွဲစားများ ပို၍ရဲတင်းလာကြခြင်းဖြစ်ကြောင်း၊ ရန်ကင်းရဲတပ်ဖွဲ့ အုပ်ချုပ်ရေးနှင့် ပူးပေါင်းကာ ပွဲစားများအား ရှင်းလင်းရန်ကြိုးစားလျက်ရှိကြောင်းနှင့် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၏ ပုံရိပ်အား ပွဲစားများကြောင့် ထိခိုက်မှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ထပ်မံမှတ်ချက်ပြုပြောကြားခဲ့သည်။